





## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)
အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ်-၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံး- မောင်နေကြည်
အတွင်းပန်းချီ- ကေလတ်
ကွန်ပျူတာ-ဇာနည်ငယ်
စာအုပ်ချုပ်-ဇာနည်
အုပ်ရေ-၁၀၀၀-အုပ်၊၂၀၁၉၊ အောက်တိုဘာလ
တန်ဖိုး-၆၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ်(၂၇)၊ မာန်ပြေ(၁၀)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။
ဖုန်း။ ၀၉၄၂၁၀၅၆၃၅၄၊ ၀၉၄၀၃၇၉၇၀၄၈


# တာတေ

# မပဲဝါရဲ့ကျောက်ရုပ်





## မာတိကာ


၁။ မဖဲ့ဝါရဲ့ ကျောက်ရုပ် စာ – ၅

၂။ လူနက်ကြီး စာ – ၆၂

၃။ တို့ဆေး စာ – ၈၇

၄။ မှင်စာဆိုးပေ စာ – ၁၃၁




## မဖဲ့ဝါရဲ့ကျောက်ရုပ်

အညာမိုးကတော့ ဂျိုးတိုးဂျဲတဲပါဗျာ။
နှမ်းကြဲတဲ့အချိန်မှာ မိုးကလေးတစ်ဖြိုက်လောက်ရွာရင်
ကျုပ်တို့တောင်သူတွေ လွှတ်ပျော်ကြတာဗျ။ နှမ်းပင်လေးတွေ
သလာတဲ့ အချိန်မှာ မိုး တစ်ဖြိုက် နှစ်ဖြိုက် ရွာလို့ကတော့
အညာသား လက်ခမောင်းခတ် တော့တာပေါ့ဗျာ။

အရှောက်ကောင်းကောင်

ပေါင်းရှင်းကြ၊ နွားချေးပက်ကြ၊ လချေးပက်ကြ၊ မျှော်လင့်ချက်ကိုယ်စီနဲ့ ကျုံးရှန်းလုပ်ကြတာဗျို့။ အညာသားဆိုတာ နွားနဲ့အတူရုန်းကြတယ်လို့သာ ပြောတာဗျ။ တကယ်ကတော့ နွားနားသွားလည်း အညာသားက မနားရသေးဘူး။ ပေါင်းနှုတ်ရ၊ မြေဆီပက်ရ၊ ပိုးသတ်ဆေးဖြန်းရနဲ့ ကိုယ့်ယာကို မှန်ကြည့်သလို တစိမ့်စိမ့် ကြည့်နေရတာဗျို့။

တစ်နေကုန် ပင်ပန်းတော့လည်း အိမ်ရောက်ရင် ဘယ်မှ သိပ်မသွားကြတော့ဘူးဗျ။ ငြိမ်ပြီး နားနေကြတာပေါ့ဗျာ။

"အမေ···အဘရော ဘယ်သွားတုံး"

ညနေ ကျုပ်အိမ်ပြန်ရောက်တော့ အဘကို မတွေ့လို့ မေးလိုက်တာဗျ။

"နင့်အဘလား၊ ရွှေတောင်ဦးဘုရား ဂေါပကအစည်းအဝေးရှိလို့ဆိုပြီး သွားလေရဲ့ တာတေရေ"

"ဟင် ဟုတ်လား၊ အစည်းအဝေးက ဘယ်မှာတုံး"

"ရွာဦးကျောင်းမှာလေ၊ ဆရာတော်တွေပါ ပါတယ်တဲ့ ဟဲ့"

"ဘာကိစ္စ စည်းဝေးမှာတုံး အမေရဲ့"

"ဟဲ့ အဲဒါတော့ ငါလည်း မသိဘူး တာတေရဲ့၊ နင့်





အဘ ပြန်လာမှသာ မေးကြည့်ပေတော့ဟေ့"

အဘကို အမေနဲ့ ကျုပ်နဲ့က ထမင်းစားစောင့်နေကြတာဗျ။ ညနေမိုးချုပ်စရောက်မှ အဘက ပြန်လာတယ်။ ထမင်းဝိုင်းက ပြင်ထားပြီးသားဆိုတော့ အဘလည်း ဗိုက်ဆာဆာနဲ့ ဝင်စားတော့တာပေါ့ဗျာ။ ထမင်းစားရင်းနဲ့ပဲ ကျုပ်တို့ စကားပြောကြတယ်။

"ရွာဦးကျောင်းမှာ ဘာအစည်းအဝေး လုပ်တာတုံး အဘရဲ့"

ကျုပ်က အဘကို မေးလိုက်တာဗျ။

"တော့်သားက ကျုပ်ကို မေးနေတာ၊ အဘတို့ ဘာအစည်းအဝေးတုံးတဲ့၊ ငါမသိဘူး နင့်အဘ ပြန်လာမှသာ မေးကြည့်ပေတော့လို့ ပြောထားတာတော့် ကိုဉာဏ်ရဲ့"

အဘက ပြောတယ်။

"ရွှေတောင်ဦးဘုရား မုခ်ဦးမှာ အရုပ်ထုဖို့တဲ့ လူလေးရာ၊ တချို့က ခြင်္သေ့ရုပ် ထုစေချင်တယ်၊ တချို့က ဘီလူးရုပ် ထုစေချင်တယ်ကွ"

"ဘီလူးရုပ်ကြီးတော့ မကောင်းပါဘူးတော်"

အမေက ဝင်ပြောတာဗျ။ ကျုပ်ကတော့ ဘာမှ မပြောဘဲ နားထောင်နေတာဗျ။

"အေး…နှင့်လိုပဲ ငွေစိန်ရဲ့၊ တချို့က ဘီလူးရုပ်ကြီး မကောင်းပါဘူးလို့ ပြောတယ်၊ တချို့ကလည်း ခြင်္သေ့ရုပ်ကြီးတွေက ရိုးနေပါပြီလို့ ပြောကြတယ်။ အဲဒီအထဲမှာ အရှေ့ပိုင်းမှာနေတဲ့ ဘိုးတော်စိန်လို့ ခေါ်တဲ့ ကိုမောင်စိန် ပြောတာကတော့ တော်တော်လေး ထူးခြားတယ် ငွေစိန်ရဲ့"

"ဟင်၊ ဘိုးတော်စိန်က ဘာပြောလို့တုံး၊ ဒီလူကြီးကလည်း နှုတ်ခမ်းမွေးကြီးတွေ မုတ်ဆိတ်မွေးအရှည်ကြီးတွေထားပြီး အညိုဝတ်ကြီး အမြဲဝတ်ထားတာ။ သူ့ကိုယ်သူ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်လိုလို ဘာလိုလို ပုံဖမ်းနေတဲ့လူကြီးလေ၊ ဘာတွေများ မဟုတ်က ဟုတ်ကတွေ ပြောလို့တုံးတော့ ကိုညဏ်ရဲ့"

"ဒီလိုဟေ့၊ သူငယ်ငယ်တုန်းက နေခဲ့တဲ့မြို့မှာ ဆုတောင်းပြည့်စေတီဆိုတာ ရှိတယ်တဲ့၊ စေတီက ရှေးဘုရင်တစ်ပါး တည်သွားတာဆိုပဲ၊ တန်ခိုးလည်းကြီးသတဲ့ဟေ့။ အဲဒီဘုရားရဲ့ လေးဖက်လေးတန်မှာ ဘီလူးရုပ်တစ်ရုပ်စီ ရှိတယ်တဲ့၊ အဲဒီဘီလူးရုပ်တွေအောက်မှာလည်း ဘီလူးနာမည်တွေ ရေးထားတာဆိုပဲ၊ အဲဒီ ဘီလူးလေးကောင်ထဲမှာ တောင်အရပ်က ဘီလူးရုပ်ကြီးက တစ်ခါတလေ ပျောက်နေတတ်သတဲ့"

"ဘာ‥ဘီလူးရုပ်ကြီးက ပျောက်သွားတယ် ဟုတ်လား၊





ဒါကြောင့် ကျုပ်ပြောတာ၊ ဘိုးတော်စိန်ပြောရင် အဲဒီလိုစာတ်လမ်း အထူးအဆန်းတွေချည်းပဲ တာတေရေ"

ကျုပ်ကတော့ အဘ ပြန်ပြောတာကို တော်တော်လေး စိတ်ဝင်စားသွားတာဗျို့။ အမေဖြတ်ပြောတော့ နားထောင်ရတာ တောင် အရှိန်ပျက်သွားတာဗျ။

"အေး၊ အဲဒီဘီလူး ပျောက်ပျောက်နေတာကို တဖြည်းဖြည်း လူတွေသိလာကြရောတဲ့ဟေ့၊ ဒါနဲ့ ဘုရားမှာ အလှည့်ကျ စောင့်ပြီး ဘီလူးကို အကဲခတ်ကြသတဲ့။ တစ်နေ့ကျတော့ ဘိုးတော်စိန်နဲ့ သူ့သူငယ်ချင်းနှစ်ယောက် စောင့်ရတဲ့အလှည့်မှာ ဘီလူးရုပ်က ပျောက်သွားရောတဲ့ဟေ့။ ဒါနဲ့ သူတို့သုံးယောက် ပုန်းပြီး ဘီလူး ဘယ်လိုပြန်ပေါ်လာမလဲဆိုတာ ကြည့်ကြသတဲ့၊ မနက်မိုးလင်းကာနီးတော့ တောင်ဘက်စောင်းတန်းကနေပြီး လူတစ်ယောက် ဘုရားပေါ်ကို တက်လာရောတဲ့ဟေ့၊ ဒီလူက ဟိုကြည့် ဒီကြည့်နဲ့ လုပ်နေတာတဲ့၊ ဘိုးတော်စိန်တို့ကလည်း ၁၄ နှစ် ၁၅ နှစ် အရွယ်တွေဆိုတော့ လွတ်စပ်စုချင်ကြတာပေါ့၊ ပုန်းပြီးတော့ သေသေချာချာ ကြည့်နေတာတဲ့။ အဲဒီလူရဲ့ မျက်လုံးကြီးတွေက ရဲပြီး ပြူးထွက်နေတာဆိုပဲ၊ ပါးစပ်ကလည်း ပြဲပြဲကြီးတဲ့၊ ပါးစပ်မှာ သွေးတွေလည်း ပေလို့တဲ့။ သေသေချာချာ

ကြည့်တော့မှ ပါးစပ်ထဲကနေ ဘေးကို အစွယ်တွေ ထွက်နေတာတဲ့ဟေ့။ ဘိုးတော်စိန်တို့ သူငယ်ချင်းသုံးယောက်လည်း လှုပ်တောင် မလှုပ်ရဲကြတော့ဘဲ တစ်ကိုယ်လုံးတောင် တောင့်တောင့်ကြီး ဖြစ်သွားကြတာတဲ့ဟေ့။

အဲဒီမျက်လုံးနီနီကြီးနဲ့ အစွယ်တွေ ဖွေးနေတဲ့ လူကြီးက ဘီလူးရုပ်ကြီးရှိတဲ့ နေရာကို လှမ်းတက်ပြီး ထိုင်ချလိုက်တာတစ်ခါတည်း ဘီလူးရုပ်ကြီး ဖြစ်သွားရောတဲ့ ငွေစိန်ရေ။ ဒီတော့မှ ဘိုးတော်စိန်တို့ သုံးယောက်လည်း အိမ်ကို ပြန်ချလာကြတာတဲ့ဟေ့"

"ဘီလူးကြီး ပြန်ရောက်လာတော့ ပါးစပ်မှာ သွေးတွေ ပေနေတယ်ဆိုတာ ဘာသဘောတုံး အဘရ"

ကျုပ်ကလည်း စိတ်ဝင်စားတာရှိရင် အောင့်မထားတတ်ဘူးဗျ။

"ဒီလိုကွ၊ ဘိုးတော်စိန်တို့မြို့က ဆင်ခြေဖုံးရွာလေးတွေမှာ ဆိတ်ကို စီးပွားဖြစ် မွေးကြတာတဲ့ လူလေးရ၊ ဘီလူးက အဲဒီဆိတ်တွေကို သွားသွားပြီး သွေးစုပ်တာတဲ့ဟေ့၊ နောက်မှ အနီးအနားရွာတွေက သူတို့ဆိတ်တွေကို ဘာကောင်ကိုက်တာလဲ မသိဘူး၊ တစ်ညကို တစ်ကောင် နှစ်ကောင် သေနေတယ်ဆိုပြီး





သတင်းထွက်လာတာတဲ့ကွ"

"ဟင် နောက်တော့ ဘာဆက်ဖြစ်သေးတုံး အဘရဲ့"

"ဘိုးတော်စိန် ပြောတာတော့ အထက်ပုဂ္ဂိုလ်ကြီးတစ်ပါး ကြွလာပြီး အရုပ်မှာကပ်နေတဲ့ ဘီလူးဝိညာဉ်ကို မောင်းထုတ်ပစ်လိုက်ရတယ်ဆိုပဲ"

"ဘိုးတော်စိန်နဲ့ တွေ့လို့ကတော့ အထူးအဆန်းတွေ ကြားရမှာပဲ ကိုညာဏ်ရေ"

အမေကတော့ ဘိုးတော်စိန် ပြောတာတွေကို အယုံအကြည် သိပ်မရှိတဲ့ပုံပဲဗျ။

"ငွေစိန်ရယ်၊ ဘိုးတော်စိန်က တစ်နေ့ တစ်နေ့ ပုတီးစိပ်၊ တရားထိုင် လုပ်နေတဲ့လူဟဲ့၊ မဟုတ်တာတော့ ပြောမှာမဟုတ်ပါဘူးဟယ်၊ ဒီလောကကြီးမှာက နင်တို့ ငါတို့ မသိတာတွေ အများကြီးရှိတယ် ငွေစိန်ရဲ့၊ ကိုယ်ညာဏ်မမီတဲ့ကိစ္စတွေလည်း အများကြီးပေါ့"

အဘပြောလိုက်တော့ အမေက ဘာမှထပ်မပြောတော့ဘဲ ငြိမ်ပြီးနားထောင်နေတယ်ဗျ။

"ပြောလက်စနဲ့ ပြောရဦးမယ်၊ ငါ ဆယ်နှစ်သား၊ ဆယ့်နှစ်နှစ်သားလောက်တုန်းက ဓာတ်ဂျီရုပ်ကလေးတစ်ရုပ်ကောက်

ရဖူးတယ်။ တွေ့တာတော့ မြို့သွားတဲ့လမ်းမှာ တွေ့တာပဲ၊ ဆရာတစ်ယောက်ယောက် ကျကျန်ခဲ့တာလားတော့ မသိဘူး လူလေးရဲ့၊ ဓော်ဂျီရုပ်ကလေးကို ထုထားတဲ့လက်ရာက တယ်မြောက်တာကိုးကွဲ့၊ နှုတ်ခမ်းမွေးကားကား၊ မုတ်ဆိတ်မွေးနဲ့ ပါးစပ်က ပြုံးနေပြီး မျက်လုံးလေးတွေဆိုတာ တကယ်အသက်ဝင်နေသလား မှတ်ရတယ်။ ပန်းပုဆရာက ပန်းချီလည်း တော်တော်နိုင်တာကွ၊ တောင်ဝှေးလေးထောက်ပြီး မတ်တတ်ရပ်နေတဲ့ပုံလေး လူလေးရ။ ငါလည်း အရုပ်ကလေးကို သဘောကျတော့ ကောက်ယူလာခဲ့တာပေါ့ကွာ၊ အရုပ်ကလေးကို ဘယ်လောက်သဘောကျသလဲဆိုရင် ညအိပ်ရင်တောင် အိပ်ရာထဲမှာ ထားအိပ်တာကွ၊ နောက်တော့ ငါ့ကို အိပ်မက်ပေးတယ်ဟေ့"

"တော့်အရုပ်က တော့်ကို အိပ်မက်ပေးတာလား"

အမေက ဝင်ပြီးမေးလိုက်တာဗျ။ အဘက ငုံ့ထားတဲ့ ရေနွေးကြမ်းပန်းကန်ကို "ဖူး"ကနဲ တစ်ချက်တည်း စုပ်သောက်ပြီး မော့ချလိုက်တယ်။

"ဒါပဲဖြစ်မှာပေါ့ ငွေစိန်ရယ်"

"ကိုညာဏ်ရယ် ဓော်ဂျီကတော့ တော့်ကို အိပ်မက်လာပေးမလားတော်"





"အေး အဲဒါကြောင့် ပြောတာပေါ့ ငွေစိန်ရဲ့၊ လောကမှာ ကိုယ်မသိတဲ့အကြောင်းတွေ အများကြီးပါလို့၊ ကဲ ငါပြောတာ လည်း နင်ဆုံးအောင် နားထောင်စမ်းပါဦးဟယ်"

"ပြောပါ အဘရဲ့၊ ဆက်ပြောစမ်းပါ၊ ကျုပ် တော်တော် စိတ်ဝင်စားသွားပြီဗျ၊ အဘကို ဘယ်လိုအိပ်မက်ပေးတာလဲ"

"အောင်မယ်လေးတော်၊ ကိုစပ်စုတို့သားအဖကတော့ လိုက်လည်း လိုက်ပါပေရဲ့၊ တကယ်တော့ တော့်သားက တော့်ကို ဘူတာ ကိုညာဏ်ရဲ့၊ အင်မတန် စပ်စုချင်တာလေ"

အဘက အမေ့ကို ဘာမှပြန်မပြောတော့ဘဲ ကျုပ်ကိုပဲ ဆက်ပြောပြတယ်ဗျ။

"အိပ်မက်က ဒီလိုကွ လူလေးရ၊ 'ဟဲ့ ညာဏ် အိပ်မနေ နဲ့ထ၊ နင့်ကို ငါ ရွှေအိုးပေးမလို့' ဆိုပြီး ငါ့ကို နှိုးတာကွ၊ ငါက နိုးသွားပြီး ပြန်အိပ်တာပေါ့ကွာ။ 'ဟဲ့ ညာဏ် ထ၊ အိပ်မနေ နဲ့ နင့်ကို ငါ ရွှေအိုးပေးမလို့' ဆိုပြီး နှိုးပြန်ရောဟေ့။ တစ်ညကို သုံးခါ အမြဲနှိုးတယ်ကွ၊ ဒါနဲ့ ငါလည်း တစ်ညမှာ အိပ်ရာထဲဝင် တော့ ဓော်ဂျီရုပ်ကို ကိုင်ပြီး 'နှိုးချည်းမနေနဲ့ အိပ်ရေးပျက်တယ်၊ ဘယ်မှာသွားတူးရမလဲ တိတိကျကျပြော' လို့ ပြောလိုက်တော့ ငါ့ကို အိပ်မက် ထပ်ပေးတယ်ကွ။ 'အခုထ၊ ပေါက်တူးယူပြီး

ငါ့နောက်က လိုက်ခဲ့" လို့ အိပ်မက်ပေးပြန်ရောဟေ့။ ဒါနဲ့ ငါလည်း အဆင်သင့်ရှိတဲ့ ပေါက်တူးကိုယူပြီး အပြင်ကို တံခါးဖွင့်ထွက်လိုက်တယ်။ အိမ်သားတွေကတော့ အိပ်ပျော်နေကြတာပေါ့ကွာ၊ ငါ့ရှေ့ မနီးမဝေးကနေ အရိပ်လိုလို လူလိုလို ပုံစံတစ်ခုသွားနေတာဟေ့။ ငါလည်း ပေါက်တူးထမ်းပြီး လိုက်တာပေါ့၊ သူက ရွာပြင်ကို ထွက်သွားတယ်၊ ငါလည်း အရွာပြင်ကို ထွက်လိုက်တာပဲ။ ငါ့ကို ဘိုးလှုနီတို့ယာထဲ ခေါ်သွားတယ်၊ ငါကလည်း ပေါက်တူးထမ်းပြီး လိုက်တာပဲဟေ့၊ ယာထဲက သမုန်းပင်ကြီးအောက်ရောက်တော့ မည်းမည်းအရိပ်က ခဏရပ်နေတယ်၊ ပြီးတော့ ဖျတ်ကနဲ ပျောက်သွားရောဟေ့။ ငါလည်း အဲဒီနေရာကို ပေါက်တူးနဲ့ တူးတော့တာပေါ့ကွာ၊ တော်တော်လေး တူးမိတော့ သွားတွေ့တော့တာပဲဟေ့"

"ဟာ...အဘတွေ့တာ ရွှေအိုးကြီးလားဗျ"

ကျုပ်က တအံ့တဩ မေးလိုက်တာဗျို့။

"ဘယ်က ရွှေအိုးရမှာလဲကွာ"

"ဟင်၊ ဒါဆိုရင် ဘာကိုတွေ့တာတုံး"

"လူသေကောင်ကြီးကွ"

"ဗျာ၊ လူသေကောင်ကြီး ဟုတ်လား အဘ"





"ဟုတ်ပါ့ဗျာ၊ ယောကျ်ားအလောင်းကွ၊ ငါတူးရင်းနဲ့ မျက်နှာကြီး ပေါ်လာတာ၊ လရောင်အောက်မှာ အထင်းသားကြီးကွာ၊ နှုတ်ခမ်းတွေက တိုတက်နေပြီး သွားကြီးစိလို့ကွာ"

"ဟာ၊ ဒီတော့ အဘ ဘာလုပ်တုံး"

"ဟ ဘာလုပ်ရမှာတုံး လူလေးရ၊ ပြေးတာပေါ့ကွ"

"ဟာ အဘ တော်တော်ကြောက်သွားလား"

"ကြောက်တာမှ ခေါင်းကဆံပင်တွေတောင် အပေါ်ကို ထောင်ကုန်တာဟေ့၊ တစ်ကိုယ်လုံး ကြက်သီးတွေ ထလိုက်တာ မပြောပါနဲ့တော့ကွာ၊ ပေါက်တူးကိုင်ပြီး အိမ်ရောက်အောင် စွတ်ပြေးတာ အိမ်ရောက်တော့ အမောဆို့ပြီး အသက်တောင် မရှူနိုင်ဘူး လူလေးရေ၊ ကံကောင်းလို့ အမောဆို့ပြီး မသေတာဟေ့"

"အဘ အဲဒီဖော်ဂျီရုပ်ကို ဘာပြောလိုက်တုံးဗျ"

"ဘာမှမပြောဘူးဟေ့၊ အိမ်ပေါ်တက်ပြီး အိပ်ရာထဲက ဖော်ဂျီရုပ်ကို ဝိုင်းထဲယူလာပြီး ချက်ချင်း မီးနဲ့ရှို့ပစ်လိုက်ရော လူလေးရေ"

"အဘတွေ့ခဲ့တဲ့ လူသေကောင်ကြီးကို ရွာသားတွေ မတွေ့ကြဘူးလား"

“နောက်နေ့ မနက်စောစော ရွာသားတွေ ယာထဲမဆင်းခင် ငါသွားကြည့်တော့ ဘာမှမတွေ့ဘူးကွ၊ ငါတူးထားတဲ့ အရာတောင် မရှိဘူး”

“ဟာ…ဟုတ်လား အဘ”

“ငါ့ကို သရဲက နောက်သွားတာပေါ့ကွာ”

“သရဲ ဟုတ်လား အဘ၊ ဇော်ဂျီ မဟုတ်ဘူးလား”

“ဘယ်က ဇော်ဂျီ ဟုတ်မလဲ လူလေးရဲ့၊ အရုပ်ကလေးမှာ သရဲဝင်ကပ်နေတာပေါ့ကွ”

“အဘ မီးနဲ့ရှို့တော့ ဘာမှမဖြစ်ဘူးလား”

“ဘာမှမဖြစ်ပါဘူးကွာ၊ ငါကလည်း ကြောက်တော့ ဒီအတိုင်း ရှို့တာတော့ မဟုတ်ဘူးကွ၊ သမ္ဗုဒ္ဓေဂါထာကို ပါးစပ်က မပြတ်ရွတ်ပြီး ရှို့တာလေကွာ၊ အဲဒါကြောင့်လားတော့ မသိဘူးကွ”

ကျုပ်က အဘပြောတာကို တွေးနေတာဗျ။

“ဒါနဲ့ နေပါဦး ကိုညာဏ်ရဲ့၊ တော်တို့ အစည်းအဝေးက နောက်ဆုံး ဘာရုပ်ထုမယ်လို့ ဆုံးဖြတ်လိုက်တုံး”

“နတ်သားရုပ်နှစ်ရုပ်ထုဖို့ ဆုံးဖြတ်လိုက်တယ်ဟ၊ အဲဒါ ရွာဦးကျောင်းဆရာတော်ရဲ့ ဆန္ဒပဲ ငွေစိန်ရဲ့”





“ဟာ အဲဒါ အကောင်းဆုံးပေါ့တော်”

“အားလုံးကလည်း သဘောတူကြပါတယ်၊ ပန်းပုဆရာတောင် ရွေးလိုက်ကြပြီလေ”

“ဘယ်က ပန်းပုဆရာတုံးတော့”

“မန္တလေးကပဲ ငွေစိန်ရဲ့၊ တော်တော် တော်တယ်ပြောတာပဲ၊ ဆရာတော်ကလည်း အဲဒီလူကို သဘောကျတယ် ပြောတယ်ဟဲ့”

ကျုပ်ကတော့ ဇော်ဂျီရုပ်ကလေးမှာ ဝင်ကပ်ပြီး အဘကို အကွက်ကျကျ ခြောက်သွားတဲ့ သရဲကို တော်တော်စိတ်ဝင်စားသွားတာဗျို့။

လောကကြီးမှာလည်း မထင်မှတ်တဲ့ အရာတွေဟာ မထင်မှတ်တဲ့အချိန်မှာ ပေါ်လာတတ်တယ်ဗျ။

ကျုပ်တို့ရွာမှာ လေဆင်နှာမောင်း တိုက်လို့လေဗျာ။ ကျုပ်တစ်သက်ဖြင့် တစ်ခါမှကို မမြင်ဖူးပါဘူးဗျာ။ ဘယ်ကနေ ပေါ်လာတဲ့ လေဆင်နှာမောင်းကြီးမှန်းလည်း မသိပါဘူးဗျာ။ ဆင်နှာမောင်းကြီးလို မည်းမည်းကြီး ရွေ့လာတာဗျ။ ကောင်းကင်မှာ ရွေ့လာတဲ့ မည်းမည်းကြီးဗျို့။ မြေကြီးပေါ်ကို ဆင်နှာမောင်းလို မည်းမည်းအတန်းကြီးက ကျနေတာ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဆိုတဲ့ အသံကြီးကို အဝေးကြီးကတည်းက ကြားနေရတာဗျ။ တော်သေးတာပေါ့ဗျာ။ ရွာတွေပေါ်ကို မဖြတ်ဘဲ ယာတောတွေထဲက ဖြတ်သွားပေလို့ပေါ့ဗျာ။ ရွာတွေပေါ်က ဖြတ်လို့ကတော့ အိမ်တွေ ကျွတ်ပါသွားမလားတောင် ထင်ရတယ်ဗျ။

လေဆင်နှာမောင်းကြီး တိုက်သွားပြီး နောက်တစ်နေ့မှာပဲ အထူးအဆန်းတွေ ကြားရတော့တာဗျို့။ ယာကွက်တွေထဲမှာ ဆိတ်သေကောင်တွေ၊ စက်ဘီးတွေ ရလို့ဆိုပဲ။ လေဆင်နှာမောင်းကြီးနဲ့ ပါလာတာတွေ ဖြစ်မှာပေါ့ဗျာ။ အဲဒီမှာ ထူးထူးခြားခြား ပါလာတာက ဘီလူးရုပ်တစ်ရုပ်ဗျ။ ဘိုးညီလေး ယာထဲမှာ ကျနေတာ။ လူတွေက စက်ဘီးတွေ၊ ဆိတ်တွေတော့ ကောက်သွားကြတာပေါ့ဗျာ။ ဒီဘီလူးရုပ်ကြီးကျတော့ ဘယ်သူမှ မယူဘူးဗျ။

ဘယ်အရပ် ဘယ်ဒေသက ပါလာတဲ့ ဘီလူးရုပ်မှန်းတော့ မသိဘူးဗျ။ ထုထားတဲ့လက်ရာကတော့ တော်တော်ကောင်းတယ်။ ဘီလူးပုံက မတ်တတ်ရပ်ပုံဗျ။ ပခုံးပေါ်မှာ သန်လျက်ထမ်းထားတယ်။ အရုပ်ကို ခြယ်ထားတဲ့ ဆေးကလည်း တော်တော်ကို သစ်သစ်လွင်လွင်ပဲ ရှိသေးတာဗျ။ ကျုပ်စိတ်ထင်တော့ ပန်းပုဆရာ ရုပ်တုထုပြီးရုံမှာပဲ လေဆင်နှာမောင်းကြီးနဲ့

င





...လာတာဖြစ်မယ်ဗျ။ အမြင့်ကတော့ သုံးတောင်လောက်... ရှိတာ ။ သိပ်အကြီးကြီးတော့ မဟုတ်ပါဘူး။

ဒီဘီလူးရုပ် ရောက်လာတာနဲ့ ကျုပ်တို့ရွာက ...ကြီးတွေ ...ါင်းချင်းရိုက်ကြတော့တာပေါ့ဗျာ။ ဒီဘီလူးရုပ်ကို ...ထဲတော့ ...သယ်ချင်ကြဘူးဗျ။ ရွာနိုက်မှာ စိုးရိမ်ကြတယ်။ ...နဲ့ပဲ ဘိုးညီ...းက သူ့ယာထဲမှာပဲ ထားလိုက်မယ်ပေါ့ဗျာ။ ဒါ... တော့လည်း ...သင့်လျော်ဘူးပေါ့ဗျာ။ ဒါနဲ့ နောက်ဆုံးတော့ ရွာ...ကျောင်းဆရာ...ဘ်ကို လျှောက်ပြီး ရွှေတောင်ဦးဘုရားမှာ... ...နဲ့ သဘောတူ...်ကြတယ်။

သုံးတောင်လောက်ရှိတဲ့ ဘီလူးရုပ်ကို... ...အားတွေ ဝိုင်းမ...း လှည်းနဲ့ သယ်ရတာပေါ့ဗျာ။ လှည်း... ...ထဲက မဖြတ်ဘဲ ...ပြင်က ပတ်သွားပြီး ရွှေတောင်ဦးဘ... ဘီလူးရုပ် သွားပို့...တယ်။

ဟိုရောက်တော့ လူကြီး... ...းတဲ့နေရာမှာ ဘီလူး...ကို ထားလိုက်ကြတယ်။ ဘု... ...ာင်ဘက်မှာဗျ။ ရှားဖြူ...ကြီးတွေရှိတဲ့ဘက်မှာ ထား... ...တ။

"တို့ဘုရားကို စောင့်ရှေ... ...နဲ့ ဘီလူးရောက်လာတာ"

လို့ ရွာသားတွေက ပြောကြတယ်ဗျ။ ကျုပ်တို့ရွာသား

တွေလေ့ ဘီလူးကြည့်ပွဲကြီး လုပ်ကြတော့တာပေါ့ဗျာ။ ဘီလူး ရုပ်ကို ထူးအဆန်းလုပ်ပြီး သွားကြည့်ကြတော့တာပေါ့ဗျာ။ ကျုပ်တို့ သားတွေတင်မကဘူးဗျ။ ဘန့်ဘွေးကုန်းသားတွေပါ ပါတယ်။ လူးလာကြည့်ကြတာ။ ညနေဘက်ဆိုရင် ဘုရားမှာ လူကိုစည်လို့ဗျ။

အင် ကော့ ကြည့်တာပဲဗျ။ နောက်တော့ ကြည့်ရုံတင် မဟုတ်တော့ ကြ ဗျ။ ပန်းဆက်တဲ့လူကဆက်၊ မီးထွန်းတဲ့လူကထွန်း၊ သစ်သီးဆက် ကြ ကဆက်နဲ့ ဖြစ်ကုန်ကြရောဗျို့။

လေ စ်မှာ မောင်းနဲ့ ဘယ်ကပါလာမှန်း မသိတဲ့ ဘီလူး က ကျုပ်တို့ရွာ တစ်ရုပ် တောင်ဦးဘုရားမှာ လာပြီး နေ့ချင်း ညချင်း ကြီးပွားနေတာ

တစ်ယော စရှိခိုးတော့ နောက်တစ်ယောက်က လည်း ရှိခိုးပေါ့ဗျ ဘက်က ဆုတောင်းတော့ နောက် တစ်ယောက်ကလည်း င်းပေါ့ဗျာ။ ဒီလိုနဲ့ သူ့ကို ဘယက္ခ ကြီး စောင့်ရ ဘယက္ခကြီး စောင့်ရှောက်တယ်နဲ့ သတင်းတွေ ဗျာ။ ဘယက္ခကြီးကို အစိဋ္ဌာန်ပြီး ကျောက်သွားရ က်အောင်လို့ဆိုပြီး ဘန့်ဘွေးကုန်းက ကိုတင်မောင် က ဘယက္ခကြီးကို အစိုးအကာတွေ





ဆောက်ပြီး လှူတော့ ဘီလူးမှာ ဗိမာန်တွေ ဘာတွေ ရလို့ပေါ့ဗျာ။ ယောင်းတိုင်မီးကလည်း တထိန်ထိန်နဲ့ဗျ။ သဘော်သီး၊ ငှက်ပျော သီး၊ သရက်သီးမှည့် ဆိုတာတွေကလည်း မပြတ်ဘူးဗျ။ ပန်းတွေ လည်း ဝေလို့။ ကျုပ်တို့ရွာသူရွာသားတွေများ ချမ်းသာမယ် ဆိုလို့ကတော့ ဘီလူးလည်း ရှိခိုးလိုက်တာပဲဗျ။

ကျုပ် သတိထားမိတာကတော့ ဖဲသမားတွေဗျ။ ဟိုရွာ ရွာတွေ သွားပြီး ဖဲရိုက်တော့မယ်ဆိုရင် ရွှေတောင်ဦးက ဘီလူး ကြီးဆီကို သွားပြီး…

"ဘယက္ခကြီးဗျာ၊ ကျုပ်ကို ဖဲနိုင်အောင် လုပ်ပေးပါ၊ ျုပ်ဖဲနိုင်ရင် ဘယက္ခကြီးကို အမဲသားဟင်း ကျွေးပါ့မယ်"

ဆိုပြီး ဖဲသွားရိုက်ကြတယ်။ နိုင်တာပဲတဲ့ဗျ။ အဲဒီလိုနိုင် င် အမဲသားတစ်ပိဿာ နှစ်ပိဿာ ဝယ်ချက်ပြီး ရွှေတောင်ဦး ရားကုန်းနဲ့ မနီးမဝေးမှာ ဘီလူးကြီးကိုခေါ်ပြီး အမဲသား ကျွေး တယ်ဆိုပဲဗျ။

ဒါလည်း တိုးတိုးတိတ်တိတ်ပြောတဲ့ သတင်းတွေပေါ့ ။ တကယ်ဟုတ် မဟုတ်တော့ ကျုပ်လည်း မသိဘူးဗျ။ ပေမဲ့ လူတွေကတော့ ဘယက္ခ၊ ဘယက္ခနဲ့ ဘီလူးရုပ်ကြီးကို တို့ဘိုးအေကြီးလိုကို ပြောဆိုနေကြတာဗျ။

ဒီလိုနဲ့ ဒီဘီလူးကြီးက တော်တော်လေး ကျော်ကြားနေတော့တာပေါ့ဗျာ။ ထနောင်းကုန်း၊ ဘန့်ဘွေးကုန်းတင်မကတော့ဘဲ မီးလောင်ကုန်း၊ ငွေတွင်းကုန်း၊ ဆပ်သမြောင်ဘက်တွေကပါ လာပြီး ဘီလူးကြီးကို တင်ကြ မြှောက်ကြ လုပ်နေကြတော့ ရွာဦးကျောင်းဆရာတော်ကြီးလည်း တော်တော်ကို စိတ်ဆင်းရဲနေရှာတာဗျ။

လေဆင်နှာမောင်းနဲ့ ပါလာတဲ့ ဘီလူးရုပ်ကြီးက ဘုရားထက်တောင် တန်ခိုးထွားသလို ဖြစ်နေတော့ ဆရာတော်လည်း စိတ်မကောင်းဖြစ်တော့တာပေါ့ဗျာ။

တစ်ရက်တော့ ကျုပ်တို့ရွာမှာ ဘီလူးပြဲသနာ စရောဗျို့။ ဘန့်ဘွေးကုန်းက ဖဲသမားနှစ်ယောက်ဗျ။ ကိုထိန်နဲ့ ကိုပွကြီးတို့ဗျို့။ အချိန်က ညရှစ်နာရီလောက်ပေါ့ဗျာ။

"ကယ်ကြပါဦးဗျို့၊ ကယ်ကြပါဦးဗျို့"

"ဟဲ့ ဘာသံတုံး၊ ဘာဖြစ်တာတုံး"

"ဘယ်သူ အော်တာတုံး"

ကျုပ်တို့တစ်ရွာလုံး တိတ်သွားတာဗျို့။ ရွာအရှေ့ဘက်က အော်ပြေးလာတဲ့ အသံဗျ။ ရွာလယ်ဝိုင်းလောက်ရောက်တော့ အော်သံပျောက်သွားတယ်။





ကျုပ်လည်း ဝိုင်းထဲက ထွက်လာပြီး ရွာလယ်ဝိုင်းကို ထွက်ခဲ့တယ်။ ကျုပ်လိုပဲ လူတွေလည်း ထွက်လာကြတာပေါ့ဗျာ။ ဘထွေးမိုးညိုတို့ ဝိုင်းထဲကို လူတွေဝင်သွားတာတွေ့လို့ ကျုပ်လည်း ဝင်လိုက်လာတာဗျ။

"တာတေ လုပ်ပါဦးဟ၊ ပွကြီးနဲ့ ငထိန် သတိမရတော့ဘူး"

ဘထွေးမိုးညိုက ကျုပ်ကို တွေ့တွေ့ချင်း ဆီးပြောတာဗျ။

"ဘာဖြစ်လို့တုံး ဘထွေး၊ ကိုပွကြီးတို့ ဘာဖြစ်တာတုံး"

ကိုပွကြီးရော၊ ကိုထိန်ရော နှစ်ယောက်စလုံး ဘထွေးတို့ဝိုင်းထဲက ကွပ်ပျစ်ပေါ်မှာ စန့်စန့်ကြီးတွေ သတိမေ့နေကြတာဗျ။

"ဒီကောင်တွေ တစ်ခုခုကို လန့်လာတာကွ၊ ငါ ရေနွေးတောက်တာလည်း သတိမရဘူးကွ တာတေရ၊ မင်းမှာ ဆေးလေးဝါးလေးရှိရင် မြန်မြန်ပြန်ယူပါကွ"

ဒီတော့မှ ကျုပ်လည်း သတိရပြီး အိမ်ကို အပြေးပြန်ခဲ့ရတယ်။ သစ်စုန်းဆေးတော်ကို ကပျာကယာခြစ်ပြီး ရေခွက်ကလေးထဲ ထည့်လိုက်ပြီး ဘထွေးမိုးညိုတို့ဝိုင်းကို ခပ်မြန်မြန်ပြန်ပြေးခဲ့ရတယ်။ ဝိုင်းကြည့်နေတဲ့ လူအုပ်ကြီးထဲကို တိုးဝင်ပြီး ကိုပွကြီးနဲ့ ကိုထိန်ကို သစ်စုန်းဆေးတော် ထည့်ထားတဲ့ရေစင်နဲ့

မျက်နှာကို တောက်ပေးလိုက်တာ နှစ်ယောက်စလုံး သတိရလာကြရောဗျို့။

သတိရလာတော့ နှစ်ယောက်စလုံး ငေါက်ကနဲ ထထိုင်ကြတယ်။ ဒါပေမဲ့ မျက်လုံးတွေက ဘာမှအသိမရှိသလိုပဲဗျ။

"တာတေ လုပ်ဦးကွ၊ သတိမဝင်သေးဘူး"

ဘထွေးမိုးညို ပြောတော့မှ ကျုပ်က သူတို့ခေါင်းကို သစ်စုန်းဆေးတော်ရည်နဲ့ တောက်ပေးပြီး နည်းနည်းစီသောက်ခိုင်းလိုက်တယ်။ ဒီတော့မှ ကိုပွကြီးရော ကိုထိန်ရော သတိကောင်းကောင်းရသွားတာဗျို့။

"ဟေ့ကောင်နှစ်ကောင် မင်းတို့ ဘာဖြစ်လာတာတုံး"

ဘန်ဒွေးကုန်းသားနဲ့ ထနောင်းကုန်းသား ဆိုတာက လူခင်တွေလေဗျား ညီအစ်ကိုတွေလို နေကြတာဆိုတော့ မေးတော့တာပေါ့"

"ကျုပ်နဲ့ ပွကြီးနဲ့ မြို့တက် ဖဲရိုက်တာ နိုင်လာလို့ဗျ၊ အဲဒါ ကတိပေးထားတဲ့အတိုင်း ဘယက္ခကြီးကို လာကျွေးကြတာဗျ"

ကိုထိန်က ပြောပြတာဗျို့။ ကျုပ်တို့ရွာသားတွေက ငြိမ်ပြီး နားထောင်နေကြတာပေါ့ဗျာ။





"မင်းတို့ ဘာတွေ လာကျွေးတာတုံး"

"ထမင်းနဲ့ အမဲသားဟင်း ချက်ကျွေးတာဗျ"

"ကျွေးတော့ ဘယက္ခကြီးက စားရောလား၊ မင်းတို့ ဘုရားပေါ် တက်ကျွေးတာလား"

"ဘုရားပေါ်မှာ မဟုတ်ပါဘူးဗျာ၊ ဘုရားကုန်းနားက ညောင်ပင်ကြီးအောက်မှာ ငှက်ပျောဖက်ခင်းပြီး ကျွေးတာပါ။ စားမစားတော့ မသိဘူးဗျ၊ ကျုပ်တို့က အနားမကပ်ရဲလို့ ခပ်လှမ်းလှမ်းက သွားကြည့်နေတာ"

"အဲဒါနဲ့ ဘာလို့အော်ပြေးရတာတုံး"

"ဟောဒီကောင် ငပွပေါ့ဗျာ၊ ပါးစပ်သွားဆော့လိုက်လို့ ဘာ"

"ဟေ...ငပွက ဘယ်လိုပါးစပ်ဆော့လို့တုံးကွ"

ဘထွေးမိုးညိုက ကိုထိန်တို့နှစ်ယောက်ကို ကြည့်ပြီး မေးလိုက်တာဗျ။

"ဘယက္ခကြီးဗျာ၊ ကျုပ်တို့ ဘယက္ခကြီးကို တွေ့ချင်မြင်ချင်ကြလို့ ကိုယ်ထင်ပြပေးပါဗျာလို့ သွားပြောလိုက်တာ ကိုကြီးမိုးညိုရေ"

"ဟေ...ဟုတ်လား၊ ဒီတော့ ဘယက္ခက ကိုယ်ထင်ပြ

ရောလားကွ''

''ပြလိုက်တာမှ နဲနဲနောနောကြီး မဟုတ်ပါဘူးဗျာ၊ ဆယ်ပေလောက် ရှိတယ်ဗျ၊ ကိုယ်လုံးကြီးက စပါးတစ်ရာဆန့်တဲ့ ရာဝင်ပုတ်ကြီးလောက် ရှိတယ်ဗျ၊ မျက်လုံးကြီးတွေက ဟင်းသောက်ပန်းကန်လုံးကြီးတွေလောက် ရှိတာဗျ၊ ပါးစပ်ကြီးက တစ်ပေလောက် ကျယ်တယ်ဗျ၊ ပါးစပ်ထဲမှာ အစွယ်ကြီးတွေမှ ဖွေးနေတာပဲဗျာ။ ပါးစပ်ကြီး ဟပြတာ လျှာကြီးက မျက်နှာသုတ်တဲ့ တဘက်ကြီးလောက် ရှိတယ်ဗျ၊ ရဲပြီး အောက်ကိုတွဲလောင်းကြီး ကျနေတာဗျ။ ကိုယ်မှာတော့ ပုဆိုးကွက်တုံးကြီး ဝတ်ထားတယ်၊ အပေါ်ပိုင်းမှာ အင်္ကျီမပါဘူး၊ အမွေးတွေ ကျိုးတိုးကျဲတဲ ပေါက်နေတယ်ဗျ။ အဲဒါကြီး ဘွားကနဲပေါ်လာရော ကျုပ်နဲ့ ငမွဆိုတာ ကြက်သေသေပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတော့တာဗျ။ ခဏကြာမှ ကျုပ်က သတိဝင်လာပြီး 'ငမွ ပြေး' လို့ ပြောပြီး သူ့ကို လက်နဲ့ပုတ်လိုက်တော့မှ ဒီကောင်လည်း သတိဝင်သွားပြီး နှစ်ယောက်သား ပြေးကြတော့တာဗျို့။ ပြေးရင်းနဲ့ ဘာတွေအော်လို့ အော်မိမှန်းကို မသိတော့ပါဘူးဗျာ။ ဘယ်ရောက်လို့ရောက်သွားမှန်းလည်း မသိတော့ဘဲ သတိလစ်သွားတာဗျ။ ခုမှပဲ အားလုံးကို ပြန်မှတ်မိတော့တာ ကိုကြီးမိုးညိုရဲ့''





''မင်းတို့တွေ တာတေရှိလို့ ကံကောင်းသွားတာ၊ ဒါ အကြောက်လွန်ပြီး လိပ်ပြာလွင့်သွားတာကွ၊ တာတေ့မှာ ဆေးကောင်းဝါးကောင်းတွေရှိလို့ သတိပြန်ရသွားတာ''

''ကျေးဇူးတင်ပါတယ် တာတေရာ''

ကိုထိန်က ကျုပ်ပခုံးကိုဖက်ပြီး ပြောတယ်ဗျ။ ခက်တာက သူတို့နှစ်ယောက် ဘန်ဒွေးကုန်းကို မပြန်ဝံ့တော့တာဗျ။ ဒါနဲ့ပဲ ကျုပ်တို့ ဆယ်ယောက်စုပြီး ကိုထိန်နဲ့ ကိုပွကြီးကို ဘန်ဒွေးကုန်းအထိ ပြန်ပို့ပေးလိုက်ကြရတယ်။ အဲဒီအဖွဲ့ထဲမှာ ကျုပ်လည်း ပါတယ်ဗျ။ လမ်းမှာ ကိုထိန်နဲ့ ကိုပွကြီးတို့နှစ်ယောက် တအားကြောက်နေကြလို့ ကျုပ်တို့အဖွဲ့က သူတို့ကို အလယ်မှာထားပြီးတော့ကို ပို့လိုက်ရတာဗျို့။

လေဆင်နှာမောင်းကြီးနဲ့ ပါလာတဲ့ ဘီလူးရုပ်ကြီးကတော့ ပြဿနာဖြစ်ပြီပေါ့ဗျာ။ တကယ်တော့ ဒီဘီလူးရုပ်ကြီးမှာ ဘီလူးဝိညာဉ် ပါလာတာ ဟုတ်ချင်မှလည်း ဟုတ်မယ်ဗျ။ ကျုပ်တို့ဆီကလူတွေက သဲသဲလှုပ်ဖြစ်ကြပြီး ဟိုဟာကျွေး ဒီဟာကျွေးတွေ လုပ်ကြလို့ အပက ဘီလူးဝိညာဉ်ဖြစ်ဖြစ်၊ သရဲဝိညာဉ်ပဲဖြစ်ဖြစ်၊ မြေဘုတ်ဝိညာဉ်ပဲဖြစ်ဖြစ် တွယ်ကပ်လာတာလည်း ဖြစ်နိုင်တယ်ဗျ။

ဘာပဲဖြစ်ဖြစ် ပြဿနာတော့ ဖြစ်ပြီပေါ့ဗျာ။ ကျုပ်တို့ ရွာသားတွေရော၊ ဘန့်ဘွေးကုန်းရွာသားတွေရော၊ မီးလောင်ကုန်း ရွာသားတွေရော တော်တော်တော့ ရယ်စရာကောင်းသားဗျ။ ပန်းတွေ သစ်သီးတွေ အလုအယက် လာဆက်ကြ၊ ဖဲသမားတွေကလည်း တိုးတိုးတိတ်တိတ် အမဲသားကျွေးလို ကျွေးကြနဲ့ လုပ်ကြတာလည်း သူတို့ပဲဗျ။ ကိုထိန်နဲ့ ကိုပွကြီးတို့ရဲ့ သတင်းက ရွာတွေကို ပျံ့သွားတော့ ကြောက်ကုန်ကြပြီး တစ်ယောက်မှကို မကပ်ရဲကြတော့ဘူးဗျို့။

ရွာတွေမှာ လူကြီးတွေက မိန်းကလေးတွေကို နောက်ကြပြောင်ကြတယ်ဗျ။

"ဟဲ့ ဝိုင်းစိန်၊ နင့်ဘယက္ခကြီး ဆာနေရှာမယ်ဟဲ့၊ ငှက်ပျောသီးလေး၊ သဘော်သီးလေး သွားဆက်လိုက်ဦးလေ"

"တော်ပါ ဘိုးညိုရယ်၊ အစွယ်ပြူးပြူးကြီးတွေနဲ့ ထလိုက်လို့ ပြေးပေါက်မှားနေပါဦးမယ်တော်"

"ဟာ မကြောက်ပါနဲ့ ဝိုင်းစိန်ရဲ့၊ ဘန့်ဘွေးကုန်းက ငပွကြီးက ပြပါ၊ ပြပါလို့ ပြောလို့ ဟိုက ပြထည့်လိုက်တာပါဟယ်၊ အဲဒီလို မပြောရင် ဘယက္ခကြီးက မပြပါဘူးဟဲ့၊ သွားသာ သွားစမ်းပါ ဝိုင်းစိန်ရယ်"





"တော်ပါပြီ ဘိုးရယ်၊ ဘယက္ခကြီးပြပြ၊ မပြပြ ဝိုင်းစိန်တော့ ကြားတာနဲ့တင် ကြောက်လွန်းလို့ ကြက်သီးတွေတောင် တဖြန်းဖြန်းထလို့ပါတော်"

ကြောက်ပြီဆိုတော့လည်း တကယ်ကြောက်ကြတာဗျ။ ရွှေတောင်ဦးဘုရားကိုတောင် အရင်လောက် လူမလာတော့ဘူးဆိုတော့ ဆရာတော်တွေရော ရွာကလူကြီးတွေရော မကြိုက်ကြတော့ဘူးပေါ့ဗျာ။

ဒါကြောင့်လည်း ဆရာတော်တွေနဲ့ ရွာလူကြီးတွေ ရွာဦးကျောင်းမှာ အစည်းအဝေး လုပ်ကြတယ်ဗျ။

"ကဲ ဒကာကြီးတို့၊ ရွာရဲ့ အဓိကရ ရွှေတောင်ဦးဘုရားကိုတော့ ဘုရားဖူးတွေ မလာသလောက် ဖြစ်သွားပြီဗျ၊ ဘုရားဆိုတာ ခြောက်သွေ့သွားတော့တာဗျို့၊ အဲဒီလို ဘုရားပုထိုး ခြောက်ခမ်းသွားတာ မကောင်းဘူး ဒကာကြီးတို့၊ ဒီတော့ ဒီကိစ္စကို ဘယ်လိုလုပ်ကြမတုံး၊ တိုင်ပင်ကြပါဦးဗျာ"

ရွာဦးကျောင်းဆရာတော်က မိန့်တော်မူတာဗျ။ ရွာက လူကြီးတွေလည်း တိုင်ပင်ကြတာပေါ့ဗျာ။ ဘာလုပ်ရင်ကောင်းမတုံးပေါ့။ ဘုရားပေါ်တင်ထားတဲ့ ဘီလူးကို ပြန်ချပြီး ဘယ်ကို ပို့ရင် ကောင်းမတုံးပေါ့။

ကျုပ်ကိုလည်း ဘိုးညီလေးက ခေါ်သွားလို့ အစည်းအဝေး လိုက်လာရတာဗျ။ ကျုပ်လိုက်တော့ ကျောက်ခဲနဲ့ သံမဏိကလည်း ကပ်လိုက်လာကြပြန်ရောဗျ။ ကျောင်းရောက်တော့ ကျုပ်တို့ သုံးယောက်က ဘုန်းကြီးကျောင်းသားတွေနဲ့အတူတူ ရေနွေးကြမ်း ထည့်၊ လက်ဖက်ပွဲချ၊ ကွမ်းအစ်ချ၊ ဆေးလိပ်ချ စတာတွေ ဝိုင်း လုပ်ကြရတာပေါ့ဗျာ။

လူကြီးတွေလည်း တိုင်သာတိုင်ပင်နေကြတာဗျ၊ ဘာလုပ် လို့ လုပ်ရမှန်းကို မသိကြတာ။

"ကဲ ဘိုးညီလေး သဘောကို ပြောပါဦး"

ဘိုးညီလေးကို ဝိုင်းပြီး မေးကြတယ်ဗျ။

"ဘာမှစဉ်းစားမနေကြပါနဲ့ဗျာ၊ ဘီလူးရုပ်ကို ထုရိုက် ချိုးဖဲ့ပြီး မြေကျင်းတူး မြှုပ်လိုက်တာ အကောင်းဆုံးဖြစ်မှာပါ"

အားလုံးက ဘိုးညီလေး ပြောတာကို နားထောင်ပြီး ခေါင်းညိတ်ကြတယ်။ ခဏနေတော့မှ ဘိုးရုံကြီးက ဝင်ပြောတယ် ဗျ။

"ထုရိုက်ချိုးဖဲ့ပစ်လိုက်တာတော့ ဟုတ်ပါပြီ၊ အဲဒီလို ထုရိုက်ချိုးဖဲ့ပစ်ဖို့ ဘယ်သူလုပ်ဝံ့တုံး"

ဘိုးရုံပြောလိုက်တော့မှ အားလုံးက စဉ်းစားမိသွားတာဗျ။





တ်တာပေါ့ဗျာ။ ဒီဘီလူးကို ဒီလောက်ကြောက်နေကြမှတော့ ယ်သူက ထုရိုက်ချိုးဖဲ့ လုပ်ရဲမှာတုံး။ အနားတောင် မလာဝံ့ တော့လို့ မလာကြတာလေဗျာ။

"အေး၊ ကိုရုံပြောတာလည်း ဟုတ်တာပဲ"

လို့ ဘိုးညီလေးက ပြောတယ်ဗျ။ နောက်ဆုံးတော့ လုပ်ရမယ်ဆိုတာ အဖြေမထွက်ဘဲ အစည်းအဝေးက ပြီးသွား တာပေါ့ဗျာ။

ဇာတ်လမ်းက အဲဒီညကတည်းက စတာပဲဗျ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

တစ်ရွာလုံးမှာ ရှိတဲ့ခွေးတွေ ထဟောင်တာဗျို့။ ခွေး ကောင်ရှိတဲ့အိမ်က တစ်ကောင် ဟောင်တယ်။ နှစ်ကောင်ရှိတဲ့ က နှစ်ကောင် ဟောင်တယ်။ ဟောင်ရင်းနဲ့ ခွေးတွေက သည်းရိုးဘက်ကို ပြေးကြတာဗျ။ အရှေ့စည်းရိုးဘက်ကို ပြေးတဲ့ င်တွေက ပြေးတယ်။ အနောက်စည်းရိုးဘက်ကို ပြေးတဲ့ င်တွေက ပြေးတယ်။ တောင်ဘက် ပြေးတဲ့ကောင်ကပြေး၊ က်ဘက် ပြေးတဲ့ကောင်ကပြေးနဲ့ ရွာစည်းရိုးကိုကြည့်ပြီး င်နေကြတာဗျ။ တကယ်တော့ ဒီကောင်တွေ မမြင်ရတဲ့ ကို ဟောင်နေတာ။

ခွေးဆိုတာ အာရုံခံ သိပ်ကောင်းတာဗျ။ မျက်စိနဲ့ မြင်ရမှ မဟုတ်ဘူး။ နားတို့ နှာခေါင်းတို့က အာရုံခံနိုင်ကြတာ။ အခု လည်း ရွာပြင်ကို ဟောင်နေကြတာက တစ်ရွာလုံးဆိုတာ ဆူညံ နေတာပါပဲဗျာ။ လူတွေကတော့ လန့်ကုန်ကြပြီး တံခါးတွေ အလုံ ပိတ်တော့တာဗျို့။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျောက်ခဲနဲ့ သံမဏိဗျ။ ကျုပ်ဆီကို ပြေးချလာကြတာ။

"ဟဲ့ ဒီနှစ်ကောင် မကြောက်မရွံ့ ရွာထဲလျှောက်သွားနေ ကြတယ် ဟုတ်လား"

အမေက မေးလိုက်တာဗျ။

"ရွာပြင်မှာ ဘာရှိတုံး မသိဘူး အရီးရ၊ ခွေးတွေက ရွာပြင်ကိုကြည့်ပြီး အထဲကနေ လှမ်းဟောင်နေကြတာ"

"အေးလေ၊ အဲဒါ နင်တို့ မကြောက်ဘူးလား၊ အိမ်ထဲမှာ နေကြပါလား ကျောက်ခဲနဲ့ သံမဏိရဲ့"

"ဟာ အရီးကလည်း ကြောက်ရအောင် ဘာမှန်းမှ မသိ တာ၊ ရမ်းပြီးကြောက်သလို ဖြစ်နေမှာပေါ့၊ ဒါကြောင့် တိတိကျကျ သိရအောင် ကိုကြီးတာတေကို လာခေါ်တာဗျ"

"သြော်…အေး ကောင်းတယ်၊ ကောင်းတယ်၊ ကိုစိမ်





ကို့ လန့်ပြီးပြန်ပြေးလာလို့ကတော့ အိမ်တံခါးကို ပိတ်ထားဦးမယ်"

"ဟာ အရီးကလည်း ကျုပ်တို့က ဒီလောက်သတ္တိမနည်း ပါဘူးဗျ"

ကျုပ်က မျက်ကွင်းဆေးကွင်းပြီး ထိုက်လာခဲ့တယ်။ ပြီးတော့ ရွာတောင်ဘက်ကိုသွားပြီး ရွာစည်းရိုးနဲ့ အနီးဆုံး မန်ကျည်းပင်ကြီးပေါ်ကို တက်ခဲ့ကြတယ်။ ဒီကောင်နှစ်ကောင်က တော့ လေးခွတစ်ယောက်တစ်ချောင်းနဲ့ဗျ။

ခွေးတွေက ရွာအနောက်ဘက်မှာ ထိုးဟောင်နေတာဗျ။ ဟော လာပြီ၊ လာပြီ။ ခွေးတွေ တဖြည်းဖြည်းနဲ့ တောင်ဘက်ကို ပြေးလာကြပြီဗျို့။ ပြေးရင်းနဲ့ ဟောင်နေလိုက်ကြတာ ဆူညံနေတာ ပါပဲဗျာ။

"ဟာ ကိုကြီးတာတေ၊ ခွေးတွေ ကျုပ်တို့ဘက်ကို ပြေး လာနေပြီဗျ"

"အေး ဟုတ်တယ် ကျောက်ခဲ၊ မင်းတို့ မလှုပ်နဲ့နော်၊ ငြိမ်နေကြ"

ကျုပ်က ရွာစည်းရိုးအပြင်ကို မန်ကျည်းပင်ကြီးပေါ်ကနေ လှမ်းကြည့်နေတာဗျ။

ဟာ··လာပြီဗျို့။ မည်းမည်းအကောင်ကြီးဗျာ။ ရွာတောင်

ဘက်ကို ပတ်လျှောက်လာတာဗျ။ အရပ်ကြီးက ဆယ့်ငါးပေ ပေနှစ်ဆယ်လောက် ရှိတယ်။ ကိုယ်လုံးကြီးကလည်း နည်းတာကြီး မဟုတ်ဘူးဗျာ။ ရာဝင်ပုတ်ထက်တောင် ကြီးဦးမယ်ထင်တယ်ဗျ။ ခြေထောက်ကြီး တစ်ဖက် တစ်ဖက်ကို ထန်းပင်လုံးလောက် ရှိတာဗျ။ *(ပုတ်ဆိုတာ စပါးထည့်တဲ့ ဝါးတောင်းအကြီးကြီးတွေပေါ့ဗျာ)*။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

သေသေချာချာ နားထောင်တော့မှ ခြေသံကြီးကို ကြားရတာဗျို့။ ခွေးတွေ ဒီအသံကို ပြေးလိုက်ပြီး ဟောင်နေကြတာဗျ။

နည်းတဲ့မကောင်းဆိုးဝါးကြီးလားဗျာ။ ကျုပ် လရောင်ဖျော့ဖျော့လေးအောက်မှာ သေသေချာချာ အာရုံစိုက်ကြည့်တယ်ဗျ။ ခေါင်းမှာ ဆံပင်မရှိဘူး။ ခေါင်းပြောင်ကြီး။ အဲဒီခေါင်းကြီးမှာ အထစ် အထစ်ကြီးတွေနဲ့ဗျ။ မျက်လုံးကြီးနှစ်လုံးက ဟင်းသောက်ပန်းကန်လောက် ရှိမယ်ဗျ။ နီရဲပြီး ပြူးထွက်နေတာဗျို့။ နှာခေါင်းက တိုတိုကြီးဗျ။ ပါးစပ်ကြီးက ကျုပ်စိတ်ထင် တစ်တောင်လောက်ကို ရှိမယ်ထင်တယ်ဗျ။ ပါးစပ်ထဲက အစွယ်ကြီးတွေက ဘေးကိုတောင် ကောက်ထွက်နေတာဗျို့။

ဒါ ဘာကောင်ကြီးလဲလို့ ကျုပ်တွေးရင်း ကြည့်နေတာဗျ။





ရဲကြီးလား၊ သဘက်ကြီးလားဆိုတာ ကျုပ်မပြောတတ်ဘူးဗျ။ ကောင်းဆိုးဝါးကောင်ကြီးက ကျုပ်တို့ရွာကိုပတ်ပြီး သွားနေတာ။ ဒီကောင်ကြီး ကျုပ်တို့ရွာကို တစ်ပတ်ပြီး တစ်ပတ် ပတ်နေ ာ အကြောင်းတော့ ရှိမယ်ဗျ။

ကျုပ်လည်း ကျောက်ခဲတို့၊ သံမဏိတို့ကို ကျုပ်တွေ့တဲ့ ကောင်ကြီးအကြောင်း ပြောပြပြီး အိမ်ပြန်ဖို့လိုက်တယ်။ သံမဏိ က ကျောက်ခဲအိမ်မှာ အိပ်မှာလေဗျာ။

ကျုပ်လည်း အိမ်ကို ပြန်ခဲ့တယ်။ ကျုပ်တွေ့တာကို ဘနဲ့ အမေ့ကို ပြောပြလိုက်တော့ အဘတို့လည်း အံ့သြသွားကြ ာပေါ့ဗျာ။ ခွေးတွေက သဲသဲမဲမဲကို ဟောင်နေတုန်းပဲဗျ။ ျုပ်တို့တစ်ရွာလုံးလည်း တိတ်ဆိတ်နေတာပဲဗျို့။ ခဏကြာတော့ ျုပ်လည်း အိပ်ချင်လာတယ်။ အဘတို့ အမေတို့လည်း အိပ်ကြ တော့မယ်။ ဒါနဲ့ပဲ ကျုပ်လည်း အိပ်ရာထဲဝင်လိုက်တယ်။ ရာသီက ဆောင်းဦးပေါက်ဆိုတော့ သိပ်မအေးသေးဘူးဗျ။ အအေးငွေ့ငွေ့ လေးပဲ ရှိသေးတယ်။

ကျုပ်စိတ်ထင်တော့ ဒီအကောင်ကြီး ရွာကိုပတ်နေတာ နှစ်ပတ်လောက် ရှိပြီထင်တယ်ဗျ။ ဒီည ကင်းကျတဲ့ကောင်တွေ တော့ ကြောက်နေကြမှာပဲလို့ ကျုပ်တွေးရင်း အိပ်ပျော်သွားတာဗျ။

မနက်မိုးလင်းလို့ ကျုပ်နိုးတော့ ကျောက်ခဲနဲ့ သံမဏီ ဝိုင်းထဲဝင်လ[illegible]တယ်ဗျ။

"ကိုကြီးတာတေရေ၊ ညက နွားတစ်ကောင်တော့ သေသွားပြီဗျို့"

"ဟေ…ဘယ်သူ့နွားတုံး၊ ဘာဖြစ်လို့ သေတာတုံး"

"ဘထွေးဆစ်တို့ရဲ့ နွားဗျ၊ ညက ရွာကို ပတ်လျှောက်နေတဲ့ ဟိုကောင်ကြီး ဝင်စားသွားတာ ဖြစ်မှာပေါ့ဗျာ၊ နွားတစ်ကောင်လုံးမှာ အသားဆိုလို့ နည်းနည်းပဲ ကျန်တော့တာဗျ။ အရိုးတွေပဲ ကျန်တော့တာ"

"ဟေ..ဟုတ်လားကွ၊ နေပါဦး၊ ဘထွေးဆစ်တို့ဆိုတော့ ရွာမြောက်ပိုင်းကို ဝင်သွားတာပေါ့"

"ဟုတ်တယ်ဗျ၊ ညက ဘယ်သူမှကို မသိလိုက်ကြဘူး၊ တစ်ရွာလုံး အိပ်ပျော်နေကြတာထင်တယ်၊ ကင်းသမားတွေလည်း အိပ်ပျော်သွားကြတာတဲ့ ကိုကြီးတာတေရဲ့"

"ဟာ ဒီကောင်ကြီးက ရွာကို တစ်ပတ်ပြီး တစ်ပတ် ပတ်နေတာ တစ်ရွာလုံးကို အိပ်မွေ့ချနေတာကိုး၊ ဒါကြောင့် အကြောင်းတော့ ရှိမယ်လို့ ငါတွေးမိသေးတယ်ကွ၊ ငါလည်း အိပ်ပျော်သွားတာပဲ ကျောက်ခဲရ"





"ကျုပ်တို့လည်း ခွေးသံတွေ နားထောင်ရင်းနဲ့ကို အိပ်ပျော်သွားတာဗျ"

"မင်းတို့ နွားသေကြီးကို သွားကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီဗျ၊ နွားတစ်ကောင်လုံးကို စားသွားတာ ကိုကြီးတာတေရ"

"အေး၊ ငါ ညကတွေ့တဲ့ အကောင်ကြီးရဲ့ အရွယ်အစားနဲ့ဆိုရင် နွားတစ်ကောင်လောက်တော့ သာသာလေး စားနိုင်မယ့်ပဲကွ၊ အဲဒါ ခက်တာပေါ့ကွာ၊ လူတွေက ဘီလူးရုပ်ကြီးကို အစလုပ်ပြီး အမဲသားတွေ ကျွေးမွေးလုပ်ကြတော့ ဒီကောင်ကြီးက သားချင်းသောက်ချင် ဖြစ်သွားပြီပေါ့ကွာ။ အခုတော့ ကြောက်လန့်ကုန်ကြပြီး ဆက်မကျွေးတော့ ရွာထဲဝင်ပြီး စားတဲ့သောက်တဲ့ အဆင့်အထိ ရောက်လာပြီပေါ့ကွာ"

"နေပါဦး ကိုကြီးတာတေရဲ့၊ ဒီအကောင်ကြီးက ဘန့်ဘွေးကုန်းက လေးလေးထိန်တို့၊ လေးလေးပွကြီးတို့ တွေ့ခဲ့တဲ့ အကောင်ကြီးပဲလားဗျ"

"သေချာတာပေါ့ကွာ၊ အဲဒီအကောင်ကြီးပဲပေါ့ ကျောက်ခဲရ"

"ဟာ ဒါဆိုရင် ရွှေတောင်ဦးဘုရားက ဘီလူးကြီးပေါ့၊

ဟုတ်လား ကိုကြီးတာတေ"

အင်မတန်စကားနည်းတဲ့ သံမဏိကတောင် ဝင်မေးတာဗျ။ ဒီကောင်တွေ တော်တော်စိတ်ဝင်စားနေတဲ့ပုံပဲဗျ။

ညရောက်တော့ ကြက်တစ်ကောင်ချက်နဲ့ ထမင်းတောင်းပြင်ပြီး ရွာပြင်သင်္ချိုင်းကို ထွက်ခဲ့တယ်။ ခုနောက်ပိုင်းတော့ နတ်ကတော် ခေါ်စရာမလိုတော့ဘူးဗျ။ မျက်ကွင်းဆေးကို နားမှာလိမ်းပြီး 'ဒိဗ္ဗသောတ' ဂါထာ ရွတ်လိုက်ရင် မဖဲဝါပြောတဲ့စကားတွေပါ ကျုပ်ကြားရတယ်။

ထုံးစံအတိုင်း ကျောင်းအမကြီး ဒေါ်ခရဲ့ ဂူကြီးပေါ်မှာ ထမင်းပွဲပြင်ရင်း မဖဲဝါကို ပင့်လိုက်တယ်။ မဖဲဝါက ထမင်းစားရင်း ကျုပ်ကို ကြည့်တယ်။

"မဖဲဝါ၊ ကျုပ်တို့ရွာကို ဘီလူးဝင်နေလို့ဗျ၊ အဲဒါ ဘယ်လိုလုပ်ရမလဲဆိုတာ သိချင်လို့ပါ"

"တာတေ၊ ဒီဘီလူးက လေဆင်နှာမောင်းနဲ့ ပါလာတာ မဟုတ်ဘူး၊ လေဆင်နှာမောင်းနဲ့ ပါလာတာ အရုပ်ချည်းပဲ ပါလာတာ၊ အဲဒါ ရိုးရိုးအရုပ်ပါ၊ ဒီဘီလူးက သွားရင်း လာရင်းနဲ့ ဒီရွာမှာ ဘီလူးရုပ်ကြီးကို ကျွေးမွေးနေမှန်းသိလို့ အရုပ်ကြီးမှာ ဝင်ကပ်ပြီး စားသောက်နေတာ၊ လွယ်တော့ မလွယ်ဘူး တာတေ၊





အရုပ်ကို ဝင်ကပ်နေတဲ့ ဘီလူးက အစွမ်းတော့ တော်တော်ထက်တယ်။ ဒါပေမဲ့ နင်နဲ့ ငါနဲ့ နှစ်ယောက်ပေါင်း လုပ်ရင်တော့ ဒီကောင်ကို နိုင်လောက်ပါတယ်။ နင့်ဆီမှာ 'နတ်ဘီလူးအင်း' ရှိတယ်မို့လား၊ အဲဒါ ယူခဲ့၊ အင်မတန် လိုအပ်မှာသုံး၊ အခုလာမယ့် လကွယ်ညရောက်ရင် ဒီဘီလူး နင်တို့ရွာကို ခုနစ်ပတ် ပတ်ပြီး တစ်ရွာလုံးကို အိပ်မွေ့ချလိမ့်ဦးမယ်၊ ပြီးတော့ ရွာထဲဝင်ပြီး နွားတစ်ကောင် စားဦးမှာ တာတေ၊ ရွာတောင်ဘက်တံခါးက နင်ထွက်လာခဲ့၊ ငါကြည့်နေမယ်"

ကျုပ်လည်း ကျောက်ခဲနဲ့ သံမဏိကို ခေါ်ပြီး ရွာထဲကို ပြန်ဝင်ခဲ့တယ်။ ဒီကောင်နှစ်ယောက်ကတော့ မဖဲဝါကို မြင်လည်း မမြင်၊ ကြားလည်း မကြားဘူးပေါ့ဗျာ။

"ဘယ်လိုတုံး ကိုကြီးတာတေ"

"အခုလာမယ့် လကွယ်ညမှာ ငါနဲ့ မဖဲဝါနဲ့ ဒီဘီလူးကို မောင်းထုတ်မယ်ကွ"

"ဟာ ဟုတ်လား၊ ကျုပ်တို့လည်း လိုက်မယ် ကိုကြီးတာတေ"

"အေး လိုက်ချင်ရင်တော့ လိုက်ပေါ့၊ ဒါပေမဲ့ မင်းတို့ရွာပြင်ကို မထွက်နဲ့၊ ငါ ရွာပြင်ထွက်တာနဲ့ မင်းတို့က တံခါးပြန်

ဝိတ်ထားပြီး စောင့်နေရမယ်"

"စိတ်ချ ကိုကြီးတာတေ"

လကွယ်ညရောက်တော့ ခွေးတွေ ဟောင်ပြန်ရောဗျို့။

ကျုပ် ရွာပြင်ထွက်လိုက်တယ်။ ကျောက်ခဲနဲ့ သံမဏိက ရွာတံခါးကို ပြန်ဝိတ်ထားကြတယ်။ ခွေးဟောင်သံတွေက ရွာတောင်ဘက်စည်းရိုးနားကို ရောက်လာတယ်။ ဟော လာပြီဗျို့။ ဘီလူးကြီး လာနေပြီ။ ရွာထဲက ခွေးသံတွေကလည်း ဆူညံနေတာဗျို့။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဘီလူးကြီးရဲ့ ခြေသံက ကြောက်စရာကြီးဗျာ။ တဖြည်းဖြည်း နီးလာပြီဗျို့။ ကျုပ်က မဖဲဝါပြောတဲ့ အင်းချပ်ကို ရှာပြီး ယူလာတယ်။ လက်ထဲမှာ အင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အင်းနှိုးဂါထာကို ရွတ်လိုက်တယ်။

"ဝုန်း"

ဟာ…မဖဲဝါ ရောက်လာပြီဗျို့။ ကျုပ်နဲ့ မလှမ်းမကမ်းမှာ မဖဲဝါက ဆံပင်ဖားလျားကြီးနဲ့ ရောက်လာတာဗျ။ အရပ်ကြီး ဆယ်ပေလောက်ရှိတဲ့ မဖဲဝါက ဘီလူးကြီးနဲ့ ယှဉ်လိုက်တော့ ငယ်နေတာပေါ့ဗျာ။ မဖဲဝါက ဘီလူးကို စေ့စေ့ကြည့်နေတယ်ဗျ။





ဘီလူးကလည်း မဖဲဝါကို စေ့စေ့ပြန်ကြည့်နေတယ်။

"ဝုန်း"

ဟာ…မဖဲဝါ ထခုန်လိုက်ပြီဗျို့။ ဘီလူးရဲ့ အပေါ်ကို ကျော်တက်ပြီးမှ ပြန်ကျလာတာဗျ။ ဟာ ရိုက်ပြီဗျို့။ ရိုက်ပြီ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဘီလူးရဲ့ ကျောကို မဖဲဝါရဲ့ လက်ဝါးကြီးနဲ့ ငါးချက်ဆင့် ရိုက်တာဗျ။ မဖဲဝါ လက်ဝါးနဲ့ နှစ်ချက်ရိုက်ရင်ပဲ ဒူးထောက်ရက် ကျပြီး သွေးမှုက်ပွက်အန်ကြတာဗျ။ အခု ဘီလူးကတော့ ရှေ့ကို ငိုက်ရုံပဲ ငိုက်သွားတာဗျို့။ နောက်ကို ဆတ်ကနဲလှည့်ပြီး မဖဲဝါကို ထန်းပင်လောက်ရှိတဲ့ သူ့ခြေထောက်ကြီးနဲ့ လှမ်းကန်လိုက်တာဗျို့။ မဖဲဝါကလည်း လျှားကနဲ ထခုန်ပြီး ရှောင်လိုက်တယ်။

ဟော မဖဲဝါက ကျုပ်ရှိတဲ့ဘက်ကို ပြန်ရောက်လာပြီဗျို့။ ဘီလူးက ဒီဘက်ကို ပြန်လှည့်လာပြီး မျက်လုံးနီနီကြီး နှစ်လုံးက အနီရောင် အတန်းနှစ်တန်း လှစ်ကနဲ ထွက်လာပြီး မဖဲဝါကို ထိသွားတယ်ဗျို့။

"ဟာ…မဖဲဝါ၊ မဖဲဝါ သတိထားဗျ"

ကျုပ်စကားတောင် မဆုံးသေးပါဘူးဗျာ၊ မဖဲဝါ ကျောက်ရုပ်ကလေး ဖြစ်သွားတယ်ဗျို့။ ဆံပင်ဖားလျားလေးနဲ့ မဖဲဝါကြီးက

လူပုံစံအတိုင်းလေးဗျ။ တစ်တောင်လောက်ရှိတဲ့ ကျောက်ရုပ်ကလေး ဖြစ်သွားရောဗျာ။

ကျုပ်လည်း အံ့သြပြီး မဖဲဝါကျောက်ရုပ်ကလေးကို ပြေးပြီး မချီလိုက်တယ်။

"ဟာ အလေးကြီးဗျာ"

ကျုပ် ဘယ်လိုမမ မလို့ကို မရဘူးဗျ။ လေးနစ်ပြီး နေရာကတောင် မရွေ့ဘူးဗျ။ ဘီလူးကြီးက ကျုပ်ကို စိုက်ကြည့်နေတယ်ဗျို့။ ကျုပ်လည်း လက်ထဲကအင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဘီလူးကြီးဆီကို ပစ်ထည့်လိုက်တယ်။

"ဝုန်း"

ဟာ…ကျုပ်ပစ်လိုက်တဲ့ 'နတ်ဘီလူးအင်း'က မီးခိုးလုံးကြီးထသွားပြီ။ မီးခိုးတွေ ပြယ်သွားတော့ ဘုရားတွေမှာ တွေ့ရတဲ့ ဘီလူးမျိုး ဘီလူးကြီးတစ်ကောင် ရပ်နေတာဗျို့။ လက်ထဲမှာ တင်းပုတ်ကြီးတစ်လက် ကိုင်ထားတယ်ဗျ။ ဘီလူးက နှစ်ကောင်ဖြစ်သွားပြီပေါ့ဗျာ။ အင်္ကျီမပါတဲ့ ဘီလူးက ဘီလူးအဝတ်အစားတွေ ပြိုးပြိုးပြောင်ပြောင် ဝတ်ထားတဲ့ ဘီလူးဆီကို ပြေးပြီးဝင်လာရောဗျို့။ တင်းပုတ်နဲ့ ဘီလူးကြီးက ပြေးဝင်လာတဲ့ ဘီလူးရဲ့ခေါင်းကို လက်ထဲက တင်းပုတ်နဲ့ ဆီးပြီးထုလိုက်တယ်။





"ဒုန်း"

ဆိုတဲ့ အသံကြီးနဲ့အတူ အင်္ကျီမပါတဲ့ ဘီလူးကြီး ဒူးထောက်ရက် ကျသွားတယ်ဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

နတ်ဘီလူးကြီးက ဒူးထောက်ကျသွားတဲ့ ဘီလူးရဲ့ ကျောကုန်းကို တင်းပုတ်နဲ့ သုံးချက်ဆင့် ထုလိုက်တယ်ဗျ။

"အီး၊ အား၊ အီး၊ အား၊ အီး"

ဒူးထောက်ကျနေတဲ့ ဘီလူးကြီး အော်လိုက်တဲ့ အသံကြီးက အနီးအနားရွာတွေတောင် ကြားလောက်တယ်ဗျ။ စူးပြီး နက်ကျယ်တဲ့ အသံကြီးဗျ။ ကျုပ်ဖြင့် နားတွေကို အူသွားတာပါဗျာ။

"ဝုန်း"

ဟော ပျောက်သွားပြီဗျို့။ အင်္ကျီမပါတဲ့ ဘီလူးကြီး ပျောက်သွားပြီဗျ။ ကိုထိန်တို့ ကိုပွကြီးတို့ကို ကိုယ်ထင်ပြလိုက်တဲ့ အကောင်ကြီးပေါ့ဗျာ။ ကျုပ်တို့ရွာက ဘထွေးဆစ်တို့ရဲ့နွားကို ဝင်စားသွားတဲ့ အကောင်ကြီးတော့ ပြေးပြီဗျို့။

ဒီတော့မှ ကျုပ်က ကပျာကယာ ပြေးပြီး-

"နတ်ဘီလူးကြီးဗျာ၊ ကျောက်ရုပ်ဖြစ်သွားတဲ့ မဖဲဝါကို

ပြန်ကောင်းအောင် လုပ်ပေးခဲ့ပါဗျာ"

လို့ မဖဲဝါကျောက်ရုပ်ကလေးကို လက်ညှိုးထိုးပြပြီး ပြောလိုက်တယ်ဗျ။ ဒီတော့မှ နတ်ဘီလူးကြီးက မဖဲဝါကျောက်ရုပ်ကလေးကိုကြည့်ပြီး သူ့မျက်လုံးက အစိမ်းရောင်အလင်းတွေ ထွက်လာတယ်ဗျ။ အဲဒီအလင်းတန်းလေးနှစ်ခု မဖဲဝါကျောက်ရုပ်ကလေးကို ထိသွားတာနဲ့ ကျောက်ရုပ်ကလေးကနေ ချက်ချင်း မဖဲဝါကြီး ပြန်ဖြစ်သွားရောဗျို့။

"ဝုန်း"

နတ်ဘီလူးကြီးလည်း ပျောက်သွားရောဗျ။ မြေကြီးပေါ်မှာ ကျနေတဲ့ ကျုပ်ရဲ့ 'နတ်ဘီလူးအင်းချပ်'ကလေးက အရောင်လင်းနေတယ်။ ဒါနဲ့ ကျုပ်လည်း အင်းချပ်ကလေးကို ပြေးပြီး ကောက်ယူလိုက်တယ်။

မဖဲဝါက ကျုပ်ကို စိုက်ကြည့်ပြီး ခေါင်းညိတ်ပြတယ်။ ကျေးဇူးတင်ကြောင်းပြောမှန်း ကျုပ်သိလိုက်တယ်။ ဟော မဖဲဝါပါ ပျောက်သွားပြီဗျို့။ ကျောက်ခဲနဲ့ သံမဏိက ကျုပ်ကို ရွာတံခါး ဖွင့်ပေးကြတယ်။ ကျုပ် အိမ်ပြန်ရောက်တော့ အဘတို့တောင် အိပ်နေကြပြီဗျ။

တာတေ





# ရှူနက်ကြီး

**ကျုပ်**တွေးနေတာဗျ။

အမေကျွေးတဲ့ ဝက်သားဟင်းကျန်နဲ့ ထမင်းကြမ်း စားပြီးတော့ အိမ်ရှေ့ ခုံတန်းလျားမှာ ရေနွေးကြမ်းသောက်လိုက်၊ နဂါးဆေးပေါ့လိပ်ကလေး ဖွာငုံလိုက်နဲ့ အညာသား စည်းစိမ်လေး ရစ်နေ

တာပေါ့ဗျာ။ ကျုပ်တို့အညာသားတွေမှာက ရစ်စရာ စည်းစိမ်ဆိုလို့ ဒါပဲရှိတာဗျ။ အဲဒါက မနေ့ကကတည်းက မြို့သွားတယ်လေဗျာ။ မြို့မှာ တစ်ညအိပ်ပြီး ဒီနေ့မှ ပြန်လာမှာဗျ။ အိမ်မှာက အမေနဲ့ ကျုပ်နဲ့ပဲ ရှိတာ။

အမေက မီးဖိုချောင်မှာ ချက်ပြုတ်နေတော့ ကျုပ်က အိမ်ရှေ့မှာထိုင်ပြီး တွေးချင်ရာ တွေးနေတော့တာပေါ့ဗျာ။ တာတေဆိုတဲ့ ကျုပ်က တွေးရင်လည်း ထူးထူးဆန်းဆန်းတွေပဲ တွေးတာဗျ။ ဒါမျိုးတွေပဲ ကျုပ်က စိတ်ဝင်စားတာလေဗျာ။

ပြာသိုလလေဗျ။ ကျုပ်တို့ အညာသားတွေ ခိုက်ခိုက်တုန်အောင် ချမ်းတဲ့လပေါ့ဗျာ။ ညဆိုရင် ဝိုင်းတွေထဲမှာ မီးလှုံကြ။ သက်ကြီးရွယ်အိုတွေ ပြောတာဆိုတာ နားထောင်ကြ။ မြေပဲကြော်၊ လက်ဖက်သုတ်၊ ချင်းသုတ်၊ ပေါက်ပေါက်ဆုပ်တွေ စားကြသောက်ကြနဲ့ ညအတော်လေးနက်လာမှ လူစုခွဲကြတာဗျ။

ဒါလည်း ကျုပ်တို့အညာသားတွေရဲ့ ဆောင်းတွင်းစည်းစိမ်တစ်မျိုးပေါ့ဗျာ။ ကျုပ်တို့အညာသားတွေက သက်ကြီးစကားကြားရတာ၊ လွတ်သဘောကျကြတာဗျ။ အလျှုအတန်းတွေဆိုရင် သက်ကြီးရွယ်အိုတွေနားမှာ လူငယ်တွေ အုံပြီးတော့ကို နားထောင်နေကြတာဗျို့။





ညကလည်း မျက်ပြူးတို့ဝိုင်းထဲမှာ ဘိုးရှုံကြီးနဲ့ အတူတူ ီးလှုံရင်း ဘိုးရှုံပြောတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို ကျုပ်တို့ ား‌ထောင်ကြတာဗျ။

မျက်ပြူးတို့အိမ်ကလည်း လက်ဖက်ရော၊ ပေါက်ပေါက် ုပ်ရော မပြတ်အောင် ချကျွေးတာဗျ။ ကျုပ်တို့ကလည်း မစားမှာ ပူရပါဘူးဗျာ။ ပန်းကန်ပဲကျန်အောင် စားကြတာဗျ။

"ဘိုးရှုံ၊ နတ်ရုပ်ကြီးတွေမှာ အသက်ဝင်တယ်ဆိုတာ ုတ်လား"

ကျုပ်က ကျုပ်သိချင်တာကို တည့်ပဲမေးလိုက်တာဗျ။ ိုးရှုံက ရေနွေးပူပူကို တစ်ကျိုက် နှစ်ကျိုက်လောက် သောက် ိုက်ပြီးတော့မှ ရေနွေးကြမ်းပန်းကန်ကို ချထားပြီး ပြောပြတာဗျ။

"၃၇ မင်းနတ် ဆိုတာတော့ တကယ်ရှိတယ်လို့ ပြောကြ ာပဲ တာတေရာ၊ ဒါပေမဲ့ ဘိုးထင်တယ်၊ တခြားနတ်ရုပ်တွေ ုကြတာတော့ ဟုတ်မယ်မထင်ဘူးကွ၊ ဗြဲတွာတွေ တစ္ဆေတွေကို တ်လို့ထင်ပြီး ကိုးကွယ်ပသနေကြတာပဲ ဖြစ်မယ်"

"ဒါဆိုရင် ဘိုးရဲ့၊ ရုပ်တုတွေကို စားစရာ သောက်စရာ တွေ ကျွေးမွေးနေတာ ဘာအကျိုးမှ မရှိဘူးပေါ့"

"အင်း၊ ဒီကိစ္စက ပြောရတာ ခက်သားကလား တာတေ

ရဲ့၊ မင်းသိချင်ရင်တော့ ဘိုးပြောပြရမှာပေါ့လေ၊ တစ်ခါတုန်းက ပေါ့ကွယ်၊ ဘိုးရဲ့ အရိုးလေးတော်တဲ့ ဒေါ်လုံးဆိုတာ ရှိသကွဲ့၊ ဒေါ်လုံးရဲ့ယောကျ်ားက ပုလိပ်အင်စပိတ်တော်ကွဲ့"

"အင်စပိတ်တော်ဆိုတာ ဘာတုံး ဘိုးရဲ့"

ကျောက်ခဲက ဝင်မေးတာဗျ။ ကျောက်ခဲရော၊ သံမဏိရော ရှိတယ်လေဗျာ။

"အင်စပိတ်တော်ဆိုတာ ပုလိပ်အရာရှိပေါ့ကွယ်၊ ပုလိပ်ဆိုတာက ဘိုးတို့ခေတ်က ခေါ်တာပေါ့ကွာ။ ခုခေတ်တော့ ရဲလို့ပဲခေါ်ကြတာပါ၊ ရဲအရာရှိပေါ့ ကျောက်ခဲရာ"

"သြော်…ဟုတ်ကဲ့ ဘိုး"

"အဲဒါ တို့ အရိုးလေးမလုံးက သူ့ယောကျ်ား ရာထူးတက်အောင် သူ့အိမ်မှာ မင်းလေးရုပ်တု ထုပြီး ကိုးကွယ်တယ်လေ၊ သူ့နတ်ရုပ်ကို နေ့တိုင်း ကြက်ကြော်ဆက်တယ်ကွ၊ ပြီးတော့ သူတို့ကို ကိုယ်တော်လေး 'မ'ပါ၊ စောင့်ရှောက်ပါတွေ ပြောတာပေါ့ကွာ၊ အဲဒီလို တင်မြှောက်တဲ့အချိန်မှာ စီးကရက်ကို လူသောက်သလို မီးတရဲရဲနဲ့ ဖွာနေတော့တာဟေ့၊ တစ်ခါတလေကျရင် ကြက်ပေါင်ကြော်ကြီးက အသားတစ်စက်မှ မရှိဘဲ အရိုးပဲ ကျန်တာကွ"





"ဟာ ဒါဆိုရင် မင်းလေး တကယ်ကြွလို့ပေါ့ ဘိုးရဲ့"

အဲဒီ ဒေါ်လုံးတို့ကိုရော တကယ်စောင့်ရှောက်လို့လား"

ကျုပ်က ဝင်ပြောလိုက်တာဗျ။

"အေး အဲဒါပြောမလို့ကွ တာတေရ၊ သူတို့ကို စောင့်ရှောက်တယ်ကွ၊ အရိုးလေးတို့ဆိုတာ ချမ်းသာလိုက်တာမှကွာ သူ့အိမ်က နတ်ရုပ်မှာဆိုရင် ရွှေဆွဲကြိုးတွေမှ လေးငါးကုံးထပ်ပြီး ဆွဲထားတာဟေ့၊ မင်းလေးနဟ်ရုပ်ရဲ့ နားမှာလည်း တကယ်စိန်အစစ် စိန်နားကပ်ကြီး ပန်လို့ကွဲ့"

"ဟာ ဟုတ်လား ဘိုး၊ နောက်တော့ ဘာဖြစ်သွားတုံး"

"နောက်တော့ သူတို့ ကိုးကွယ်တဲ့ ဆရာတော်ကြီး အိမ်ကြွလာပြီး ပြောသတဲ့ဟေ့"

"ဟင်၊ ဆရာတော်ကြီးက ဘာပြောလို့တုံး ဘိုးရဲ့"

"ဒကာမကြီး မလုံး၊ နတ်ကို ဗလိနတ်စာ ကျွေးတာကောင်းပါတယ်၊ ဒါပေမဲ့ အခုလို အိမ်ပေါ်ခေါ်တင်ပြီး ကိုးကွယ်တာတော့ မကောင်းဘူး၊ ပြီးတော့ ဒီနတ်တွေက အခုလို နေရာတိုင်းကိုလည်း ကြွတာမဟုတ်ဘူး၊ ဒီအရုပ်ကြီးကို အမြဲကျွေးမွေးနေတော့ အနီးအနားက တစ္ဆေတစ်ကောင်ကောင်က ဝင်ပြီးစားသောက်နေတတ်တယ်၊ အခု ဒကာမကြီး ကိုးကွယ်နေတာလည်း

တကယ်တော့ နတ်မဟုတ်ဘူး၊ တစ္ဆေပါ။ တစ္ဆေဆိုပေမယ့် ဒီတစ္ဆေက ကုသိုလ်ကံဇွေ အများကြီးရှိတော့ သူ့မှာ ဗိမာန်လည်း ရှိတယ်၊ ဒကာမကြီးကိုလည်း တိုးတက်ကြီးပွားအောင် စောင့်ရှောက်နိုင်တယ်၊ ဒါပေမဲ့ ဒကာမကြီးကို ဘုန်းကြီး တစ်ခုတော့ ပြောမယ်၊ သူကျွေးတာစားရင် သူခိုင်းတာလည်း လုပ်ရမယ်၊ ဒကာမကြီး သေရင် အဲဒီတစ္ဆေခိုင်းတာ လုပ်ရလိမ့်မယ်…”

လို့ ဆရာတော်ကြီးက ပြောတော့ ဒေါ်လုံးတို့လင်မယား လည်း ကြောက်သွားပြီး ဘုရားတရားဘက်ကို ပြောင်းသွားကြရောပေါ့။ ငါ့အရီးလေးလင်မယားက သေတဲ့အထိ ဝိပဿနာတရား အားထုတ်သွားကြတယ်။

“ဟာ တစ္ဆေတွေက နတ်ယောင်ဆောင်ပြီး စားကြသောက်ကြတာကိုး၊ ဘိုးပြောမှပဲ သိရတော့တယ် ဘိုးရာ”

ကျုပ်က တအံ့တသြကြီး ပြောလိုက်တာဗျ။ ကျောက်ခဲတို့ သံမဏိတို့လည်း ဘိုးပြောတာကို တော်တော်သဘောကျသွားတယ်ဗျ။

အခုမနက် အိပ်ရာကနိုးတော့ ဒီအကြောင်းကို ကျုပ်ပြန်ပြီးတွေးနေမိတာဗျို့။ ရုပ်တုတွေကို ဝိညာဉ်က ကပ်တွယ်ပြီးနေနိုင်တယ်ဆိုတာ ကျုပ်အဖို့ တွေးစရာတွေ ဖြစ်လာတာပေါ့ဗျာ။





“တာတေရေ၊ တာတေ”

“ဟဲ့ ဝိုင်းဝကနေ နင့်ကို လှမ်းခေါ်နေတာ ဘယ်သူတုံး၊ …ည်းနည်းပါးပါးလည်း ထကြည့်ပါဦး တာတေရယ်”

အမေက ပြောတာဗျို့။

“ကြည့်နေပါတယ် အမေရ၊ ခမောက်ကြီး ငိုက်စိုက်…ဆောင်းထားတော့ ဘယ်သူမှန်းကို မသိတာ အမေရေ့”

ဟုတ်တယ်ဗျာ။ ဝိုင်းဝမှာရပ်ပြီး ကျုပ်ကို လှမ်းခေါ်နေတဲ့…ူက ခမောက်ကို ခပ်စိုက်စိုက်ကြီး ဆောင်းထားတော့ ကျုပ်က…ပ်ဖမ်းလို့မရဘူး ဖြစ်နေတယ်။

“ဝင်ခဲ့လေ၊ ကျုပ်ရှိပါတယ်ဗျ”

ဘယ်သူမှန်း မသိပေမယ့် ကျုပ်က အသံပေးလိုက်ရတာ…ပေါ့ဗျာ။ ဝါးဖတ်ခမောက်ကြီး ခပ်ငိုက်ငိုက်ဆောင်းထားတဲ့လူက…ိုင်းထဲကို ဝင်ချလာရောဗျို့။ အနားရောက်တော့မှ သူ့ခမောက်ကို…ျွတ်လိုက်တာဗျ။

“ဟာ..ကိုကြီးပွေလီပါလား၊ လာဗျာ၊ တက်ခဲ့ တက်ခဲ့”

ဘန့်ဘွေးကုန်းက ကိုပွေလီကြီးဗျ။ ဒီလူက ကျုပ်ဆီကို…လာခဲပါတယ်။ ခင်တာတော့ လွှတ်ခင်တာဗျ။ အသက်က ၃၀…နီးပါး ရှိပြီ။ သူ့ညီက ကိုရှုပ်ထွေးတဲ့။ အစ်ကိုက ပွေလီ၊ ညီက

ရုပ်ထွေးပေါ့ဗျာ။ ဒါက ရွာမှာခေါ်တဲ့ နာမည်ပါ။ သူတို့တွေ မြို့ကျောင်းတက်တုန်းက ကျောင်းနာမည်တွေ ရှိပါတယ်။ ကိုပွေလီက တင်မောင်ဦးဗျ။ ကိုရုပ်ထွေးက တင်မောင်ထွေးတဲ့ဗျ။

"တာတေတို့များ တို့ရွာဘက်တောင် မရောက်တာ ကြာပေါ့၊ ဘာတွေများ လုပ်နေလို့တုံးကွ"

"ဟာ ဘာမှမလုပ်ပါဘူး ကိုကြီးပွေလီရာ၊ အဘနဲ့ ယာထဲလိုက်၊ အိမ်အလုပ်တွေ ဝိုင်းလုပ်နဲ့ပဲ ဘယ်မှမရောက်ဖြစ်တာပါဗျာ"

ကိုပွေလီက အရပ်ရှည်ရှည်ကြီးဗျ။ နှုတ်ခမ်းမွေးလည်း ထားတယ်။ သူ့ညီ ကိုရုပ်ထွေးကတော့ နှုတ်ခမ်းမွေး မထားဘူးဗျ။

အမေက နောက်ဖေးဘက်ကနေ ထွက်လာပြီး မျက်လုံးကို လက်နဲ့ကာပြီး ကြည့်တယ်ဗျ။

"ဟဲ့…ဒါ မပြားကြည်ရဲ့သား ပွေလီမို့လား"

"ဟုတ်တယ် အရီး၊ အရီး နေကောင်းတယ်မို့လား၊ ဘိုးညဏ်ရော မတွေ့ပါလား"

"နင့်ဘိုးညဏ် မြို့သွားလို့ဟဲ့ ပွေလီရဲ့၊ ဒါထက် နင့်အဘ ကိုရှိန်းရော နေကောင်းရဲ့လား၊ မနှစ်က မမာဘူးကြားလို့"

"ကောင်းသွားပြီ အရီးရဲ့၊ မနှစ်က အစာအိမ်ဖြစ်တာ၊





အခုတော့ ကောင်းသွားပါပြီ"

"အေး အေး၊ နင့်ညီ ရုပ်ထွေးရော ဘာတွေလုပ်နေတုံး"

"တောင်သူပဲပေါ့ အရီးရာ၊ တောင်သူသားသမီးဆိုတာ တောင်သူလုပ်တာပဲ ကောင်းပါတယ်ဗျာ"

"အေးပေါ့ ပွေလီရယ်၊ အဲဒါပဲ ကောင်းပါတယ်ဟယ်၊ နင့်အဘ ကိုရှိန်းမှာ ယာတွေပိုင်လိုက်တာ နည်းမှတ်လို့၊ နင်တို့ လုပ်လို့တောင် နိုင်မှာမဟုတ်ဘူး"

"ဟုတ်တယ် အရီးရေ၊ မနည်းကို လုပ်နေရတာဗျ"

"အေး အေး၊ နင့်ညီ တာတေနဲ့ စကားပြောကြဦး၊ အရီး လက်ဖက်ကလေး သုတ်လိုက်ဦးမယ်"

အမေ နောက်ဘက်ဝင်သွားတော့မှ ကိုပွေလီက ကျုပ်ကို လှည့်ကြည့်တယ်။ ကျုပ်ကတော့ ထုံးစံအတိုင်းပဲပေါ့ဗျာ။ ကျုပ် သောက်နေကျ နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ်ထုတ်ပြီး မီးညှိလိုက်တယ်။ ပြီးတော့ ကိုကြီးပွေလီကို ကမ်းပေးလိုက်တယ်။

ကိုပွေလီကလည်း ကျုပ်ကမ်းပေးတဲ့ ဆေးလိပ်ကို ယူပြီး နှစ်ဖွာ သုံးဖွာ ဖွာလိုက်တယ်။ မီးခိုးတွေကို ရှိုက်သွင်းပြီး နှာခေါင်းကနေ မီးခိုးမှုတ်ထုတ်တယ်။

"ကိုကြီးပွေလီ ဘယ်က လှည့်လာတုံး"

“မင်းဆီပဲ တန်းလာတာကွ တာတေရ၊ ညက ငါတို့ ဘန္ဒွေးကုန်းမှာ အုံးဆန်သွားတာ မင်း သိပြီးပြီလား”

“ဟင်၊ မသိသေးဘူးဗျ၊ ဘယ်အချိန်လောက်တုံး”

“ည ၁ နာရီ ၂ နာရီလောက် ရှိပြီကွ”

“ဟာ မသိလိုက်ဘူး ကိုကြီးပွေလီရဲ့”

“အေးပေါ့ကွ၊ အိပ်ကောင်းတဲ့အချိန်ကြီးဆိုတော့ ဘယ်ကြားမှာတုံး”

“ဘာဖြစ်လို့တုံး ကိုကြီးပွေလီရဲ့”

“ကင်းသမားတွေ လန့်ပြီး သံချောင်းတွေ ခေါက်ကြတာ ဟော့”

“ဟင် ဟုတ်လား၊ ဘာကိုလန့်တာတုံးဗျ”

“လူနက်ကြီး မြင်လိုက်တယ်ဆိုပြီး လန့်တာကွ”

“ဘာ လူနက်ကြီး ဟုတ်လား”

“အေး ဟုတ်တယ်၊ အလယ်ကင်းက ဝက်သိုးရဲ့ညီတွေ စပြီး မြင်တာတဲ့ တာတေရ၊ အဲဒီကင်းမှာ သုံးယောက်ကျတဲ့အထဲက စံရွှေဆိုတဲ့အကောင်က ကင်းတဲအောက်ဆင်းပြီး သစ်ပင်ကွယ်မှာ အပေါ့သွားနေတုန်း သူ့ဘေးက ဖြတ်သွားတာဆိုပဲကွ၊ တစ်ကိုယ်လုံး မည်းနက်ပြီး ကတုံးကြီးနဲ့တဲ့ကွ။ အရပ်ကလည်း





တော်တော်ရှည်တာဆိုပဲ၊ ထွားထွားကျိုင်းကျိုင်းကြီးတဲ့ကွ။ စံရွှေက အပေါ့သွားပြီးတာနဲ့ ကင်းတဲပေါ် ပြေးတက်ပြီး အကျိုးအကြောင်း ပြောပြတော့ ဟိုကောင်နှစ်ကောင်က ဘာလုပ်ရမှန်း မသိဘူးပေါ့ ကွာ။ သံချောင်းခေါက်ရင် ကောင်းမလားဆိုပြီး တိုင်ပင်နေကြတုန်း ရှိသေးတယ်၊ အနောက်ပိုင်းကင်းက သံချောင်းထခေါက်တော့ သူတို့ပါ ခေါက်တော့တာပေါ့ကွာ။ ဒါနဲ့ ရွာထုံးစံအတိုင်း ယောကျ်ားတွေ တစ်အိမ် တစ်ယောက် ထွက်ကြပြီး ကင်းတဲတွေ သွားကြတော့မှ ဒီသတင်းကို ကြားရတာပေါ့ကွာ၊ ဒါနဲ့ လူစုပြီး ရွာထဲက လမ်းတွေမှာ ဓာတ်မီးတွေနဲ့ထိုးပြီး ကင်းလှည့်ကြတာပေါ့ကွာ၊ ဘာမှတော့ ထပ်ပြီးမတွေ့ဘူးတဲ့ တာတေရ”

“နေပါဦး ကိုကြီးပွေလီရ၊ အနောက်ပိုင်းကင်းက သံချောင်းထခေါက်တာ သူတို့ရော ဘာတွေ့လို့တုံး”

“သူတို့လည်း အဲဒီလူနက်ကြီးကို တွေ့လို့တဲ့ကွ”

ကျုပ်လည်း နဂါးဆေးပေါ့လိပ်ကလေး ဖွာရင်း ကိုကြီး ပွေလီပြောတဲ့ လူနက်ကြီးအကြောင်း တွေးနေတော့တာပေါ့ဗျာ။

“ကိုကြီးပွေလီရော ညက ထွက်ကြည့်သေးလား”

ကျုပ်က ကိုကြီးပွေလီကို မေးလိုက်တော့ ကိုကြီးပွေလီ က သောက်လက်စ နဂါးဆေးပေါ့လိပ်ကလေးကို ပြာခံခွက်ထဲ

ထည့်ပြီး အမေလာချပေးသွားတဲ့ လက်ဖက်ကို တစ်ဇွန်းခပ်စား လိုက်တယ်။ ပြီးတော့မှ ကျုပ်ကို တစ်ချက်ကြည့်ပြီး ပြောတာဗျ။

“အေး၊ အဲဒီကိစ္စကို ပြောချင်လို့ ငါလာတာကွ တာတေ ရ”

“ဟင် ဟုတ်လား၊ ပြောပါဦး ကိုကြီးပွေလီရဲ့”

“ငါ ဒီအကြောင်းကို ဘယ်သူ့မှ မပြောဘဲ မင်းကို လာပြောတာကွ တာတေရ၊ ဒီလိုဟ၊ ညက သံချောင်းတွေခေါက် တော့ ငါလည်း နိုးပြီး ထတာပေါ့ကွ၊ ဒါပေမဲ့ ရှုပ်ထွေးက သုတ်သီးသုတ်ပျာနဲ့ ထွက်သွားရောဟ၊ ‘အစ်ကို မင်းအိမ်စောင့် နေခဲ့၊ ငါသွားလိုက်မယ်’ လို့ ပြောသွားတယ်။ ဒါနဲ့ ငါလည်း ဝိုင်းဝက မန်ကျည်းပင်ကွယ်ပြီး ကိုင်းခုတ်ဓားတစ်ချောင်း လက် ထဲကိုင်ထားလိုက်တယ်၊ အိမ်ကိုပဲ ကင်းစောင့်နေရတာပေါ့ကွာ။ အဘတို့ အမေတို့ကတော့ အိမ်ပေါ်မှာပဲ နေကြတာပေါ့ကွာ၊ ခဏနေတော့ လူနက်ကြီးက ငါတို့ဝိုင်းနား ရောက်လာတယ်ကွ”

“ဗျာ၊ လူနက်ကြီး ရောက်လာတယ် ဟုတ်လား ကိုကြီး ပွေလီ”

“အေး ဟုတ်တယ် တာတေ၊ အရပ်ကြီးက ခုနစ်ပေ လောက် ရှိမယ်ကွ၊ ခေါင်းတုံးကြီးနဲ့၊ တစ်ကိုယ်လုံး မဲနက်နေတာ





ပါပဲကွာ၊ ညက လရောင်လေး နည်းနည်းရှိလို့သာ မြင်ရတာကွ၊ အောက်ပိုင်းက နံငယ်ပိုင်းလိုဟာမျိုး ပတ်ထားတယ်ကွ၊ အပေါ် ပိုင်းက အင်္ကျီမပါဘူး၊ ကိုယ်တုံးလုံးကြီးကွ တာတေရ၊ မျက်လုံး ကြီး နှစ်လုံးက နီရဲပြီး ပြူးထွက်နေလိုင်သ်တာကွာ၊ ကျွတ်ထွက် သွားတော့မယ့်အတိုင်းပဲဟ”

“ကိုကြီးပွေလီ ငြိမ်နေရတာပေါ့ ဟုတ်လား”

“ဘယ်က ငြိမ်နေမှာတုံး တာတေရ၊ တစ်ရွာလုံး ဝိုင်းရှာ နေတဲ့ အကောင်ကြီး ငါတို့ဝိုင်းရှေ့တည့်တည့် ရောက်လာမှတော့ ငြိမ်နေမလားကွာ၊ လက်ထဲက ကိုင်းခုတ်ဓားကို ကျစ်ကျစ်ပါ အောင်ဆုပ်ပြီး စလွယ်သိုင်းပြေးဝိုင်းလိုက်တာပေါ့ကွာ”

“ဟာ…ခုတ်မိသွားလား ကိုကြီးပွေလီ”

“ခုတ်မိတာပေါ့ တာတေရ၊ ဒါပေမဲ့ လေကို ခုတ်လိုက် ရသလိုပါပဲကွာ၊ ငါ ဓားနဲ့ခုတ်တာတွေ့တော့ လူနက်ကြီးက စိတ်ဆိုးပြီး ငါ့ကို ခြေထောက်နဲ့ လှည့်ကန်လိုက်တာ လက်ထဲက ဓားလွတ်ကျပြီး နှစ်လန်လောက် လွင့်ထွက်သွားတာဟ”

“ဟင်၊ ကိုကြီးပွေလီ ဓားနဲ့ခုတ်တုန်းက လေကို ခုတ်ရ သလိုဖြစ်ပြီး သူကန်တော့ လွင့်သွားတယ်ဆိုတော့ ဘယ်လိုတုံးဗျ”

“ဒါတော့ ငါ မသိဘူး တာတေ၊ ငါ ကပျာကယာ

ကျုံးထပြီး ကြည့်လိုက်တော့ ဘာမှမတွေ့တော့ဘူးကွ၊ ဒါနဲ့ ငါလည်း လက်ထဲက လွတ်ကျသွားတဲ့ ကိုင်းခုတ်ဓားကို ကောက်ပြီး ဝိုင်းထဲ ပြန်ဝင်နေလိုက်တယ်''

''ဒီအကြောင်း ရွာကလူတွေကို ပြောသေးလား ကိုကြီးမွေလီ''

''ဟာ ငါပြောလို့ ဘယ်သူက ယုံမှာတုံးကွ တာတေရ၊ ငါကြွားပြောတယ်လို့ပဲ ထင်မှာပေါ့၊ ငါ့မှာတော့ ညက အကာနမ်ခံလိုက်ရတာ ကျောကုန်းကြီး အောင့်နေတုန်းပဲဟေ့''

''ကျောကုန်းကို ကန်သွားတာလား''

''အေးလေ၊ ငါက ဓားနဲ့ ပြေးဝိုင်းတော့ လေကို ခုတ်ရသလိုဖြစ်ပြီး လူက အရှိန်လွန်သွားတာပေါ့ကွာ၊ ဒီတော့ ငါ့ကျောကုန်းကို လှမ်းကန်လိုက်တာ ဖြစ်မှာပေါ့''

''ဒါဆိုရင် အင်္ကျီချွတ်ပြီး ကျောကုန်းပြစမ်းဗျာ၊ ကျုပ် ကျောကုန်းကို ကြည့်ချင်တယ်''

ကျုပ်ပြောလိုက်တော့ ကိုမွေလီက အင်္ကျီချွတ်ပြီး ကျောကုန်း လှည့်ပြတယ်။

''ကိုကြီးမွေလီကလည်း ကျောကုန်းမှာ ခြေဖနောင့်ရာကြီး ထင်နေတာကိုးဗျ၊ နည်းတဲ့အရာကြီး မဟုတ်ဘူး၊ နီရဲနေတာ





အသာလေးနေ၊ ကျုပ် ဆေးလိမ်းပေးမယ်''

ကျုပ်က သစ်စုန်းဆေးတော်ကို ရေထဲ နည်းနည်းခြစ်ထည့်ပြီး ကိုကြီးမွေလီရဲ့ ကျောကုန်းကို လိမ်းပေးလိုက်တယ်။

''ဒီအကြောင်းတွေကို ရွာမှာ ငါ ဘယ်သူ့ကိုမှ မပြောဘူး၊ မင်းကိုပဲ လာပြောတာကွ၊ ရွာမှာပြောလိုက်ရင် တချို့က ငါ့ကို ယုံမှာမဟုတ်ဘူး၊ ငါကြွားတယ်လို့ထင်မယ်၊ တချို့က ယုံချင်ယုံမယ်၊ ယုံတဲ့လူတွေကလည်း တအားကြောက်သွားလိမ့်မယ်၊ အခုတောင် ကလေးတွေ ရွာလမ်းမထွက်နဲ့၊ လူနက်ကြီးဖမ်းသွားလိမ့်မယ် ဘာညာနဲ့ ပြောနေကြပြီဟေ့''

''ဟုတ်တယ် ကိုကြီးမွေလီ၊ မပြောတာ ကောင်းတယ်ဗျ''

''အေး၊ မင်းကတော့ ဒီကိစ္စတွေကို နားလည်တယ်ဆိုပြီး မင်းကို တိုးတိုးတိတ်တိတ် လာပြောတာကွ''

''ကျုပ် စဉ်းစားကြည့်ပါဦးမယ်ဗျာ''

ကိုကြီးမွေလီက ချက်ချင်းမပြန်သေးဘဲ ကျုပ်နဲ့ စကားထိုင်ပြောနေသေးတယ်ဗျ။

''တာတေရေ၊ မင်းဆေးလိမ်းပေးလိုက်လို့ ထင်တယ်ကွ၊ ကျောကုန်းအောင့်တာ ပျောက်သွားပြီ''

"ဟုတ်လား၊ ဒါဆိုရင် ကျောကုန်းပြဦးဗျာ၊ ကျုပ် တစ်ခါထပ်ကြည့်ဦးမယ်"

ကျုပ်ပြောတော့ ကိုကြီးပွေလီက အင်္ကျီချွတ်ပြီး သူ့ကျော ကုန်းကို ပြရှာတယ်ဗျ။

"ဟာ…ဖနောင့်ရာကြီး မရှိတော့ဘူး ကိုကြီးပွေလီရေ"

"ဟေ…ဟုတ်လား၊ မင်းဆေးက တော်တော်စွမ်းပါ လား၊ တာတေရ"

"ဆေးစွမ်းတာထက် ကိုကြီးပွေလီကို ကန်သွားတာ မကောင်းဆိုးဝါးဆိုတာ သေချာနေပြီဗျ၊ ဒါ သစ်စုန်းဆေးတော်ဗျ၊ ကန်သွားတာက လူဆိုရင် ဘာမှထူးခြားမှာ မဟုတ်ဘူး၊ အခုဟာ က မကောင်းဆိုးဝါး ကန်တာမို့လို့ ချက်ချင်းပျောက်သွားတာ၊ သစ်စုန်းဆေးတော်က စုန်း၊ တစ္ဆေ၊ သရဲ၊ ဘုတ်၊ ပြိတ္တာတွေဆိုရင် လွတ်နိုင်တဲ့ဆေးဗျ ကိုကြီးပွေလီရဲ့"

"ဟေ…ဒါဆိုရင် ညက ငါ ဓားနဲ့ပြေးခုတ်တဲ့ လူနက် ကြီးက လူမဟုတ်ဘူးပေါ့ ဟုတ်လား တာတေ"

"ဘယ်က လူဟုတ်မှာတုံး ကိုကြီးပွေလီရာ၊ အဲဒါ တစ္ဆေလား၊ သရဲလား၊ မြေဘုတ်လား တစ်ခုခုပဲဗျ"

"ဟာ ဒါဆိုရင် တို့ရွာထဲကို မကောင်းဆိုးဝါး ဝင်နေပြီ





ပေါ့ တာတေ"

"ဟုတ်တယ်ဗျ ကိုကြီးပွေလီရ၊ သတိတော့ ထားကြရ လိမ့်မယ်၊ ရွာထဲကို မကောင်းဆိုးဝါး ရောက်နေတယ်ဆိုတာ ကောင်းတာမဟုတ်ဘူးဗျ၊ ဒီအကောင် ရွာထဲကို ဘယ်လိုလုပ်ပြီး ဝင်လာတာပါလိမ့်။ ဒီလိုအကောင်တွေ မပြောနဲ့၊ မဖဲဝါတောင် ရွာတွေထဲကို ဝင်လို့မရဘူး၊ ရွာတွေမှာ သူ့ပိုင်ရာဆိုင်ရာဆိုတာ ရှိတယ်ဗျ ကိုကြီးပွေလီရဲ့။ တစ္ဆေ၊ သရဲတွေ ဝင်ချင်တိုင်း ဝင်လို့ ရတာမဟုတ်ဘူး။ အထက်ပုဂ္ဂိုလ်ကြီးတွေရဲ့ အမိန့်ဆိုတာကို ဒီလို ကောင်တွေ နည်းနည်းမှ လွန်ဆန်ရဲတာ မဟုတ်ဘူးဗျ။ တစ်ခါ တစ်ရံတော့လည်း ပိုင်ရာဆိုင်ရာတွေရဲ့ အလစ်မှာ ဝင်သွားတာတွေ တော့ ရှိတာပေါ့ဗျာ။ ဒါလည်း ခဏပါပဲ၊ နောက်တော့ သိသွား တာပါပဲ၊ ဒါပေမဲ့ မွေးထားတဲ့ သရဲတွေကျတော့ တစ်မျိုးပေါ့ဗျာ၊ သူတို့ကတော့ ရွာသားလို ဖြစ်နေတော့ ရွာထဲမှာ သွားလာနေနိုင် ကြတယ်ဗျ၊ ဒါလည်း စည်းကမ်းနဲ့ နေကြရတာ။ အခုဟာက ဘာလဲဆိုတာကိုတော့ ကျုပ်တို့ စောင့်ကြည့်ရဦးမယ်ဗျ ကိုကြီး ပွေလီရ"

"အေး အေး၊ ဒါဆိုရင် ငါပြန်ဦးမယ်ကွာ၊ မင်းဆီကို ဒါလာပြီး ဒီအကြောင်းတွေပြောတာ ဘယ်သူမှ မသိစေနဲ့ကွာ"

"ဟာ ဒါတော့ စိတ်ချ ကိုကြီးပွေလီရေ၊ အဲဒီမှာ အကြောင်းထူးရင်သာ ကျုပ်ကို ချက်ချင်းလာပြောဗျာ"

"အေး ပြောမယ်၊ ပြောမယ်"

ဝါးဖတ်ခမောက်ကလေး ခေါင်းမှာ ပြန်ဆောင်းလိုက်ပြီး နှုတ်ခမ်းမွေးပြားပြားနဲ့ ကိုပွေလီကြီး ပြန်သွားရောဗျို့။ ကျုပ်က တော့ လူနက်ကြီးအကြောင်းကို ကျုပ်ဆက်ပြီး တွေးနေမိတော့တာ ပေါ့ဗျာ။

ကျုပ်စိတ်ထင်တော့ တစ်နေရာရာကို သွားရင်းနဲ့ ရွာထဲ ကိုဝင်ပြီး ဖြတ်သွားတာ ဖြစ်မှာပေါ့ဗျာ။ ဒါပေမဲ့ ကိုကြီးပွေလီ ပြေးပြီး ဓားနဲ့ပိုင်းလိုက်တဲ့ လူနက်ကြီးကိုတော့ ကျုပ် တော်တော် လေး စိတ်ဝင်စားသွားတာ အမှန်ပဲဗျ။

နေတော်တော်လေး မြင့်လာတော့ ညက ဘန့်ဘွေးကုန်း မှာ တွေ့လိုက်တဲ့ လူနက်ကြီးသတင်းက ကျုပ်တို့ ထနောင်းကုန်း မှာ တော်တော်လေး ပျံ့နေပြီဗျ။

ဈေးဆိုင်မှာ ဈေးသွားဝယ်ပြီး ပြန်လာတဲ့ ကျုပ်အမေက တောင် ကျုပ်ကို ဒီအကြောင်း ပြန်ပြောလို့ဗျ။

"တာတေ၊ မနက်စောစောက ပွေလီ နင့်ဆီလာသွားတာ ဒီကိစ္စ လာပြောတာမို့လား၊ ညက ဘန့်ဘွေးကုန်းမှာ လူနက်ကြီး





င်တဲ့ကိစ္စလေ"

"ဟုတ်တယ် အမေရ၊ သက်သက်လန့်တာနေမှာပါဗျာ"

ကျုပ်က အမေ ဘာတွေကြားလာလဲဆိုတာ သိချင်တာနဲ့ မင်ပြောလိုက်တာဗျ။ အမေက ကျုပ်ဘက်ကို လှည့်လိုက်ပြီး ပြောရောဗျ။

"တာတေ၊ သက်သက်လန့်တာ မဟုတ်ဘူးဟဲ့၊ မြင်တဲ့ သူတွေက တကယ်မြင်လိုက်တာတဲ့၊ အရပ်ကြီးက ဆယ်ပေ လောက် ရှိတယ်ဆိုပဲ၊ ကိုယ်လုံးကြီးကလည်း အကြီးကြီးပဲတဲ့ဟဲ့"

ကျုပ်တို့ရွာသားတွေဆီကို ရောက်လာပြီဆိုရင် တစ်စိတ် တစ်အိတ်ဖြစ်ပြီပေါ့ဗျာ။

"သရဲတွေ့လိုက်တာ ဖြစ်မှာပေါ့ အမေရာ"

"ဒါနဲ့ ပွေလီကရော ဘာတွေပြောသွားတုံး နင့်ကို"

"အဲဒီအကြောင်းပဲ လာပြောတာပါ အမေရာ၊ ညက သူတို့တစ်ရွာလုံး လန့်ကြတဲ့အကြောင်းပေါ့"

"အေးဟဲ့၊ ညက ငါလည်း အိပ်ပျော်သွားလိုက်တာ းလင်းမှ တစ်ရေးပဲနိုးတာ၊ ခါတိုင်းဆိုရင် တစ်ညကို နှစ်ခါ းခါ နိုးတာ၊ ဒါကြောင့် ဘာသံမှ မကြားလိုက်တာ။ ရွာထဲက တွေက ညတည်းက အသံတွေကြားလို့ ထွက်ကြည့်ကြတယ်

ဆိုပဲ၊ သူတို့က ဘန့်ဘွေးကုန်း မီးလောင်တယ်ထင်လို့ ထွက်ကြည့်ကြတာတဲ့"

"ကျုပ်လည်း အိပ်ပျော်နေတာ၊ ဘာသံမှ မကြားလိုက်ဘူး အမေရ၊ ကိုမွေလီကြီး လာပြောမှ ဒီအကြောင်း သိတာဗျ"

"နေဦးဟဲ့ တာတေရဲ့၊ ဒီည ငါတို့ကင်းလှည့်ထင်တယ်"

အမေပြောမှ ကျုပ် ရက်တွက်ကြည့်မိတယ်ဗျ။

"ဟာ ဟုတ်သားပဲ အမေရ၊ ဒီည ကျုပ်ကင်းလှည့်ဗျ၊ ကျုပ်ရယ်၊ ချက်ဖောင်းရယ်၊ ပုရစ်ရယ် ကင်းတွဲဗျ"

"အေး ဒါဆိုလည်း သတိဝီရိယနဲ့ စောင့်ကြနော်၊ အကုန်လုံးလည်း တစ်ပြိုင်တည်း အိပ်မနေကြနဲ့ဦး"

"မအိပ်ပါဘူး အမေရာ၊ အလှည့်ကျ အိပ်တာပါ၊ နှစ်ယောက်စောင့် တစ်ယောက်အိပ်ပေါ့ဗျာ"

ညနေ လေးနာရီလောက်ကျတော့ အဘ မြို့ကပြန်ရောက်လာတယ်ဗျ။ ကျုပ်တို့ရွာမှာက ကားထောင်တဲ့လူ မရှိဘူးလေဗျာ။ ဘန့်ဘွေးကုန်းမှာသာ ကားထောင်တဲ့သူရှိတာ။ ကျုပ်တို့ မြို့သွားချင်ရင် ဘန့်ဘွေးကုန်းကိုသွားပြီး စီးကြရတာ။ ပြန်ရင်လည်း ဘန့်ဘွေးကုန်းကနေ ရွာကို လျှောက်ပြန်ရတာဗျ။

အဘလည်း ဘန့်ဘွေးကုန်းမှာ ဒီသတင်း ကြားခဲ့ပြီးပြီ





ပေါ့ဗျာ။

"ကိုညဏ် တော် ဘာတွေကြားခဲ့တုံး"

အမေက အဘကို ဆီးမေးတော့တာဗျို့။ အဘက ခေါင်းပေါင်းထားတဲ့ အညာတဘက်အကြားလေးကို ဖြုတ်လိုက်ပြီးပြောသဗျ။

"အေး ကြားတယ်ဟဲ့ ငွေစိန်ရဲ့၊ လူနက်ကြီး တွေ့လို့တဲ့၊ င်းတဲက သံချောင်းခေါက်လို့ ရွာသားတွေ ဝိုင်းလိုက်တော့ ပျောက်သွားတယ်တဲ့၊ သံရဲနေမှာပေါ့ဟယ်၊ ဘယ်ကသရဲက ရွာထဲ ဝင်လာတာလဲမှ မသိတာ၊ ရွာသားတွေနဲ့ တွေ့တော့ သရဲည်း ပြေးရတော့တာပေါ့ဟာ"

အဘကတော့ ကျုပ်တွေးသလိုပဲ တွေးတာဗျ။ သိပ်လည်း အရေးထားပုံ မရဘူးဗျ။

ညဲရောက်တော့ ကျောက်ခဲနဲ့ သံမဏီ ကျုပ်ကို လာခေါ်ယ်။ ဒီကောင်နှစ်ကောင်က ကျုပ်ကင်းလှည့်ဆိုရင် ကျုပ်ဆီကိုာနေကျဗျ။ ကင်းတဲမှာ ရေနွေးသောက်၊ စကားပြောနဲ့တော်တော်လေး ညဉ့်နက်မှ ပြန်အိပ်ကြတာ။

ကျုပ်က ရွာလယ်ကင်းမှာ စောင့်ရတာလေဗျာ။ ဘန့်ဘွေးကုန်းက သုံးကင်းပဲထားတာ။ ကျုပ်တို့ ထနောင်းကုန်းက

ရွာပိုကြီးတော့ ငါးကင်းထားရတယ်။ ရွာလယ်ကင်း၊ အရှေ့ပိုင်းကင်း၊ အနောက်ပိုင်းကင်း၊ တောင်ပိုင်းကင်း၊ မြောက်ပိုင်းကင်း အားလုံး ငါးကင်းဗျ။ ကိုယ့်အိမ် ကင်းလှည့်ကျလို့ မစောင့်နိုင်ရင် လူငှားရတာပေါ့ဗျာ။

ကျုပ်တို့ရောက်တော့ ပုရစ်က ရောက်နှင့်နေပြီဗျ။ ချက်ဖောင်းတော့ မရောက်သေးဘူးဗျ။ ပုရစ်အိမ်က လက်ဖက်ခြောက်ခပ်ပြီး ယူလာတဲ့ ရေနွေးကြမ်းကရားကြီးက အသင့်ချလို့ဗျ။ အကြွမ်းပန်းကန် ငါးလုံးလည်း ဆေးပြီးသားချလို့။

ကျုပ်က လွယ်အိတ်ထဲက ပဲကြီးလှော်ထုပ်ကြီးကို ထုတ်ပြီးချလိုက်တယ်။ ထန်းလျက်ခဲထုပ်လည်း ကျုပ်ယူလာတာ ချပေးလိုက်တယ်။

ကျုပ်တို့လေးယောက် ရေနွေးအိုးကြီးကို ဝိုင်းထိုင်ပြီး အကြမ်းဝိုင်းဖွဲ့ရုံပဲ ရှိသေးတယ်။ ချက်ဖောင်း ရောက်လာတယ်ဗျ။ ဒီကောင့်မှာ အညာစောင်အထူကြီးတစ်ထည် ပါလာတယ်။ လေးခွတစ်ချောင်းနဲ့ လောက်စာလုံးတွေလည်း ပါလာတယ်။

ပုရစ်က ချက်ဖောင်းရဲ့ လေးခွကို သေသေချာချာကြည့်ပြီး ပြောလိုက်တယ်။

“ဟာ မင်းလေးခွက ကောင်းလှချည်လားကွ၊ ကျွဲချိုခွပဲ





ချက်ဖောင်းရ”

ဟုတ်တယ်ဗျ။ ချက်ဖောင်းလေးခွက ကျွဲချိုခွဗျ။ ကွေးကွေးလေး လုပ်ထားတာ။ တော်တော်လှတယ်။

“ငါ့ခွက ကျွဲချိုတော့ မဟုတ်ဘူးကွ၊ ဒါပေမဲ့ ပိတောက်သားခွကွ၊ ခွလုပ်ထားတာ အချိုးကိုက်လို့လား မသိဘူး၊ ပစ်လိုက်ရင် တန်းမှန်တာပဲဟ”

ပြောပြောဆိုဆိုနဲ့ ပုရစ်ကလည်း သူ့လေးခွကို ထုတ်ပြတယ်။ ပိတောက်သားခွ ညိုညိုလေးဗျ။ ကျုပ်ကတော့ ဘာခွမှ ပါဘူး။ ငါးတောင့်ထိုး ဓာတ်မီးကြီးပဲပါတယ်။

ကင်းတဲပေါ်မှာ စကားလေးပြောလိုက် ပဲကြီးလှော်နဲ့ န်းလျက်ခဲလေး စားလိုက်၊ ရေနွေးကြမ်းလေး သောက်လိုက်နဲ့ ပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့အားလုံး နားတွေ မျက်စိတွေကတော့ င့်ထားကြရတာဗျ။ တစ်နေရာရာက ချွတ်ကနဲ ကြားတာနဲ့ ကျုပ် က်ထဲက ငါးတောင့်ထိုးဓာတ်မီးကြီးနဲ့ ထိုးကြည့်ပြီးသားပဲဗျို့။

ညဆယ်နာရီကျော်တာနဲ့ တော်တော်အေးလာပြီဗျ။ ျာက်ခဲနဲ့ သံမဏိတို့နှစ်ယောက်က ခေါင်းစွပ်တွေထုတ်ပြီး ကြပြီဗျို့။ အနွေးထည်ကြီးတွေ ဝတ်ထားတဲ့ကြားကကို ချမ်းနေ ာဗျ။ ဒီကောင်နှစ်ကောင် ပုဆိုးတွေ ခြုံထားကြတယ်။ တကယ်

ချမ်းလာပြီဆိုရင် ပုဆိုးခြုံတာက လွတ်နွေးတာကိုးဗျ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

"ဟော ခွေးဟောင်တယ်၊ ခွေးဟောင်တယ်"

ချက်ဖောင်းက ပြောတာဗျ။ ကျုပ်တို့အားလုံး ခွေးဟောင်သံကို နားစွင့်ကြတယ်။ မြောက်ပိုင်းကလာတဲ့ အသံဗျ။ ခွေးဟောင်တဲ့အသံကို ကျုပ် သေသေချာချာ နားထောင်တော့ တစ်ခုခုတော့ ထူးပြီဆိုတာ ကျုပ်သိလိုက်တယ်ဗျ။

ဒါပေမဲ့ ခွေးဟောင်သံက ရပ်သွားတယ်။ ကျုပ်တို့အားလုံး နားစွင့်ပေမယ့် ဘာသံမှ မကြားတော့ဘူးဗျ။ ဒါပေမဲ့ ဆယ့်တစ်နာရီလောက်ရောက်တော့ ကျောက်ခဲနဲ့ သံမဏိ ပြန်သွားကြတယ်။

သန်းခေါင်ကျော်လောက်ရောက်တော့ အနောက်ပိုင်းက လူတစ်ယောက်အော်တဲ့အသံနဲ့ ခွေးတွေ စူးစူးဝါးဝါး ထိုးဟောင်လိုက်တဲ့အသံ ပေါ်လာရောဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

"လူနက်ကြီးဟေ့၊ လူနက်ကြီး၊ နွားပေါက်ကလေး ပါသွားပြီဟေ့၊ လိုက်ကြပါဟ၊ လိုက်ကြပါ"

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"





ဟော မြောက်ပိုင်းကင်းကလည်း ခေါက်ပြီ။ ဟော အရှေ့ပိုင်း၊ တောင်ပိုင်း ကျုပ်တို့လည်း ခေါက်ရပြီပေါ့ဗျာ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ပုရစ်က အချက်ပေးတဲ့ ကင်းသံချောင်းကို ခေါက်တယ်။ ကျုပ်က ကင်းတဲလာကတည်းက မလိုမယ်ကာ မျက်ကွင်းဆေး ကွင်းလာတာဗျ။ ကျုပ် ဓာတ်မီးနဲ့ထိုးပြီး အရှေ့ အနောက် တောင် မြောက် အားလုံး လိုက်ကြည့်တယ်။

"ဟာ လူနက်ကြီး၊ လူနက်ကြီး"

ကျုပ်ပါးစပ်က လွတ်ကနဲ အော်လိုက်မိတာဗျ။

ကျုပ်ရဲ့ ဓာတ်မီးရောင်အောက်ကနေ ဖြတ်ပြေးသွားတာဗျို့။

"ဟင်...တာတေ၊ လူနက်ကြီး ဟုတ်လား"

ချက်ဖောင်းက ကြောက်လန့်တကြား မေးတာဗျို့။

"အေး ဟုတ်တယ်၊ မြောက်ဘက်ကိုပြေးပြီ၊ ပခုံးပေါ်မှာ နွားပေါက်လေး ထမ်းသွားတယ်ကွ၊ နည်းတဲ့အရပ်ကြီး မဟုတ်ဘူး ခေါင်းတုံးကြီးနဲ့ကွ"

"ဟာ ဟုတ်လား၊ မင်း သေသေချာချာ မြင်လိုက်တယ် ဟုတ်လား တာတေ"

“အေး ငါမြင်လိုက်တယ်၊ ဒီကောင်ကြီးတော့ ငါတို့ရွာကို မွေပြီဟေ့”

ခဏနေတော့ အိမ်ထဲကလူတွေ ထွက်လာကြရောဗျို့။ ဓာတ်မီးတွေ တဝင်းဝင်းနဲ့ ဟိုထိုး သည်ထိုး လုပ်ကြတာပေါ့ဗျာ။

“မြောက်ပိုင်းက စံကွန့်တို့ဝိုင်းထဲက နွားပေါက်ကလေးကို ဝင်ဆွဲတာတဲ့ကွ”

“ဟာ ဟုတ်လား၊ ပါသွားရောလား”

“အေး ပါသွားတယ်၊ နွားဖြူလေးတဲ့ကွ”

“ဟာ လူနက်ကြီး ဟုတ်လား”

“အေး စံကွန့် မြင်လိုက်တာ လူနက်ကြီးတဲ့ကွ”

တစ်ယောက်တစ်ပေါက် ပြောသံတွေ ဆူညံနေတော့တာပေါ့ဗျာ။

“ကိုကြီးဟာတေ၊ မြင်လိုက်သေးလား”

ကျောက်ခဲနဲ့ သံမဏိပါ ပြန်ရောက်လာကြတာဗျ။ ကျောက်ခဲက ကျုပ်ကို မေးတာ။

ကျုပ်က အသံခပ်တိုးတိုးနဲ့ ကျောက်ခဲတို့ကို ပြောပြတယ်။

“ငါ အိမ်မှာကတည်းက မျက်ကွင်းဆေး ကွင်းလာတာ





ကွ၊ ဟိုဘက်လမ်းကို ဖြတ်ပြေးသွားတာ၊ ငါ့ဓာတ်မီးရောင်အောက်မှာ သေသေချာချာကို မြင်ရတာ၊ လူနက်ကြီးကွ ကျောက်ခဲရေ၊ အရပ်ကြီး အရှည်ကြီးပဲ ခုနစ်ပေလောက် ရှိမယ်၊ ခေါင်းတုံးကြီးနဲ့၊ ကိုယ်လုံးကြီးကလည်း အကြီးကြီးပဲ။ နံကယ်ပိုင်း အပြာကွက်ကြီးခည်းထားတာ၊ အပေါ်ပိုင်းက ဘာမှမပါဘူးကွ။ နွားပေါက်အဖြူလေးထမ်းပြီး ပြေးသွားတာကွ”

“ဟာ…ကြောက်စရာကြီးပါလား ကိုကြီးတာတေရာ”

ခဏနေတော့ ကလေးတွေကို နေခဲ့ခိုင်းပြီး လူကြီးတွေနဲ့ ကာလသားတွေစုပြီး မြောက်ပိုင်းမှာ ဓာတ်မီးတွေနဲ့ လိုက်ထိုးပြီး ရှာကြတာပေါ့ဗျာ။ သစ်ပင်ကြိုကြား၊ အိမ်တွေပတ်ပတ်လည်၊ လမ်းကြိုလမ်းကြား၊ အို…နေရာလပ်မကျန်အောင် ရှာကြတာဗျို့။ ဒါပေမဲ့ ဘာမှ မတွေ့ပါဘူးဗျာ။

ဒါနဲ့ မြောက်တံခါးဖွင့်ပြီး ရွာပြင်ထွက်ရှာကြတယ်။

“ဟာ…ဟိုမှာ၊ ဟိုမှာ နွားဖြူလေး၊ နွားဖြူလေး”

ဘထွေးထွန်းလှက အရင်ဆုံး လှမ်းမြင်လိုက်တာဗျ။ ဘန့်ဘွေးကုန်းကို သွားတဲ့လမ်းက ဘိစပ်ချုံကြီးဘေးမှာ လဲနေတဲ့ နွားဖြူလေးကို မီးရောင်အောက်မှာ လှမ်းမြင်ရတာဗျ။

“ဟော့ကောင်တွေ ရမ်းမသွားနဲ့၊ သတိထား၊ ဘိစပ်ချုံထဲ

ကို လေးခွနဲ့ အရင်ပစ်ကြည့်စမ်း''

လေးလေးချက်ကြီးက အော်ပြီး သတိပေးတော့မှ ရှေ့က သွားနေတဲ့လူတွေ တုံ့ကနဲရပ်သွားပြီး ဘီစပ်ချုံထဲကို လေးခွတွေနဲ့ ဝိုင်းပစ်ကြတော့တာဗျို့။ ဒါပေမဲ့ ဘာမှမရှိပါဘူး။ ဒီတော့မှ ရှေ့တိုးသွားကြတာပေါ့ဗျာ။

နွားဖြူလေးက သေနေပါပြီ။ ကျုပ်တို့ ဓာတ်မီးတွေနဲ့ ထိုးပြီးကြည့်တော့ လည်ပင်းကို လိမ်ပြီးချိုးထားတာဗျ။ ပြီးတော့ ဂုတ်မှာ ဒဏ်ရာကြီးဗျ၊ နည်းတဲ့ဒဏ်ရာ မဟုတ်ဘူး။

ဒါနဲ့ ဒါ ဘာဒဏ်ရာလဲဆိုပြီး လူကြီးတွေက ကြည့်ကြတော့ ဓားဒဏ်ရာလည်း မဟုတ်ဘူးဗျ။

''ဟာ…ဒါ ပါးစပ်နဲ့ ကိုက်ထားတဲ့ ဒဏ်ရာကွ၊ ပါးစပ်နဲ့ကိုက်ပြီး သွေးစုပ်သွားတာကွ၊ နွားကိုယ်ထဲမှာ သွေးမရှိတော့ဘူး၊ မယုံရင် မင်းတို့ ဖိပြီးညှစ်ကြည့်''

ဘထွေးထွန်းလှက ပြောတော့ ကိုရွှေမောင်း ဆိုတဲ့ တောင်ပိုင်းကလူက နွားကို ဖိပြီးညှစ်ကြည့်တယ်။ ဟုတ်တယ်ဗျ၊ ဘာသွေးမှ ထွက်မလာဘူး။

''ကဲ တွေ့လား၊ ဒါ သွေးစုပ်သွားတာကွ''

ဘထွေးထွန်းလှက ထပ်ပြောတော့ ကျုပ်တို့ရွာသားတွေ





တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်ကြတယ်။ ဓာတ်မီး ရောင်အောက်မှာ မျက်နှာလေးတွေ ငယ်လို့ဗျ။ တော်တော်ကို ကြောက်သွားကြတဲ့ပုံပဲဗျို့။

''ဘထွေး၊ ဒါဆိုရင် လူနက်ကြီးက သွေးစုပ်ဖုတ်ကောင်ကြီးလားဗျ''

ပုရစ်က လှမ်းမေးလိုက်တာဗျ။

''ပုရစ်ရေ၊ ဖုတ်ကောင်လား ဘာလားတော့ ဘထွေး မသိဘူးကွ၊ သွေးစုပ်တာတော့ သေချာတယ်''

ဘထွေး ပြန်ပြောလိုက်တော့ ကျုပ်တို့လူတွေလည်း ကြောင်တောင်တောင် ဖြစ်ကုန်ပြီး ဘာပြောရမှန်း မသိအောင်ကို ဖြစ်သွားရောဗျို့။

''ကဲ မျိုးဆွေတို့၊ ခင်ထွန်းတို့၊ ပေါက်စတို့ လာကြဟေ့၊ နွားဖြူလေးကို ရွာထဲ ပြန်သယ်ကြရအောင်''

လေးလေးချက်ကြီးက ဆော်ဩလိုက်တော့ ပေါက်စတို့က နွားဖြူလေးကို သယ်ဖို့ လုပ်ကြတာပေါ့ဗျာ။

''နေဦးကွ ချက်ကြီးရ၊ ငါ တစ်ခုတွေးမိတယ်ကွ၊ ဒီနွားသေကို ရွာထဲပြန်ယူလို့ ဖြစ်ပါ့မလားကွ၊ တော်တော်ကြာ လူနက်ကြီးက နွားသေနောက်ကို ပြန်လိုက်လာရင် ခက်မယ်''

ဘထွေးထွန်းလှက ပြောလိုက်တာဗျ။

"ဟင်…ဒါဆိုရင် ဘယ်လိုလုပ်မတုံး ဘထွေးရဲ့"

"ငါတော့ ဒီနားမှာပဲ ကျင်းတူးပြီး မြှုပ်ပစ်လိုက်ချင်တယ်ကွာ၊ နေဦး၊ ဒီထဲမှာ နွားရှင် စံကွန့် ပါလားဟေ့"

"ဘထွေးထွန်းလှ ကျုပ် ဒီမှာဗျ၊ ခွေးဟောင်သံတွေကြားလို့ ကျုပ် ကမျာကယာ ထကြည့်တော့ လူနက်ကြီးက ကျုပ်နွားလေးကို လည်လိမ်ချိုးပြီး ပခုံးမှာ ထမ်းပြေးတာဗျ။ ဝိုင်းတံခါးပိတ်ထားတာကို ဘယ်လိုထွက်သွားလဲ မသိဘူးဗျာ။ အပြင်ရောက်သွားတာပဲဗျ ဘထွေးရဲ့"

အားလုံးကတော့ နွားသေလေးကို ရွာပြင်မှာပဲ မြှုပ်ပစ်လိုက်စေချင်ကြတယ်ဗျ။

"ကဲ စံကွန့်၊ မင်းရော ဘယ်လိုလုပ်ချင်တုံး၊ ရွာထဲပြန်သယ်ချင်လား၊ ဒီမှာပဲ မြှုပ်ခဲ့မလား"

"ဟာ ဘထွေးတို့ ကြိုက်သလိုလုပ်ဗျာ၊ နွားက သေနေပြီပဲ၊ မကောင်းဆိုးဝါး သွေးစုပ်ထားတဲ့နွားကို ကျုပ်လည်း ရွာထဲပြန်မသယ်ချင်ပါဘူးဗျာ"

"ကဲ ဒါဆိုရင် မျိုးဆွေတို့ ရွာထဲပြန်ကွာ၊ တူရွင်းတွေ ပေါက်တူးတွေ သုံးလေးလက် ယူခဲ့၊ မြန်မြန်ပြန်ခဲ့ကြဟေ့ ကြားလား"





"ဟုတ်ကဲ့ ဘထွေး"

မျိုးဆွေတို့ ပေါက်စတို့ လေးယောက် ရွာထဲပြန်သွားပြီး ပေါက်တူးတွေ တူရွင်းတွေ ယူလာကြတယ်။ လေးလေးချက်ကြီးက ဘန့်ဘွေးပင်ကြီး နှစ်ပင်ကြားက နေရာမှာ တူးခိုင်းလိုက်တယ်ဗျ။ ကျုပ်တို့တွေ တစ်ယောက်တစ်လှည့် ဝိုင်းတူးလိုက်ကြတာ သိပ်မကြာဘူးဗျ။ ကျင်းတူးလို့ ပြီးသွားရောဗျို့။ နွားသေလေးကို မြေကျင်းအနက်ကြီးထဲမှာ ထည့်ပြီးမြှုပ်လိုက်ကြတယ်။ သေသေချာချာ မြေဖို့ပြီးမှ ကျုပ်တို့အားလုံး ရွာထဲကို ပြန်လာခဲ့ကြတယ်။ ကျုပ်တို့ကင်းမှာ နဂိုအတိုင်း သုံးယောက် ပြန်ဖြစ်သွားတော့တာပေါ့ဗျာ။ ကျုပ်တို့သုံးယောက်စလုံး မိုးလင်းတဲ့အထိ မအိပ်ဘဲစောင့်ကြပေမယ့် ဘာမှထူးထူးခြားခြား မရှိတော့ဘူးဗျ။

မနက်ကျတော့ ထနောင်းကုန်းကို လူနက်ကြီး ဝင်သွားတဲ့အကြောင်း၊ နွားပေါက်ကလေးကို ထမ်းပြီး ရွာပြင်ထွက်သွားတဲ့အကြောင်း၊ နွားလေးတစ်ကိုယ်လုံးက သွေးတွေစုပ်သွားတဲ့အကြောင်းတွေ အနီးအနားရွာတွေအထိ ပျံ့သွားတော့တာပေါ့ဗျာ။

ဘန့်ဘွေးကုန်းတို့၊ မီးလောင်ကုန်းတို့လို ကပ်နေတဲ့ရွာတွေကတော့ ချက်ချင်းရောက်လာပြီး သတင်းမေးကြတာပေါ့ဗျာ။

ပြဿနာက ဒါနဲ့တင် ပြီးမသွားဘူးဗျို့။ နောက်ညတွေက

စပြီး ထနောင်းကုန်း၊ မီးလောင်ကုန်း၊ ဘန့်ဘွေးကုန်းရွာတွေမှာ လူနက်ကြီးကို မမြင်ရတော့ပေမယ့် မနက်မိုးလင်းရင် ဟိုဝိုင်း ဒီဝိုင်းတွေမှာ အိပ်တန်းတက်နေတဲ့ ကြက်တွေ တန်းအောက်ပြုတ်ကျပြီး သေနေတာတွေ နေ့တိုင်း တွေ့ရရောဗျို့။ ကြက်တွေအားလုံးကို လည်ပင်းက ကိုက်ဖောက်ပြီး သွေးတွေစုပ်ထားတာဗျ။

ဒီတော့ ထနောင်းကုန်း၊ ဘန့်ဘွေးကုန်း၊ မီးလောင်ကုန်းက ရွာသားတွေ ထိတ်လန့်ကုန်တော့တာပေါ့ဗျာ။ ညဆိုရင် အိမ်တံခါးတွေပိတ်ပြီး အိမ်ထဲမှာပဲ နေကြတာဗျ။

ကင်းစောင့်ရတဲ့လူတွေလည်း လန့်ကြတာပေါ့ဗျာ။ ကင်းတွဲတွေတောင် ပြန့်ပြီးတွဲကြရတာဗျ။ ကင်းသုံးယောက်မှာ လူကြီးပိုင်းတစ်ယောက် ထည့်ပေးရတာပေါ့ဗျာ။ အရေးရယ် အကြောင်းရယ်ဆိုရင် လူကြီးတစ်ယောက် ပါမှ ဖြစ်မှာလေ။

ကျုပ်က သတိထားပြီး နားထောင်နေတာဗျ။ ထနောင်းကုန်းရယ်၊ ဘန့်ဘွေးကုန်းရယ်၊ မီးလောင်ကုန်းရယ်ကို လူနက်ကြီးက အလှည့်ကျ ဝင်မွှေနေတာဗျ။ ဒီညဆိုရင် ကျုပ်တို့ ထနောင်းကုန်း အလှည့်ပေါ့ဗျာ။

ကျုပ်ရယ်၊ ကျောက်ခဲရယ်၊ သံမဏိရယ် ညကိုးနာရီထိုးတာနဲ့ ရွာထဲ ထွက်ခဲ့တယ်ဗျ။ ကျုပ်ကတော့ မျက်ကွင်းဆေး





ွင်းထားတာပေါ့ဗျာ။ ကျောက်ခဲနဲ့ သံမဏိကတော့ လောက်စလုံး ွယ်အိတ် တစ်ယောက်တစ်အိတ် လွယ်လို့ဗျ။ လက်ထဲမှာလည်း လေးခွ တစ်ယောက်တစ်ချောင်း ကိုင်ထားတယ်။

ကျုပ်တွက်တာသာ မမှားဘူးဆိုရင် လူနက်ကြီး ဒီည တောင်ပိုင်းကို ဝင်မှာဗျ။ ကျုပ်တို့ တောင်ပိုင်းက ဘိုးကံစိန်တို့ ိုင်းထောင့်က မန်ကျည်းပင်ပေါ်ကိုတက်ပြီး ငြိမ်နေလိုက်ကြတယ် ျို့။ ဆယ်နာရီကျော်တာနဲ့ အေးတော့တာပါပဲဗျာ။

ဒါပေမဲ့ ကျုပ်တို့က ကိုယ့်ဇာနဲ့ကိုယ်ဆိုတော့ သိပ်အေး ယ်လို့ မထင်ကြဘူးဗျ။ ကျုပ်တို့သုံးယောက်စလုံး အနွေးထည် အထူကြီးတွေဝတ်ပြီး ခေါင်းစွပ်တွေတော့ စွပ်ထားကြတာပေါ့ဗျာ။

သန်းခေါင်ကျော်တာနဲ့ ခွေးဟောင်သံတွေ ကြားတော့တာ ျ။ ခွေးဟောင်သံတွေက တဖြည်းဖြည်း ရွေ့လာလိုက်တာ တောင်ပိုင်းကို ရောက်လာရောဗျို့။

"ကျောက်ခဲနဲ့ သံမဏိ ငြိမ်ငြိမ်လေး နေကြပေတော့ဟေ့၊ ူနက်ကြီး နီးလာပြီကွ"

ကျုပ်ပြောလို့ စကားမဆုံးခင်ဘဲ ကျုပ်မျက်စိအောက်ကို ူနက်ကြီး ရောက်လာရောဗျို့။

ဒီတစ်ခါတော့ ကျုပ် သေသေချာချာ တွေ့ရပြီဗျ။ အရုပ်

ကြီးက ခုနစ်ပေလောက် မြင့်တယ်ဗျို့။ ခေါင်းတုံးပြောင်ကြီးနဲ့ ရင်ဘတ်ကားကားကြီးမှာ ကြွက်သားတွေမှ ဖုထစ်နေတာဗျို့။ ပခုံးလုံးလုံးကြီးမှာလည်း ကြွက်သားတွေမှ ထစ်ထွက်နေတာဗျ။ ခါးမှာ နံကယ်ပိုင်းအကွက်ကြီးတစ်ကည် ပတ်ထားရာယ်။ အပေါ်ပိုင်းကတော့ ဗလာကျင်းနေတာပေါ့ဗျာ။ လူနက်ကြီးက သူ့ရဲ့ပြူးထွက်နေတဲ့ မျက်လုံးနီနီကြီးတွေနဲ့ ဟိုကြည့် ဒီကြည့် လုပ်နေတယ်ဗျို့။

ကျုပ်က မြင်နေပေမယ့် ကျောက်ခဲနဲ့ သံမဏိကတော့ ဘာမှမမြင်ကြဘူးပေါ့ဗျာ။ သူ့ကိုယ်သူ လူမမြင်အောင် သေသေချာချာ ကိုယ်ဖျောက်ထားပုံရတယ်ဗျ။

ဟော…ဝင်သွားပြီဗျို့။ လူနက်ကြီး ဝင်ချသွားပြီ။ တခြားကို သွားတာမဟုတ်ဘူးဗျ။ ဘိုးကံစိန်တို့ပိုင်းထဲကို ဝင်သွားတာဗျ။ အလုံကာထားတဲ့ ခြံစည်းရိုးကို ဖြတ်ပြီးဝင်သွားတာဗျို့။

ဟော၊ ပိုင်းထဲရောက်သွားပြီ။ ဟိုကြည့် ဒီကြည့် လုပ်နေပြီး အိမ်ဘေးက ပတ်ဝင်သွားပြီဗျို့။ ဟော ပြန်ထွက်လာပြီ။ လူနက်ကြီး ပြန်ထွက်လာပြီ။ လက်ထဲမှာ ကြက်လေးကောင် ပါလာတယ်ဗျ။ လက်တစ်ဖက်ကို နှစ်ကောင်စီ ဆွဲလာတာဗျို့။ ကြက်တွေက အော်လည်း မအော်၊ ရုန်းလည်း မရုန်းဘူးဗျ။





ဟော…ထိုင်ချလိုက်ပြီ၊ လူနက်ကြီး ထိုင်ချလိုက်ပြီဗျို့။ မြေကြီးပေါ်မှာ မုန်ဆိုးဒူးထောက်ထိုင်ပြီး ကြက်တွေကို တစ်ကောင်ပြီးတစ်ကောင် သွေးစုပ်တော့တာဗျို့။ ကြက်တွေမှာ သွေးတစ်စက်မှ မရှိတော့မှ ကြက်သေတွေကို မြေကြီးပေါ်ကို ပစ်ချခဲ့ပြီး ွက်လာရောဗျာ။ ဟော မြောက်စည်းရိုးဘက်ကို သွားနေပြီဗျို့။ ကျုပ်စိတ်ထင်တော့ လူနက်ကြီး ရွာပြင်ထွက်တော့မယ် ထင်တယ် ျ။

ကျုပ် အံ့သြတာက ဘိုးကံစိန်တို့ပိုင်းထဲက ငနီတို့၊ ညိုိ့ဆိုတဲ့ ခွေးကြီးနှစ်ကောင် တစ်ချက်မှ မဟောင်တာကို ကျုပ် ံ့သြနေတာဗျ။

"ကျောက်ခဲနဲ့ သံမဏိ ဟိုမှာကြည့်၊ ဘိုးကံစိန်တို့ပိုင်းထဲ ာ ကြက်တွေ သေနေတာ မြင်လား"

ကျုပ်ပြတော့မှ ဒီကောင်တွေ မြင်သွားတာဗျ။

"ဟာ…ဟုတ်သားပဲဗျ၊ ကြက်လေးကောင်တောင် ာတုံးအရုံး သေနေပါလား၊ ဟာ ဒါဆိုရင် ဒီပိုင်းထဲကို လူနက်ကြီး ်ပြီး သွေးစုပ်သွားတာပေါ့ ဟုတ်လား ကိုကြီးတာတေ"

"ဟုတ်တယ် ကျောက်ခဲ၊ လူနက်ကြီး စောစောကပဲ ာက်လာပြီး ကြက်တွေကို သွေးစုပ်သွားတာကွ"

"ဟာ ကိုကြီးတာတေကလည်း မြင်ရင်ပြောမှပေါ့ဗျာ။ ကျုပ်နဲ့ သံမဏိ ခွနဲ့ ဆက်တိုက်ဆွဲကြမှာပေါ့"

"ခွနဲ့ပစ်လို့ ဘာဖြစ်မှာတုံး ကျောက်ခဲရဲ့၊ ဟိုက မင်းတို့ကို မြင်သွားပြီး သွေးစုပ်သွားမှ ဒုက္ခဖြစ်နေဦးမယ်"

ကျုပ်ပြောလိုက်တော့မှ ဒီကောင်တွေ လန့်သွားတာဗျ။ ခေါင်းလေးတွေတောင် ပုသွားတယ်။ ကျုပ်တို့သုံးယောက် မန်ကျည်းပင်ပေါ်က ပြန်ဆင်းလာကြတယ်။

လမ်းလျှောက်ရင်း ကျုပ်တွေးလာတာဗျ။ ဒီလူနက်ကြီး ကြည့်ရတာ ကြွက်သားတွေ ဖုထစ်ပြီး ပန်းပုထုထားတဲ့ အရုပ်ကြီး တစ်ရုပ်လို ပုံစံကြီးဗျ။ ပြီးတော့ ကြက်တွေကို သွေးစုပ်တုန်းက ထိုင်တဲ့ပုံစံကလည်း မုဆိုးဒူးထောက် ပုံစံကြီးဗျ။ ထောင်ထားတဲ့ ဒူးခေါင်းပေါ်မှာ ကြက်ကိုတင်ပြီးမှ သွေးစုပ်တာဗျ။ လူနက်ကြီးရဲ့ ပုံစံက ထူးတော့ တော်တော်ကိုထူးနေတာဗျို့။

ကျောက်ခဲနဲ့ သံမဏိကို အိမ်တွေပြန်ပို့ပြီး ကျုပ် တစ်ယောက်တည်း တွေးရင်းနဲ့ အိမ်ပြန်လာတယ်။ ကျုပ် အိမ်ရာထဲဝင်တော့မယ်လုပ်တော့ ကျုပ်ခေါင်းထဲမှာ အတွေးတစ်ခု ဖျတ်ကနဲ ပေါ်လာတာဗျို့။

"ဟာ…ဒါ ဟိုအရုပ်ကြီးပဲ"





ဟုတ်တယ်ဗျို့။ ကျုပ်ခေါင်းထဲမှာ ပေါ်လာပြီ။ ကျုပ် ဆယ်နှစ်သားလောက်က အဘ နေမကောင်းလို့ ဘန့်ဘွေးကုန်းက ဆေးဆရာကြီး ဦးအုံ့အိမ်မှာ ဆေးသွားကုတာကို ကျုပ်သတိရသွားတယ်။ ဒီတုန်းက အဘက လမ်းမလျှောက်နိုင်လို့ ကျုပ်က လှည်းကောက်ပြီး လိုက်ပို့ရတာဗျ။ ကျုပ်က ဆယ်နှစ်သားတည်းက လှည်းကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်နေပြီလေဗျာ။

ဒီတုန်းက ဘုရားခန်းမှာ ဆေးဆရာကြီးက အဘကို သွေးစမ်းပြီး ရောဂါရှာနေတုန်း ကျုပ်က ဘုရားခန်းဘေးက အခန်းကို ကာထားတဲ့ ခန်းဆီးစကို အသာလှပ်ပြီး ကြည့်လိုက်တာဗျ။ အဲဒီမှာ ကျုပ်တွေ့တာ မဲနက်နေတဲ့ အရုပ်ကြီးဗျ။ ခေါင်းတုံးပြောင်ကြီးနဲ့ မုဆိုးဒူးထောက် ထိုင်နေတာဗျ။ ထောင်ထားတဲ့ ဒူးပေါ်မှာ လက်တစ်ဖက်တင်ထားပြီး လက်ဝါးဖြန့်ထားတယ်။ အဲဒီလက်ဝါးပေါ်မှာ ကြေးသောက်ရေခွက်ကလေးတစ်လုံး ရှိတယ်ဗျ။ အရုပ်ကို အနက်ရောင်သစ်သားနဲ့ ထုထားတာလား၊ ဒါမှမဟုတ် ဆေးအနက် သုတ်ထားတာလား ဆိုတာတော့ ကျုပ် သေသေချာချာ မသိခဲ့ဘူးဗျ။ အမြင့်က နှစ်ပေလောက် ရှိတယ်။ အောက်ပိုင်းမှာ နံကယ်ပိုင်းအကွက်ကြီး ပတ်ထားတယ်။ အပေါ်ပိုင်းကတော့ ကြွက်သားအဖုအထစ်တွေနဲ့ဗျ။

ညက **ကျုပ်** သေသေချာချာ တွေ့ခဲ့ရတဲ့ လူနက်ကြီးက အဲဒီအရုပ်နဲ့ **တစ်ပုံစံတည်းပဲဗျို့**။

ကျုပ် မဖဲဝါရဲ့ **ကိုယ်တူကိုယ်ခွဲ**အရုပ်ကလေးယူပြီး ပြောလိုက်တယ်။

“သချိုင်းရှင်မကြီး မဖဲဝါ၊ ကျုပ်တို့ရွာတွေမှာ အခုတလော သောင်းကျန်းနေတဲ့ လူနက်ကြီးဟာ ဘန့်ဘွေးကုန်းက ဆုံးသွားတဲ့ ဆေးဆရာကြီး ဆရာအုံ့အိမ်က အရုပ်ကြီးနဲ့ တစ်ပုံစံတည်းပဲဗျ။ အဲဒါ ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်ကို အိပ်မက်ပေးပြီး ပြောပြပါ မဖဲဝါ”

ကျုပ် အိပ်ပျော်သွားတော့ တစ်ပင်လုံး ဝါထိန်နေအောင် ပွင့်နေတဲ့ ဆယ့်နှစ်ရာသီပင်ကြီးနားကို ရောက်နေတယ်ဗျ။ မဖဲဝါက ကျုပ်နဲ့ရွယ်တူ ကောင်မလေးတစ်ယောက်ပုံစံ ဖန်ဆင်းထားတယ်။ ဆံပင်က အရှည်ကြီး၊ ကျောပေါ်ကို ဖြန့်ချထားတယ်။ ထဘီရော အင်္ကျီရော အဝါရောင်ဗျ။ နားအပေါ်မှာ ဆယ့်နှစ်ရာသီပွင့်အဝါလေးတစ်ပွင့် ပန်ထားတယ်။ လေတွေ တဝေါဝေါတိုက်နေပေမယ့် ဆယ့်နှစ်ရာသီပင်ကြီးနဲ့ မဖဲဝါရဲ့ခေါင်းက ဆံပင်လေး တစ်ပင်တောင် မလှုပ်ဘူးဗျ။

“တာတေ၊ နင်ထင်တာ ဟုတ်တယ်၊ အဲဒီလူနက်ကြီးက





ရာအုံ့ရဲ့ အရုပ်မှာ ဝင်နေတဲ့ ‘အရုပ်ဝိညာဉ်’ပဲ။ ဆရာအုံ့ ကုန်းက အဲဒီအရုပ်ကို သူ့ဆရာဆီက လက်ဆင့်ကမ်းယူလာပြီး ဆေးစောင့်ကြီးလို့ ခေါ်တယ်။ တစ်ပတ်ကို တစ်ခါ ကြက်သွေး၊ ဝက်သွေးတွေ တိုက်တယ်၊ လက်ဝါးထဲက ကြေးခွက်ထဲကို သွေးထည့်ပြီး တိုက်ရတယ်။ အရုပ်မှာ ကပ်နေတဲ့ ဝိညာဉ်က ရာအုံ့ ရှိတုန်းက သွေးမှန်မှန်သောက်နေကျ တာတေရဲ့။

အခု ဆရာအုံ့ကလည်း ဆုံးသွားတာ နှစ်နှစ်ရှိပြီ၊ သွေး သောက်ရတာလည်း ကြာပြီ။ သူ့ရဲ့ ဝိညာဉ် ဆက်ပြီးတည်ရှိဖို့ ခက်အခဲ ဖြစ်လာပြီ တာတေ။ ဒါကြောင့် ညဘက် ထွက်ထွက် း သွေးစုပ်နေတာ”

“ဒါဆိုရင် ဒီလူနက်ကြီးက ဆေးစောင့်ကြီးပေါ့ ဟုတ် ား မဖဲဝါ”

“ဘယ်က ဆေးစောင့်ရမှာလဲ တာတေ၊ ကပ္ပလီသရဲကြီး ရုပ်မှာ ဝင်ပူးနေတာဟဲ့”

“ဟာ…ကူညီပါဦး မဖဲဝါရယ်၊ ကျုပ်တို့ရွာတွေ ဒုက္ခ ရောက်နေပါပြီဗျာ”

“ဒါဆိုရင် နင် ဒီလိုလုပ် တာတေ၊ မနက်ဖြန်ည အကောင်ကြီး မီးလောင်ကုန်းက ကြက်တွေကို သွေးသွားစုပ်

လိမ့်မယ်၊ အဲဒီအချိန်မှာ နင်က ဆရာအုံတို့အိမ်က အရုပ်ကြီးကို ခပ်မြန်မြန် မီးရှို့ပစ်လိုက်။ ဒီအကောင်ကြီး ပြန်ကပ်စရာ မရှိတော့ဘူးဆိုရင် ငါ့ဆီကို ရောက်လာလိမ့်မယ်၊ ဒီတော့မှ ငါ နေရာပေးလိုက်ပါ့မယ်၊ ရွာတွေထဲဝင်ပြီး သွေးမစုပ်အောင်လည်း ငါ အမိန့်ပေးထားလိုက်မယ်''

နောက်နေ့ရောက်တော့ ကျုပ် ဘန့်ဘွေးကုန်းကို သွားတယ်။ ကိုကြီးပွေလီကို အကျိုးအကြောင်း ပြောပြပြီး ဘိုးအုံကြီးတို့အိမ်ကို သွားကြတယ်။ ဟိုရောက်တော့ ဘိုးအုံရဲ့သမီး အရီးလေး ညိုလုံးကို လူနက်ကြီးအကြောင်း အားလုံးပြောပြတယ်။ နောက်ဆုံး မဖဲဝါပြောတဲ့အထိပေါ့ဗျာ။ အရီးလေးကလည်း ကျုပ်တို့ လုပ်ချင်ရာလုပ်ဖို့ ခွင့်ပြုတယ်ဗျ။

ဒီအကြောင်းတွေကို ဘန့်ဘွေးကုန်းရွာသားတွေ မသိအောင်တော့ ကြိတ်လုပ်ရမှာပေါ့ဗျာ။ ရွာသားတွေသိရင် ဘိုးအုံရဲ့သားသမီးတွေအပေါ်မှာ အမျက်ထားကြမှာပေါ့''

အရုပ်ကြီးက ဘိုးအုံ ရှိတုန်းကလို စင်နဲ့ကနားနဲ့ မဟုတ်တော့ဘူးဗျ။ အပေါ်ထပ်က အခန်းတစ်ခန်းထဲမှာ ကုလားထိုင်အကျိုးတွေ၊ ပစ္စည်းအပျက်တွေနဲ့ရောပြီး ပုံထားတာ။

ကျုပ်တို့က တစ်ခါတည်း ယူမလာပါဘူး။ အပြင်ကို





တ်ထားပြီး ညမိုးချုပ်လို့ လူခြေတိတ်တော့မှ ကိုပွေလီရယ်၊ ျုပ်ရယ်၊ ကိုရှုပ်ထွေးရယ် အရုပ်ကြီးကို ဂုန်နီအိတ်တစ်လုံးနဲ့ ည့်ပြီး ရွာပြင်ထုတ်လာကြတာဗျ။

ပြီးတော့ ယာကွက်ထဲသွားပြီး အဆင်သင့် ပြင်ထားတဲ့ င်းချောင်းတွေနဲ့ မီးတင်ရှို့ပစ်လိုက်ကြတယ်။ ကျုပ်တို့ မီးရှို့ ာ့ ညသန်းခေါင်ကျော်ပြီ။ ဒီအချိန်က လူနက်ကြီး မီးလောင် န်းမှာ သွေးသွားစုပ်နေတဲ့အချိန်လေဗျာ။ အရုပ်တစ်ရုပ်လုံး ကျသွားတော့မှ အဲဒီပြာတွေကို မြေကျင်းတူးပြီး မြှုပ်လိုက်ကြ ယ်။

မဖဲဝါက သူပြောတဲ့အတိုင်း လုပ်မယ်ဆိုတာ ကျုပ်ယုံပြီး ားပါဗျာ။ မှီတွယ်စရာ အရုပ်ကြီး မရှိတော့တဲ့ ကပ္ပလီသရဲကြီး မဖဲဝါက လိုက်နာရမယ့် သရဲစည်းကမ်းတွေ တိတိကျကျ ာပြီး နေစရာ ပေးလိုက်မှာပါ။

နောက်ညကစပြီး လူနက်ကြီး ပျောက်သွားရောဗျို့။ နောင်းကုန်း၊ မီးလောင်ကုန်း၊ ဘန့်ဘွေးကုန်းရွာတွေ ဘယ်ရွာမှာ ကြက်တွေ၊ ဆိတ်တွေ သွေးစုပ်မခံရတော့ဘူးဗျို့။ ကျောက်ခဲနဲ့ မဏိကတော့ ကျုပ် တစ်ခုခုလုပ်လိုက်ပြီ ဆိုတာကို သိကြတာ ဗျာ။ ဒါပေမဲ့ ဆရာအုံမိသားစုကိုငဲ့ပြီး ဒီအကြောင်းကို ကျုပ်

အုပ်ထားရတာပေါ့ဗျာ။ ကိုမွေလီနဲ့ ကိုရှုပ်ထွေးလည်း ဒီအကြောင်းကို မပြောကြဘူးဗျ။ ကျုပ်တို့သုံးယောက်ပဲ သိတဲ့ကိစ္စဆိုတော့ ကျုပ်တို့ မပြောရင် ဘယ်သူ သိမှာတုံးဗျာ။

တာတေ

❑❑❑





# တို့ဆေး

**မွေ့ကျို့ မွေ့။**

အညာမွေ့လေဗျာ။

တန်ခူး ကဆုန် မွေ့မွေ့ခုန်ဆိုတာ ကျုပ်တို့အညာမွေ့ကို ပြောတာဗျ။ တကယ်ပူပြီဆိုတော့ သစ်ပင်ရိပ်တွေထဲမှာ မနက်ကျည်း

ပင်အရိပ်က အအေးဆုံးဗျ။ မန်ကျည်းမှာ အအေးဓာတ်ကို ရှိမယ် ထင်တယ်ဗျို့။ ဒါကြောင့် မျက်စိနာရင် မန်ကျည်းခေါက်ကို ဆားလေးနဲ့ သွေးလိမ်းကြတာမို့လား။ မန်ကျည်းသီးအမှည့်ကို ထန်းလျက်နဲ့စိမ်ပြီး သောက်ရင် ဝမ်းတွင်းက အပူငြိမ်းတယ်လေ ဗျာ။ မန်ကျည်းရွက် အနုလေးကို ချဉ်ရည်သောက်ကလေး ချက် သောက်ရင် ဝမ်းတွင်းအေးတယ်ဗျ။ ကျုပ်ကတော့ နွေနေ့ခင်းတွေ ဆိုရင် ကျုပ်တို့ဝိုင်းထဲက မန်ကျည်းပင်ကြီးရဲ့ အရိပ်မှာ ချထားတဲ့ သစ်သားကွပ်ပျစ်ဟာ ကျုပ်အအေးဓာတ်ယူတဲ့နေရာ ဖြစ်နေတာ ပေါ့ဗျာ။

ဒီရာသီဆိုရင် ဟင်းစားကျွေးစားကလည်း ရှားတယ်။ အမေဆိုရင် ဟင်းပါအောင် ကြံဖန်ချက်နေရတာဗျ။ ပဲကတ္တီပါလို့ ခေါ်တဲ့ ပဲနီကို အစောကြီးထပြီး ပြုတ်ရတယ်။ ကျုပ်တို့ ထမင်း စားချိန်ဆိုရင် ပဲက နူးနေပြီဗျ။ ကြက်သွန်နီကတော့ ကျုပ်တို့ ဒေသမှာ စိုက်ကြတာဆိုတော့ ပေါချက်ဗျာ။ ကြက်သွန်နီကို များများလှီးပြီး ပဲနီကို ဆီစိမ်းလေးနဲ့ သုတ်စားကြရတာဗျို့။ အိုးထဲမှာ ကျန်နေတဲ့ ပဲပြုတ်ရေကို မီးနွေးနွေးနဲ့ တင်ထားပြီး ညနေကျတော့ ချဉ်ပေါင်ရွက်ကလေးခတ်ပြီး ချဉ်ရည်သောက် ဟင်း လုပ်သောက်ကြတာဗျ။





ဝက်သားဆုံသားတို့၊ အမဲသားဆုံသားတို့ ရတဲ့အခါတော့ ဟင်းစားရတာပေါ့ဗျာ။ မရတဲ့အခါတော့ ပဲဟင်းတစ်လှည့်၊ ခရမ်းချဉ်သီးပန်တွေဖျော်တစ်လှည့်၊ ခြံစည်းရိုးမှာ တင်ထားတဲ့ ဂုံရွက်၊ ဘူးရွက်၊ ကင်းမုံရွက်၊ ဆူးပုတ်ရွက်တွေကို ရေတ်သီးနဲ့ ချက်တဲ့ ခြံစည်းရိုးဟင်းတစ်လှည့်၊ အမေ စုထားတဲ့ အမဲခြောက် ကို ရေစိမ်ပြီး ခရမ်းချဉ်သီးနဲ့ တစ်လှည့်ပေါ့ဗျာ။ ကျုပ်တို့ အညာ သားတွေဆိုတာ ဟင်းစားတော့ အငတ်သားဗျ။ အောက်ပြည်လို မြစ်တွေ ချောင်းတွေ မရှိတော့လည်း ငါးရှာ ပုစွန်ရှာ ထွက်လို့ လည်း မရဘူးလေဗျာ။

တစ်ခါတလေတော့ တော အမဲတွေ ဘာတွေ စားရတယ်ဗျ။ မုဆိုးတွေ ရလာတဲ့ တောဝက်သားတို့၊ ဂျီသားတို့၊ ဒရယ် သားတို့၊ ဆတ်သားတို့ပေါ့ဗျာ။

ဒီနေ့တော့ အမေ ဘာချက်မယ် မသိသေးဘူးဗျ။ မီးဖိုထဲ တော့ ဝင်နေပြီ။ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း ဒီနေ့ အဖို့ ဘာတွေလုပ်ရင်ကောင်းမလဲလို့ စဉ်းစားနေတာဗျ။ ရေစည်က လည်း တိုက်စရာ မလိုသေးဘူးလေဗျာ။

“လူလေးရေ၊ အရှေ့ပိုင်းက ကိုရွှေတို့ပိုင်း သွားစမ်းပါ ကွာ၊ ဟိုတစ်နေ့က မြို့သွားတာ ဈေးဝယ်ရင်း ပိုက်ဆံပြတ်သွားလို့

ကိုရွှေဆီက ငွေတစ်ဆယ် ခဏယူလိုက်ရတယ်။ အဲဒါကို တာတေ ဖောပေးလိမ့်မယ်လို့ အဘက ပြောထားတာ၊ သွားသွား၊ အဲဒါလေး သွားပေးလိုက်၊ တော်တော်ကြာ သူများပိုက်ဆံ မွေ့နေရင် မကောင်းဘူး"

အဘက ကျုပ်ကို ဦးပုလိပ်ကြီးအိမ်ကို လွှတ်တာဗျ။ အဘပြောတဲ့ ကိုရွှေဆိုတာ ဦးပုလိပ်ကြီးလေဗျာ။ ဦးပုလိပ်ကြီးက ကျုပ်တို့ရွာသား မဟုတ်ဘူးဗျ။ ကျုပ်တို့ရွာသူ အရီးညွှတ်နဲ့ အကြောင်းပါပြီး ကျုပ်တို့ရွာ ရောက်လာတာဗျ။ ပုလိပ်ဘက်ကနေ ထွက်လိုက်တာလို့ ပြောတာပဲဗျာ။ ကျုပ်တို့ရွာမှာပဲနေပြီး အရီးညွှတ်မိဘတွေရဲ့ လက်ငုတ်လက်ရင်း ယာတွေကိုပဲ ရိုးရိုးသားသား လုပ်ကိုင်စားနေတာဗျ။ သားသမီးလည်း မရှိကြဘူး။ ဦးပုလိပ်ကြီးက လူသဘောကောင်းတာဗျ။ တစ်ရွာသား ဆိုပေမယ့် ကျုပ်တို့ရွာသားတွေက သူ့ကို လွှတ်ခင်ကြတာ။

ဦးပုလိပ်ကြီးကလည်း ရပ်ရေးရွာရေးဆိုရင် ရှေ့ဆုံးကပဲဗျ။ အလှူအတန်း ရှိလို့ကတော့ လေးလေးချက်ဖောင်းနဲ့ ဦးပုလိပ်ကြီးက ဒိုင်ခံချက်တော့တာဗျို့။ လေးလေးချက်ဖောင်းက ဝက်သားချက် လွတ်ကောင်းသလို ဦးပုလိပ်ကြီးက ငါးသလောက်ပေါင်းတို့ ငါးခြောက်ထောင်းကြော်တို့၊ မယ်ဇလီဟင်းချိုတို့ ချက်တာ လွှတ်





ကောင်းတာဗျ။

ကျုပ်တို့ရွာက ကာလသားတွေကလေးတွေ အားလုံးက ဦးပုလိပ်ကြီးကို ဦးရွှေလို့ ဘယ်သူမှ မခေါ်ကြဘူးဗျ။ ဦးပုလိပ်ကြီးပဲ ခေါ်ကြတာ။

"ကိုကြီးတာတေ ဘယ်သွားမလို့တုံး"

လမ်းရောက်တော့ ကျောက်ခဲနဲ့ သံမဏိကို သွားတွေ့တယ်ဗျ။

"မင်းတို့နှစ်ယောက်ကတော့ မိုးလင်းတာနဲ့ ရွာလမ်းပေါ် ရောက်နေကြတော့တာပဲနော်၊ အခု ဘယ်သွားကြမလို့တုံး"

"ကျုပ်တို့နှစ်ယောက် ပျင်းလို့ ကိုကြီးတာတေဆီ လာကြတာဗျ"

"ငါက အဘခိုင်းလို့ ဦးပုလိပ်ကြီးဆီ သွားမလို့ကွဲ"

"ကျုပ်တို့လည်း လိုက်ခဲ့မယ်လေဗျာ"

"လိုက်လေ"

ဦးပုလိပ်ကြီးဝိုင်းကို ရောက်တော့ နှမ်းတွေ လှမ်းနေတဲ့ ဦးပုလိပ်ကြီးကို တွေ့တယ်ဗျ။

"ဟာ…တာတေပါလား၊ နောက်မှာ လူရှုပ်နှစ်ယောက်လည်း ပါလာတာကိုးဗျ၊ တာတေရာ မင်းမှိုလို့ ဒီကောင်နှစ်ကောင်

ကို ပေါင်းနေတာ၊ ဒီကောင်တွေက လူရှုပ်တွေကွ"

ဦးပုလိပ်ကြီးက ကျောက်ခဲနဲ့ သံမဏိကို တွေ့တာနဲ့ စတော့တာဗျို့။

"အောင်မာ ဦးပုလိပ်ကြီးနော်၊ ကျုပ်တို့က ဘာတွေရှုပ်လို့တုံး"

"ဟေ့၊ ဖဲဝိုင်းဆိုလည်း မင်းတို့နှစ်ယောက်ကို တွေ့တာပဲ၊ ဖဲဝိုင်းမှာ ပိုက်ဆံလေးတွေကိုင်ပြီး ကြားပေါက်ထိုးနေကြတာလေ၊ ကြက်ဝိုင်းဆိုလည်း မင်းတို့နှစ်ယောက် တွေ့တာပဲ၊ လက်ဖျားဆွဲတဲ့အထဲမှာ ပိုက်ဆံထည့်လိုက်၊ ဝင်လောင်းလိုက်နဲ့ ဟုတ်တယ်မို့လား ကျောက်ခဲ"

"ဦးပုလိပ်ကြီးက ဘယ်လိုလုပ်ပြီး ကျုပ်တို့ကို တွေ့တာတုံး"

"ဟ၊ ငါလည်း ဖဲဝင်ချလို့ တွေ့တာပေါ့ကွ၊ ကြက်ဝိုင်းသွားလောင်းလို့ တွေ့တာပေါ့ကွ"

"ဟား၊ ဟား၊ ဟား၊ ဟား ဦးပုလိပ်ကြီး ရဲဖမ်းမှာ မကြောက်ဘူးလား"

"ဟ၊ ပုလိပ်ကို ရဲဖမ်းတယ်လို့ ရှိမလားကွ၊ ဟား ဟား ဟား ဟား၊ တော်တော်လာတဲ့ ကျောက်ခဲ၊ ဟား ဟား ဟား"





ဦးပုလိပ်ကြီးက ကျောက်ခဲ ပြောတာကို သဘောကျပြီး ရယ်တော့တာဗျို့။

"နေပါဦး၊ မင်းတို့ ငါ့ဆီလာတာ ကိစ္စရှိလို့လား"

"အဘက ပိုက်ဆံတစ်ဆယ် ပေးခိုင်းလို့ဗျ၊ မြို့မှာ ဦးပုလိပ်ကြီးဆီက အဘယူခဲ့တာလို့ ပြောတယ်"

"သြော်…ဦးဉာဏ်ကလည်းကွာ၊ ဒါများ အရေးတကြီး လုပ်ပြီး ပေးခိုင်းနေရသေးတယ်၊ ကြုံတော့မှ ပေးလည်း ရတာပဲဟာ။ ကဲ ဟေ့ကောင်တွေ ရောက်တုန်း ထိုင်ကြဦး၊ လာ လာ၊ အကြွမ်းလေး ဘာလေးသောက်၊ မင်းအရီးညွှတ် ကြော်ထားတဲ့ မြေပဲကြော်စား၊ လက်ဖက်စား၊ လာကြ၊ ထိုင်"

ခြေတံရှည်အိမ်ကြီးရဲ့ ဆင်ဝင်အောက်မှာ ချထားတဲ့ တန်းလျားနဲ့ စားပွဲမှာ ဝိုင်ထိုင်ခိုင်းလို့ ကျုပ်တို့သုံးယောက် ဝင်ထိုင်လိုက်ကြတယ်။ ဦးပုလိပ်ကြီးက မြေပဲကြော်ပန်းကန်နဲ့ လက်ဖက်သုတ်ပန်းကန်ကို ချပေးတယ်။ အကြွမ်းအိုးလည်း ယူလာပေးတယ်ဗျ။

"ဦးပုလိပ်ကြီး၊ အရီးညွှတ် ဘယ်သွားတုံး၊ မမြင်ပါလား"

ကျုပ်က ဦးပုလိပ်ကြီးကို မေးလိုက်တာဗျ။

"မင်းအရီး မြောက်ပိုင်းသွားလို့ တာတေရ၊ ကိုပိန်တို့အိမ်

မှာ ဝက်သားဆုံသား ရမယ်ဆိုလို့ သွားလေရဲ့ဟော့၊ အရီးငွေစိန် ရော မသွားဘူးလား''

''အမေ မသိဘူးထင်တယ်ဗျ''

''တာတေရာ၊ အရီး မသိဘဲတော့ မရှိပါဘူးကွာ၊ ကိုယ်နဲ့ တို့ ဝက်ပေါ်တိုင်း အရီးကို ပြောနေကျပါ''

''ဒါဆိုရင်တော့ အမေလည်း မြောက်ပိုင်းရောက်နေပြီ လား မသိဘူးဗျ''

''ရောက်နေလောက်ပြီပေါ့ကွ''

''ဟော့ကောင် သံမဏိ၊ မင်းကလည်း တွေ့လိုက်ရင် စကားတစ်ခွန်းမှကို မပြောဘူး၊ ဘာတုံး၊ ဦးပုလိပ်ကြီးကို အဖက် မတန်လို့ မပြောတာလား''

ဦးပုလိပ်ကြီးက သံမဏိကို စပြန်ရောဗျို့။ ပြောလည်း ပြောစရာပဲဗျ။ သံမဏိဆိုတဲ့ကောင် စကားနည်းတာကတော့ လွန် တယ်ဗျာ။

''အေး၊ ဒါမှမဟုတ်ရင်တော့ မင်းကို တစ်ယောက် ယောက်က အာစီးထည့်ထားတယ်ထင်တယ်''

ဦးပုလိပ်ကြီး ပြောလိုက်တော့ ကျောက်ခဲက ဦးပုလိပ် ကြီးကို ဖျတ်ကနဲ မော့ကြည့်တယ်ဗျ။





''ဦးပုလိပ်ကြီး အာစီးဆိုတာ ဘာတုံးဗျ''

ကျောက်ခဲကတော့ သိချင်တာရှိရင် မြဲမထားတတ်တဲ့ ကောင်ဗျို့။

''အာစီးဆိုတာ အောက်လမ်းဆရာတွေသုံးတဲ့ ဆေး ဘစ်မျိုးပဲကွ ကျောက်ခဲရ၊ အာစေးဆေးမိသွားရင် ပါးစပ်က ဘာမှမပြောနိုင်တော့ဘူးကွ၊ မျက်လုံးကြီး အကြောင်သားနဲ့ ကြည့် နေတော့တာဟေ့''

''ဟာ…ဦးပုလိပ်ကြီး မြင်ဖူးလားဗျ''

ဒီတစ်ခါတော့ စိတ်ဝင်တစား မေးလိုက်တာ ကျုပ်ဗျ။

''အေး ကြုံဖူးတာပေါ့ကွာ၊ ငါ ရဲထဲမှာ ရှိတုန်းက ါအထက်က အရာရှိတစ်ယောက်နဲ့ ငါနဲ့ အာစီးအမှုတစ်ခု ိုက်ခဲ့ရတယ်''

''ဟာ‥အာစီးခပ်တဲ့ကိစ္စပေါ့ ဟုတ်လား ဦးပုလိပ်ကြီး''

''အေး ဟုတ်တယ်၊ ဒါပေမဲ့ အာစီးဆိုတာ ခပ်တာလား၊ ည့်တာလားတော့ ငါမသိဘူးကွ တာတေရ''

''ဦးပုလိပ်ကြီးတို့ လိုက်ခဲ့ရတဲ့ အာစီးအမှုအကြောင်း ပြောပြပါလားဗျာ''

''မင်းတို့ သိချင်လို့လား''

"ဟာ…အရမ်းကို သိချင်တာဗျ၊ ဦးပုလိပ်ကြီးရ"

ကျုပ်ထက် စပ်စုတဲ့ကောင် ကျောက်ခဲက ဝင်ပြောလိုက်တာဗျ။

"အေး ဒါဆိုရင်လည်း ဦးပုလိပ်ကြီး ပြောပြမှာပေါ့ကွာ၊ ဒီလိုကွ၊ ဒီတုန်းက ဦးပုလိပ်ကြီးက ရန်ကုန်မှာ တာဝန်ကျနေတာ၊ ဖြစ်တာကလည်း ရန်ကုန်မှာပဲ ဖြစ်သွားတာကွ။ ဒီတုန်းက ဖိုးစိန်လမ်းမှာ အဘွားကြီးညီအစ်မ ရှိတယ်၊ အရမ်းချမ်းသာတယ်လို့ ပြောကြတယ်၊ နှစ်ယောက်စလုံး အပျိုကြီးတွေကွ၊ အသက် ၆၀ အရွယ်တွေပေါ့ကွာ၊ ချမ်းသာတော့ ဘာအလုပ်မှလည်း မလုပ်ကြဘူးဟေ့၊ ဟိုနားမှာ ဘိုးတော်ဆိုရင် သွားဖူးလိုက်၊ ဒီနား မယ်တော်ဆိုရင် သွားဖူးလိုက်နဲ့ အဲဒီအပျိုကြီးနှစ်ယောက်က ဘိုးတော်၊ မယ်တော် လွှတ်ဝါသနာပါတာကွ တာတေရ။

တစ်နေ့တော့ ဆရာမြဆိုတဲ့ လူတစ်ယောက်နဲ့ တွေ့ကြရောဟေ့။ ဆရာမြဆိုတဲ့လူက တကယ်တော့ အောက်လမ်းကြီးကွ၊ သူ့မှာ သရဲမွေးထားတာလည်း ရှိတယ်၊ ပြယုဂ်တော့ တော်တော်ကောင်းတာကွ။

အပျိုကြီးနှစ်ယောက်ကို ဘာစားချင်သလဲမေးတာဟေ့၊ အပျိုကြီးတွေက ခေါက်ဆွဲကြော် စားချင်တယ် ဆရာဆိုရင် "ရွှီ"





ကနဲ လေချွန်လိုက်တာကွ၊ ဆရာမြလက်ထဲကို ခေါက်ဆွဲကြော်ထုပ် ချက်ချင်းရောက်လာတာကွ။

ဒံပေါက် စားချင်တယ်ဆိုရင်လည်း ပါးစပ်က "ရွှီ"ကနဲ လေချွန်လိုက်တာနဲ့ သူ့လက်ထဲကို ဒံပေါက်ထုပ် ချက်ချင်းရောက်လာတာဟေ့။ ဘိလပ်ရည် သောက်ချင်တယ်ဆိုရင်လည်း ချက်ချင်းကို ဘိလပ်ရည် ရောက်လာတာကွ။ အပျိုကြီးနှစ်ယောက်ဆိုတာ ဆရာမြကို ယုံကြည်လိုက်ကြတာကွာ၊ ဦးတစောက်စောက်နဲ့ကို နေတာဟေ့ တာတေရေ"

"နေပါဦးဗျ ဦးပုလိပ်ကြီးရဲ့၊ အပျိုကြီးတွေက နာမည် ဘယ်လိုခေါ်တုံး"

"အကြီးမက ဒေါ်ဆင့်တဲ့ဟေ့၊ အငယ်မက ဒေါ်တင့်တဲ့ကွ၊ ထူးထူးခြားခြားကို ဘိုးတော်၊ မယ်တော် ဝါသနာပါတဲ့ ညီအစ်မတွေပါကွာ။ ဆရာမြတို့ကလည်း ဟောလိုက်ပြောလိုက်ရင် ဒက်ထိကို မှန်တာဆိုပဲ တာတေရ၊ ဆရာမြ ရောက်လေရာမှာ လူတွေအုံနေတာတဲ့ဟေ့။ အထူးသဖြင့်တော့ မိန်းမတွေ များတာပေါ့ကွာ၊ ဒီထဲမှာ ဒေါ်ဆင့်တို့ ဒေါ်တင့်တို့လည်း ပါတာပေါ့"

"ဘိုးတော်ကို လူတွေက ကိုးကွယ်ကြတာဗျ နော့"

ကျောက်ခဲကလည်း စိတ်ဝင်တစား နားထောင်နေရာက

နေ မေးလိုက်တာဗျ။

“ဟုတ်တယ် ကျောက်ခဲရ၊ တကယ်ကို ကိုးကွယ်ကြတာ”

“အေး နေဦး၊ ငါ ဆက်ပြောဦးမယ်၊ နောက်တော့ ဆရာမြက ဒေါ်ဆင့်တို့ ဒေါ်တင့်တို့ တိုက်ထဲကို တံခါးမရှိ ဗားမရှိကို ဝင်ခွင့်ထွက်ခွင့် ရသွားရောဟေ့၊ သိပ်မကြာပါဘူးကွာ၊ အပျိုကြီးနှစ်ယောက် တို့စခန်းကို ရောက်လာပြီး တိုင်ချက်ဖွင့်တော့တာပါပဲကွာ၊ သူတို့ပိုင်တဲ့ စိန်သေတ္တာကို အဆရာမြ ခိုးသွားလို့တဲ့ဟေ့”

“ဟာ စိန်သေတ္တာ၊ ဟုတ်လား၊ ဦးပုလိပ်ကြီး”

ဒီတစ်ခါမေးတာ သံမဏိဗျ။

“အေးကွ သံမဏိရ၊ အဲဒီအပျိုကြီးနှစ်ယောက် ပိုင်တဲ့ စိန်လက်ကောက်တို့၊ စိန်ဘယက်တို့၊ စိန်လက်စွပ်တို့၊ စိန်နားကပ်တို့ ထည့်ထားတဲ့ သေတ္တာတဲ့ဟေ့၊ သေတ္တာက ငွေနဲ့လုပ်ထားတာတဲ့ကွ၊ အရှည်တစ်ပေလောက် ရှိတာတဲ့၊ အဲဒီသေတ္တာနဲ့ စိန်ထည်ပစ္စည်းတွေ အပြည့်ထည့်ထားတာဆိုပဲ”

“ဟာ…ဒါဆိုရင် တန်ဖိုးနည်းမှာ မဟုတ်ဘူးနော် ဦးပုလိပ်ကြီး”





ကျောက်ခဲက ဝင်ပြောပြန်ရောဗျ။ ကျုပ်ကတော့ ငြိမ်ပြီး တော့ပဲ နားထောင်နေတာပါဗျာ။

“ဘယ်နည်းမလဲ ကျောက်ခဲရ၊ အပျိုကြီးနှစ်ယောက်လည်း ငိုလို့ပေါ့ကွာ”

“ဒီတော့မှ တို့ဆရာ ဌာနအုပ် ဦးဘတင့်က သူတို့နှစ်ယောက်ကို မေးရမြန်းရတော့တာပေါ့ကွာ”

“ဆရာမြက စိန်သေတ္တာကို ဘယ်အချိန် ခိုးသွားတာတုံး”

“ဒီနေ့ နေလယ်ဘက်ကပါ ဌာနအုပ်ကြီးရယ်”

“ဗျာ၊ နေ့ခင်းကြောင်းတောင်ကြီးလားဗျ”

“ဟုတ်ပါတယ်ရှင်၊ နေ့ခင်းကြောင်တောင်ကြီးပါ”

“ခင်ဗျားတို့အိမ်မှာ လူဘယ်နှယောက် ရှိတုံး”

“ကျွန်မတို့ညီအစ်မရယ်၊ တူမနှစ်ယောက်ရယ် နေတာပါ”

“ဆရာမြ စိန်သေတ္တာ ခိုးသွားတဲ့အချိန်က အိမ်ထဲမှာ ဘယ်သူမှ မရှိကြဘူးလား”

“ကျွန်မတို့ ညီအစ်မ ရှိပါတယ် ဌာနအုပ်ကြီး၊ တူမလေးနှစ်ယောက်ကတော့ အပြင်ကို ကိစ္စရှိလို့ သွားနေပါတယ်”

“ဟာ…ခင်ဗျားတို့ညီအစ်မ ရှိတယ်ဆိုရင် ဆရာမြ စိန်သေတ္တာ ခိုးသွားတာ ခင်ဗျားတို့ မမြင်ဘူးလား”

“မြင်ပါတယ်ရှင်၊ ကျွန်မတို့ညီအစ်မနှစ်ယောက်စလုံး မြင်ကြပါတယ်”

“ဗျာ၊ မြင်တယ်ဟုတ်လား၊ မြင်ရင် မအော်ကြဘူးလား၊ ပတ်ဝန်းကျင်ကို အကူအညီ မတောင်းကြဘူးလား”

“ကျွန်မတို့ အော်လို့မရလို့ပါရှင်”

“ဘာ၊ အော်လို့မရဘူး ဟုတ်လား၊ ပါးစပ်ကို ပိတ်စည်းထားလို့လားဗျ”

“မဟုတ်ပါဘူးရှင်၊ ကျွန်မတို့ညီအစ်မနှစ်ယောက် ခေါင်းအုံးအောက်မှာထားတဲ့ မီးခံသေတ္တာသော့ကို ကျွန်မတို့ရှေ့မှာ တင်ယူပြီး ကျွန်မတို့ရှေ့မှာတင် မီးခံသေတ္တာကို ဖွင့်တာပါ ဌာနအုပ်ကြီးရယ်၊ ပြီးတော့ စိန်သေတ္တာကိုယူပြီး ကျွန်မတို့ရှေ့မှာတင် တိုက်ထဲက ထွက်သွားတာပါ ဌာနအုပ်ကြီးရယ်”

“အဲဒါကို ခင်ဗျားတို့နှစ်ယောက်က ဒီအတိုင်းပဲ ထိုင်ကြည့်နေကြတာပဲလား”

“ကျွန်မတို့ကို ဆေးတွေဝါးတွေနဲ့ လုပ်ထားတာနဲ့ တူပါတယ်ရှင်၊ ညီအစ်မနှစ်ယောက်လုံး ပါးစပ်တွေ ဟလို့မရကြဘူး၊





လှုပ်လို့လည်း မရကြဘူး ဌာနအုပ်ကြီးရဲ့၊ စောစောကမှ တူမလေးတွေ ရောက်လာပြီး ပရိတ်ရေတွေ ဘာတွေနဲ့ ဖြန်းပေးပြီး ဆရာတော်ဘုရားကြီးရဲ့ အင်းလက်ကိုင်ပဝါနဲ့ ရိုက်ပုတ်ချတော့မှ ပြန်ပြီး စကားပြောလို့ ရလာတာပါရှင်”

“သြော်…အာစီးထည့်သွားတာကိုး”

ငါ့ဆရာ ဌာနအုပ် ဦးဘတင့်က ပြောလိုက်တာကွ၊ ဒီတော့မှ အာစီးဆိုတာကို ငါ ပထမဆုံး ကြားဖူးတာပေ့”

ဆရာ တိုင်ချက်ယူပြီးလို့ အပျိုကြီးညီအစ်မ ပြန်သွားတော့မှ ငါက ဆရာ့ကို မေးကြည့်တာကွ။

“ဆရာ၊ အာစီးဆိုတာ ဘာတုံး ဆရာ”

“မောင်ရွှေရဲ့ အာစီးဆိုတာ ခပ်ဆေးတစ်မျိုးပဲကွ၊ အခု အာစီးထည့်သွားတဲ့ ဆရာမြဆိုတဲ့ လူရဲ့ ဆေးက တော်တော်ကောင်းပုံရတယ်။ အပျိုကြီးနှစ်ယောက်ကို ပါးစပ်ဟလို့ မရတဲ့အပြင် ကြိုးနဲ့တုပ်ထားသလိုပါ ဖြစ်နေတာ မောင်ရွှေရဲ့၊ အဲဒီဆရာမြ ဆိုတဲ့လူအကြောင်း ငါကြားဖူးတယ်၊ တော်တော်ကိုစွမ်းတာတဲ့ ဟေ့၊ ဒီလူကို လက်ထိတ် ခြေထိတ်ခတ်၊ ကြိုးတုပ်၊ အားလုံး ပြုတ်ထွက်သွားအောင် လုပ်နိုင်တယ်ဆိုပဲ မောင်ရွှေရဲ့”

“ဟာ…ဒီလူကို ဖမ်းဖို့ လွယ်ပါ့မလား ဆရာရယ်”

"အမှုသည်က လာတိုင်မှတော့ ငါတို့တာဝန် ဖြစ်သွားပြီ ပေါ့ကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် ရအောင်လိုက်ရတော့မှာပေါ့ မောင်ရွှေ ရယ်"

လို့ ငါ့ဆရာက ပြန်ပြောတယ်ကွ။ သိပ်မကြာပါဘူးကွာ၊ ဆရာမြ ရှိတဲ့နေရာကို ငါတို့ တိတိကျကျ သိရောပေါ့၊ အဲဒီမှာ ဆရာမြကို ဖမ်းဖို့ ငါနဲ့ ရာဇဝတ်အုပ်တစ်ယောက်ကို တာဝန်ပေး ပါရောကွာ။ ဆရာမြရှိတဲ့ နယ်မြို့ကလေးတစ်မြို့ကိုသွားပြီး ဖမ်း ကြရတာပေါ့။ အဲဒီမြို့ကို ရောက်တာနဲ့ ဆရာမြနေတဲ့ နေရာကို တန်းသွားကြတာပေါ့ကွာ။

"ဆရာမြကို တွေ့လား ဦးပုလိပ်ကြီး"

ကျုပ်က မေးလိုက်တာဗျို့။

"ဟာ တွေ့တာပေါ့ကွာ၊ သတင်းက အတိအကျကို ရပြီးသားပဲကွ"

"တွေ့တော့ ဦးပုလိပ်ကြီးတို့ ဘာလုပ်ကြတုံး"

"ဟ ဘာလုပ်ရမှာတုံး တာတေရ၊ တရားခံဖမ်းပါတယ် ဆိုမှတော့ ငါ့ဆရာ ရာဇဝတ်အုပ်က ဆရာမြကို လက်ထိတ်တန်း ပြီးခတ်တော့တာပေါ့ကွာ"

"ဟာ…ဆရာမြက ဘာမှမလုပ်ဘူးလားဗျ"





"လုပ်ပါပြီလား တာတေရယ်၊ လက်ထိတ်ခတ်ထားတဲ့ လက်ကိုမြှောက်ပြီး ပါးစပ်ကလေးနဲ့ 'ဂူး'ကနဲ မှုတ်လိုက်တာ၊ 'ချောက်' ကနဲမြည်ပြီး လက်ထိတ်က ပွင့်ထွက်သွားတာပေါ့ကွာ"

"ဟာ…တော်တော်စွမ်းတဲ့ ဆရာမြပါလားဗျာ"

ကျောက်ခဲက ဝင်ပြောတာဗျ။ သံမဏိကတော့ သေသေ ချာချာကို နားထောင်နေတာဗျို့။

"အဲဒီမှာတင် ရာဇဝတ်အုပ်က လက်ထိတ်ကို ပြန်ဖြုတ် ပြီး ဘောင်းဘီဘယ်ဘက်အိတ်ထဲကို ထည့်လိုက်တယ်။ ပြီးတော့ မှ ဘောင်းဘီညာဘက်အိတ်ထဲက လက်ထိတ်နောက်တစ်စုံ ထုတ် ပြီး ဆရာမြလက်ကို 'ချောက်'ကနဲ မြည်အောင် ခတ်လိုက်ပြန် ရောပေါ့။ ပြီးတော့ ငါ့ဆရာ ရာဇဝတ်အုပ်က ပြောလိုက်တယ်။

'ကဲ အင်မတန်အစွမ်းထက်တဲ့ ဆရာမြ၊ အခု ကျုပ်ခတ် ထားတဲ့ လက်ထိတ်ကို ခင်ဗျားအစွမ်းနဲ့ ပြုတ်အောင် ဖြုတ်ပေ တော့ဗျာ၊ အဲဒီလက်ထိတ်ကို 'ချောက်'ကနဲမြည်ပြီး ပြုတ်သွား အောင် ဖြုတ်နိုင်ရင် ကျုပ်တို့နှစ်ယောက် ဟောဒီနေရာကနေ လှည့်ပြီးပြန်သွားမယ်ဗျာ၊ ကဲ ဖြုတ်ပေတော့'

'ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား'

ဆရာမြက အော်ပြီး ရယ်တော့တာပဲပေါ့။ ငါ့ဆရာ

ရာဇဝတ်အုပ် ကိုစိန်တင်ကတော့ ခပ်ပြုံးပြုံးပဲကွ။ စီးကရက်တစ်လိပ် ကို မီးညှိပြီး သောက်နေလိုက်သေးတယ်ဟေ့၊ ငါကတော့ ဒီလက်ထိတ်ပြုတ်သွားရင် လူချင်းဝင်လုံးပြီးဖမ်းဖို့ စဉ်းစားနေတာကွ။ ဆရာမြက စောစောကလိုပဲ လက်ကိုအပေါ် မြှောက်ပြီး ပါးစပ်ထဲ က လေနဲ့ 'ဝူး' ကနဲ မှုတ်လိုက်တယ်။ မပွင့်ဘူးဟေ့။ လက်ထိတ်က လုံးဝမပွင့်ဘူးကွ။ ဆရာမြ ချက်ချင်းမျက်နှာပျက်သွားရောဟေ့။ ဒီမှာတင် သူ့ပညာအစွမ်းတွေ အမျိုးမျိုးထုတ်ပြီး လက်ထိတ်ကို ဖွင့်တော့တာပဲကွာ၊ ရွတ်လိုက်တဲ့ ဂါထာတွေ မန္တန်တွေမှ စုံနေတာပါပဲကွာ၊ ဘယ်လိုလုပ်လို့မှ လက်ထိတ်က မပွင့်ဘူးဟေ့။ ဒီတော့မှ သူခိုးသွားတဲ့ စိန်သေတ္တာကို ပြန်သိမ်းပြီးတော့ သူ့ကို တရားဝင် အချုပ်နဲ့ ဖမ်းခေါ်ခဲ့ရတာပေါ့ကွာ။ အချုပ်ကျနေတဲ့ အချိန်မှာလည်း အစောင့် သေသေချာချာ ချထားရတာကွ၊ နောက်တော့ ထောင်ထဲ ပို့လိုက်တာပေါ့ကွာ''

''ပစ္စည်းတွေရော အကုန်ပြန်ရလား ဦးပုလိပ်ကြီးရဲ့''

ကျုပ်က မေးလိုက်တာဗျ။

''လက်စွပ်တစ်ကွင်းပဲ ပျောက်တယ်ကွ၊ ကျန်တာ အကုန် ပြန်ရတယ်''





''နေပါဦး ဦးပုလိပ်ကြီးရဲ့၊ ဆရာမြကို ဒုတိယခတ်တဲ့ သက်ထိတ်က ဘာလက်ထိတ်မို့လို့တုံးဗျ''

''အင်း၊ မင်းမေးတော့မယ်ဆိုတာ ငါထင်ပြီးသားပါဘာတေရာ''

''ဒီလိုလူတွေကိုဖမ်းရင် သုံးဖို့ဆိုပြီး ဌာနအုပ် ဦးဘတင့်ကို အထက်ဆရာကြီးတွေ လုပ်ပေးထားတဲ့ လက်ထိတ်တဲ့ကွ၊ ဆရာဦးဘတင့်က ပထမံကိုဏ်းကတဲ့ဟေ့၊ ဒါကြောင့် သူ့မှာ အဲဒီလို သေသေချာချာ စီမံထားတဲ့ လက်ထိတ်ရှိနေတာပေါ့ကွာ၊ အဲဒီလက်ထိတ်ကို သူ့တပည့် ရာဇဝတ်အုပ်ကို အမိန့်တွေဘာတွေ ပြန်ပြီးတော့မှ ပေးလိုက်တာကွ''

''ဩော် ဒီလိုကိုး၊ တော်တော်တော့ အံ့သြစရာကောင်းတဲ့ လောကကြီးပဲ ဦးပုလိပ်ကြီးရယ်''

''ဟုတ်တယ် တာတေ၊ သဲလွန်စ မကျန်ခဲ့တဲ့ လူသတ်မှုတွေဆိုရင် သေတဲ့လူရဲ့ ကိုယ်ပေါ်က ပစ္စည်းတစ်ခုခုကိုယူပြီး သေသူရဲ့ ဝိညာဉ်ကို မေးပြီး အကူအညီတောင်းရတာကွ''

''ဟာ...ဟုတ်လား၊ သေသူရဲ့ ဝိညာဉ်က အကူညီပေးတာပဲလား''

ကျုပ်က သေသေချာချာကို မေးတာဗျ။

"ဟာ ကူညီတာပေါ့ တာတေရာ၊ သူ့ကို သတ်သွားတဲ့ အကောင်ကို သူဘယ်ကြေပါ့မလဲ၊ တစ်ခါတလေဆိုရင် နားနားမှာ လာပြီး ပြောသလိုကို ကြားရတာကွ၊ တရားခံ ဘယ်မှာရောက်နေတယ်၊ အင်္ကျီက ဘာအရောင် ဝတ်ထားတယ်၊ သွားဖမ်းပါဆိုပြီး တော့ကို လာပြောတာပေါ့။ သွားဖမ်းလိုက်ရင် တရားခံကို ကွက်ကနဲ မိတော့တာကွ၊ ငါရဲလုပ်ခဲ့တဲ့ သက်တမ်းမှာ ဒါမျိုးတွေ မကြာခဏ ကြုံဆုံခဲ့ဖူးတာပေါ့"

"အံ့သြလိုက်တာ ဦးပုလိပ်ကြီးရာ၊ ကျုပ်က ရဲတွေဆိုတာ ဒါမျိုးတွေကို အယုံအကြည် မရှိဘူးလို့ ထင်နေတာဗျ"

"ဟာ တာတေကလည်း၊ ရဲဆိုတာလည်း လူသားတွေပဲ လေကွာ၊ တို့ရဲတွေထဲမှာ အထက်ဂိုဏ်းတွေဝင်ပြီး တရားထိုင် ပုတီးစိပ် လုပ်နေတဲ့လူတွေမှ အများကြီးကွ၊ အထက်လမ်းပုဂ္ဂိုလ်ကြီးတွေရဲ့ စောင့်ရှောက်မှုအောက်မှာနေတဲ့ ရဲအရာရှိကြီးတွေ အများကြီး ရှိတယ်ကွ"

"အင်း၊ ဒီနေ့တော့ ဦးပုလိပ်ကြီးအိမ် လာလိုက်တာ ကျုပ်တို့ တော်တော်ကို ဗဟုသုတ ရကြပါတယ်ဗျာ၊ ကဲ ပြန်ဦးမယ် ဦးပုလိပ်ကြီးရေ"

ကျောက်ခဲရယ်၊ သံမဏိရယ်၊ ကျုပ်ရယ် ပြန်လာခဲ့ကြ





ရောဗျို့။ တစ်လမ်းလုံး ကျောက်ခဲက ဒီအကြောင်းပဲ ပြောလာတာဗျ။ ဒီကောင်နှစ်ကောင် ဆရာမြကို တော်တော်စိတ်ဝင်စားသွားကြတာ။ ကျုပ်ကတော့ ဆရာမြကို ခေါ်ပြီးဖမ်းနိုင်တဲ့ မှော်ဝင်လက်ထိတ်ကြီးကို တော်တော်စိတ်ဝင်စားသွားတာဗျ။ ကျုပ်တွေးကြည့်တယ်ဗျ။ ဒီလက်ထိတ်ကို စလုပ်ကတည်းက အထဲမှာ အစွမ်းထက်မြက်တဲ့ လက်ဖွဲ့မျိုးကို အထက်ပုဂ္ဂိုလ်ကြီးတွေကိုယ်တိုင် ထည့်ပြီးစီရင်ထားတာ ဖြစ်မယ်ဗျ။ ဒါကြောင့် ဆရာမြရဲ့ အောက်လမ်းမှော်ပညာတွေ လုံးဝတိုးလို့ မရတာဖြစ်မယ်လို့ ကျုပ်တွေးမိတယ်။

အိမ်ပြန်ရောက်တော့ အမေက ကျုပ်ကို ဆူပါလေရောဗျာ။

"ဟဲ့ တာတေ၊ နင့်ကို ကိုရွှေအိမ် ငွေတစ်ဆယ် သွားပေးခိုင်းလိုက်တာ၊ တစ်ခါတည်း ပုလိပ်ထဲများ ဝင်သွားပြီးလားလို့ ဟယ်"

"ဟာ မဝင်ပါဘူး အမေရ၊ ဦးပုလိပ်ကြီးက သူ ရဲလုပ်တုန်းက ကြုံရတဲ့ အာစီးထည့်တဲ့ အမှုတစ်ခုအကြောင်း ပြောပြနေလို့ ထိုင်ပြီးနားထောင်နေတာပါ။ ပြီးတော့ လမ်းမှာ ကျောက်ခဲတို့နဲ့ တွေ့တော့ ဒီကောင်နှစ်ကောင်ပါ ပါလာတယ်လေဗျာ"

"အေး၊ အဲဒီနှစ်ကောင်ကလည်း ကြီးရင် ပုလိပ်ဖြစ်မယ့်ကောင်တွေလား၊ ပယောဂဆရာဖြစ်မယ့် ကောင်တွေလား မသိဘူး၊ သရဲဆိုလည်း သူတို့ ရှေ့ဆုံးကပဲ၊ ဘီလူးဆိုလည်း ဒီနှစ်ကောင် ပြေးလာတာပဲ၊ ကြေ့ ဒီကောင်နှစ်ကောင်ဟာ မှော်ဆရာ သေလို့ ဝင်စားတာ ဖြစ်မယ်"

"ဟား၊ ဟား၊ ဟား၊ ဟား"

အမေပြောတာကို ကျုပ် မရယ်ဘဲကို မနေနိုင်တော့တာဗျို့။ ကျုပ် ဦးပုလိပ်ကြီးအိမ်က ပြန်လာတော့ အဘနဲ့ အမေက ထမင်းစားပြီးနေကြပြီဗျ။ ဒါကြောင့် အမေက ကျုပ်ကို ဆူနေတာဗျို့။

ထမင်းစားပြီးတာနဲ့ ဆေးလိပ်ပြာခံခွက်ကလေးထဲမှာ နဂါးဆေးပေါ့လိပ်ကလေး နှစ်လိပ်ထည့်ပြီး မန်းကျည်းပင်အောက်က ကွပ်ပျစ်ပေါ်ကို ကျုပ်ရောက်လာခဲ့တယ်ဗျို့။ နွေနေ့ခင်းတွေဆိုရင် တာတေနေတဲ့ ဗိမာန်ပဲလေဗျာ။ နဂါးဆေးပေါ့လိပ်ကလေးကို ကြေးမီးခတ်ကလေးခတ်ပြီး မီးညှိလိုက်တယ်။ နဂါးဆေးပေါ့လိပ်ကလေး နှစ်ဖွာ သုံးဖွာ ဖွာရုံရှိသေးတယ်။ မျက်လုံးကစဉ်းလာရောဗျာ။ ဝါးဘိုးခြမ်းခေါင်းအုံးပေါ်မှာ ပုဆိုးဟောင်းလေးကိုခင်းပြီး ကျုပ် တုံးလုံးလှဲလိုက်တယ်။ လေတော့ တိုက်ပါရဲ့။





ဒါပေမဲ့ လေပူကြီးပေါ့ဗျာ။ တာတေကတော့ အညာသားကိုးဗျ။ နွေပူပူ လေပူပူ အိပ်ပျော်တာပါပဲဗျာ။

ကျုပ် ဘယ်လောက်တောင် အိပ်ပျော်သွားလဲ မသိတော့ဘူးဗျို့။

"တာတေရေ၊ ဟေ့ တာတေ"

"ဗျာ"

ကျုပ် ဆတ်ကနဲ နိုးသွားပြီး ထထိုင်လိုက်မိတယ်။ ကျဲတောက်ပြီး တအားပူနေတဲ့ နေရောင်ကို ချက်ချင်းလှမ်းကြည့်လိုက်တော့ ကျုပ်မျက်လုံးတွေ ပြာသွားရောဗျ။ ဝိုင်းဝမှာ ရပ်နေတာ ဘယ်သူမှန်းကို ကျုပ် မသိဘူး"

"လာလေဗျာ"

ကျုပ်က ရမ်းသမ်းသာ ပြောလိုက်ရတာယ်။ ဘယ်သူမှန်းကို ကျုပ် မသိတာဗျ။ ဝါးဖတ်ခမောက်ကလေးဆောင်းပြီး ကျုပ်နားကို ရောက်လာတော့မှ မီးသောင်ကုန်းက ကျုပ်သူငယ်ချင်း ငပု ဖြစ်နေတာဗျို့။

"ဟာ…ဟေ့ကောင် ငပု၊ မင်းကလည်း ညှိသည်လုပ်နေရသေးတယ်ကွာ၊ ဝိုင်းဝက မတ်တတ်ရပ်ခေါ်လို့၊ ဝိုင်းထဲတန်းဝင်လာရင် ပြီးနေတဲ့ဟာကို"

"ငါက မင်းရှိမှန်း မရှိမှန်းမှ မသိတာ"

ငပုဆိုတဲ့ကောင်က ထူးထူးခြားခြားဗျ။ အရုပ်က ပုပြတ်ပြတ်။ အသားက ဖြူတူတူ၊ နီစပ်စပ်၊ ရုပ်က ဂျပန်ရုပ်နဲ့။ လူကြီးတွေပြောတဲ့ ဂျပန်ခေတ်က ဂျပန်တွေကို ငပုလို့ ခေါ်တယ်ဆိုပြီး ဒီကောင့်ကိုလည်း ငပုလို့ ခေါ်ကြတာဗျ။ အရုပ်ပုလို့ခေါ်တာ မဟုတ်ဘူး။ ဂျပန်နဲ့တူလို့ ခေါ်တာ။ ငပုက ကျုပ်ကို အကဲခတ်သလိုလိုနဲ့ ဂျပန်ကြည့်တစ်ချက် ကြည့်တယ်။

ကျုပ်ကတော့ နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီး ငပုကို လှမ်းပေးလိုက်တယ်။ ငပုက ဆေးလိပ်ကို တစ်ချက်ကြည့်လိုက်ပြီး...

"တာတေတို့ကတော့ကွာ၊ နဂါးမှ နဂါးပဲဟေ့"

ငပုနဲ့ ကျုပ်က အသက်သိပ်မကွာဘူးဗျ။ ကွာရင် တစ်နှစ်ပဲ။ ဒီကောင်က ကျုပ်ထက် နည်းနည်းပိုကြီးတယ်။

"နေပါဦး ငပုရဲ့၊ ဒီလောက်ပူတဲ့ နေပူထဲမှာ စကြံကြွနေတာ ဘာတွေအရေးကြီးနေလို့တုံး"

"အရေးကြီးဆို သူဌေးကြီး ဘိုးအို ကိစ္စကွ"

"အောင်မာ၊ အရေးထဲ နဘောတွေဘာတွေ ထပ်နေရပြန်ပါပြီ"





ဒီတော့မှ ငပုက စပ်ဖြီးဖြီးလုပ်ပြီး ပြောတာဗျ။

"ဒီလို တာတေရေ၊ ငါတို့ မီးလောင်ကုန်းက ဘိုးအိုကို မင်းသိတယ်မို့လား"

"ဟ၊ ဘိုးအို မသိဘဲနေမလား ငပုရဲ့၊ အမျိုးစပ်ရင် ငါ့အဘနဲ့တောင် ဆွေမျိုးနီးစပ် တော်သေးတာကွ"

"အေး ဒါဆိုရင် မင်းတို့အမျိုး ဘိုးအို၊ သူခိုး ခိုးခံရလို့ဟေ့"

"ဟာ ဟုတ်လား၊ တော်တော်ပါသွားလားကွ"

"သိပ်တော့ မများဘူးကွ၊ မနေ့က ရွာတောင်ပိုင်းက အရီးလေး မယ်ဥတို့ အလှူကို သွားကြတော့ ဘိုးအိုသမီး ဝတ်စားသွားတဲ့ ဆွဲကြိုးတစ်ကုံးနဲ့ လက်ကောက်တစ်ရံ ပြီးတော့ ငွေသားက နှစ်ထောင်တဲ့ကွ"

"ဟော...ဘယ်လိုဖြစ်တာတဲ့တုံး ငပုရဲ့"

"မနေ့က အလှူမှာ ဝတ်ထားတဲ့ရွှေကို အစ်မ မကျုတ်က အထုပ်ထဲ ပြန်မထည့်သေးဘဲ ဘိုးအိုအိပ်တဲ့ အခန်းထဲက စားပွဲအံဆွဲထဲမှာ ထည့်ထားလိုက်တာတဲ့ဟဲ့၊ အဲဒီအံဆွဲထဲမှာ ဘိုးအိုကလည်း ငွေနှစ်ထောင် ထည့်ထားတာတဲ့၊ ဒါပေမဲ့ကွ ညအိပ်ခါနီးတော့ ဘိုးအိုက အဲဒီအံဆွဲကို သော့ခတ်ပြီး သော့ကို သူ့ခေါင်းအုံး

ဘေးမှာ ချထားတာဆိုပဲ"

"ဟင်၊ ဒါဆိုရင် သူခိုးက အဲဒီသော့ကိုယူပြီး အံဆွဲကို ဖွင့်သွားတာပေါ့"

"အေး ဟုတ်တယ်ဟေ့"

"ဟာ…ဒါဆိုရင် သူခိုးက အိမ်ထဲကို ဘယ်လိုဝင်လာတာတုံး"

"အဲဒါ ခက်နေတာပေါ့ တာတေရ၊ အိမ်ထဲကို လူဝင်တဲ့ ခြေရာလက်ရာ ဘာမှမတွေ့ဘူးတဲ့ကွ၊ တံခါးတွေလည်း ပိတ်ရက်ပဲတဲ့"

"တခြား ဘာတွေ ပျောက်သွားသေးတုံးကွ"

"တခြား ဘာမှမပျောက်ဘူးတဲ့ တာတေရ၊ အခုပြောတဲ့ ဆွဲကြိုးတစ်ကုံး၊ လက်ကောက်တစ်ရံ၊ ငွေသားနှစ်ထောင် ဒါပဲ ပျောက်တာတဲ့"

"ဒါဆိုရင် အံဆွဲမှာ သော့က တန်းလန်းကျန်ခဲ့တာပေါ့ ဟုတ်လား"

"ဟာ မဟုတ်ဘူးကွ၊ သော့ကလည်း ဘိုးအိုခေါင်းအုံး ဘေးမှာပဲ ရှိနေတာတဲ့ကွ"

"ဟ မင်းဟာကလည်း ဘယ်လိုတုံး ငပုရဲ့"





"အေးကွ တာတေရ၊ သူတို့ဟာကလည်း ဆန်းတော့ ဆန်းသားကွ"

"နေပါဦး၊ ဒီကိစ္စ မင်းက ဘယ်လိုလုပ် သိတာတုံး"

ကျုပ်က ငပုကို မေးလိုက်တော့ ငပုက နဂါးဆေးပေါ့ ပ်ကလေးကို နှစ်ဖွာ သုံးဖွာ ဖွာပြီးတော့မှ ပြောတာဗျို့။

"ငါ့အဘနဲ့ ဘိုးအိုနဲ့က ငယ်သူငယ်ချင်းတွေလေကွာ၊ အချိန်အထိ ဘာမဆို ဆိုးတိုင်ပင် ကောင်းတိုင်ပင် နေလာကြတာ ၊ အခုကိစ္စက ဘာမှန်းမသိဘူးလေကွာ၊ သူ့သားသမီးတွေပဲ ့တာလား၊ အပြင်သူခိုးလားဆိုတာ စဉ်းစားရ ခက်နေတော့ အဲဘကိုပဲ တိုးတိုးတိတ်တိတ် လာပြောတာကွ"

"ဟင် ဒါဆိုရင် မင်းက ငါ့ကို ဘာလို့လာပြောတာတုံး ပုရဲ့၊ လူကြီးတွေက လူမသိအောင် အုပ်ဆိုင်းထားတဲ့ကိစ္စ ဟုတ်ဘူးလား"

"ဒီလိုကွ တာတေရ၊ ဘိုးအိုမှာ သားသမီးသုံးယောက် တယ်လေကွာ၊ အကြီးဆုံးက အစ်မ မကျူတ်၊ ပြီးတော့ ကိုကြီး ွန်းဝ၊ ပြီးတော့ ကိုကြီး ထွန်းကျော်။ သုံးယောက်စလုံးက ်းတာကြီးတွေကွ၊ ဘယ်သူမှလည်း အိမ်ထောင်မကျကြဘူး။ ငယ်ဆုံး ကိုကြီးထွန်းကျော်ပဲ အသက်သုံးဆယ် ရှိပြီကွ။ သူတို့

ညီအစ်ကိုက အရက်လည်း မသောက်၊ ဖဲလည်း မချ၊ မိဘအလုပ်ကိုပဲ ကျိုးကျိုးနွံနွံ လုပ်ကြတာကွ၊ အခုကိစ္စက သူ့သားသမီးတွေလည်း မဟုတ်နိုင်ဘူး တာတေရ။ ဒါပေမဲ့ ဘိုးအိုက ငါ့အဘကို ပြောတဲ့အထဲမှာ ကိစ္စတစ်ခုက နည်းနည်းထူးခြားနေတယ်ကွ''

''ဟေ…ဟုတ်လား၊ ဘာကိစ္စများတုံး''

''အဲဒီပစ္စည်းတွေ မပျောက်ခင် တစ်ရက် နှစ်ရက်လောက်က ဘိုးအိုရဲ့ သားအငယ်ဆုံး ကိုကြီးထွန်းကျော် လက်စွပ်ပျောက်သွားတယ်တဲ့ကွ၊ သူ့လက်မှာ အမြဲဝတ်ထားတဲ့ တစ်ကျပ်သားရှိတဲ့ ရွှေလက်စွပ်တဲ့ဟေ့၊ အဲဒီလက်စွပ် မတွေ့တော့လို့ ဘိုးအိုက မေးတော့ သူ ဘာမှမသိဘူးတဲ့။ လက်စွပ်ကလည်း လက်မှာကြပ်နေတာတဲ့ကွ၊ မနည်းချွတ်မှ ကျွတ်တာဆိုပဲ''

''ဒီလူ လောင်းကစားတစ်ခုခု လုပ်သလား၊ ဒါမှမဟုတ် ရည်းစားတွေ ဘာတွေ ရှိနေပြီလားမှ မသိတာ''

''ဘာလောင်းကစားမှလည်း မလုပ်ဘူး တာတေ။ ရည်းစားတွေ ဘာတွေလည်း မရှိဘူး။ ပြီးတော့ ကိုကြီးထွန်းကျော်က သားသမီးသုံးယောက်ထဲမှာ အလိမ္မာဆုံးဆိုပဲ။ အင်မတန်လည်း နှမြောတတ်တာဆိုပဲကွ''

ကျုပ်က ဘာမှပြန်မပြောဘဲ ခေါင်းပဲညိတ်ပြလိုက်တယ်။





''ပြီးတော့ နောက်တစ်ခုက ကိုကြီးထွန်းကျော်ဟာ အဲဒီလက်စွပ်ပျောက်သွားပြီးကတည်းက ငူငူငိုင်ငိုင် ဖြစ်နေတာတဲ့ဟေ့၊ ဘိုးအိုက ထင်တာက သူ့လက်စွပ် ပျောက်သွားလို့ နှမြောပြီး စိတ်မကောင်းဖြစ်နေတယ်ထင်တာ၊ ဒါပေမဲ့ တစ်ခါ တစ်ခါကျရင် တစ်ယောက်တည်း စကားပြောနေတယ်ဆိုပဲ၊ ဘိုးအိုက သူ့သား ဘာတွေပြောနေတာတုံးဆိုတာ သိချင်လို့ ချောင်းနားထောင်တော့-

'ဟုတ်ကဲ့ပါဗျ၊ ဟုတ်ကဲ့ပါ၊ လုပ်ပါ့မယ်၊ လုပ်ပါ့မယ်၊ နိုင်းတဲ့အတိုင်း လုပ်ပါ့မယ်' လို့ ပြောနေတာတဲ့ကွ၊ လူတစ်ယောက်ကို ပြောနေတဲ့ပုံပဲတဲ့ တာတေရ''

''ဟာ ဟုတ်လား၊ ဒါဆိုရင်တော့ ကိုကြီးထွန်းကျော် ကိစ္စက မရိုးဘူးထင်တယ် ငပုရဲ့''

''အေး၊ အဲဒါကြောင့် ငါ့အဘက ငါ့ကို မင်းဆီ လွှတ်လိုက်တာကွ တာတေရ''

ဒီတော့မှ ကျုပ်က သဘောပေါက်သွားတာဗျ။ ငပု နေပူကြီးထဲ ကျုပ်ဆီလာရတဲ့အကြောင်းကို ကျုပ်သိသွားတာ။

''ဘိုးအိုကြီး ပျောက်သွားတဲ့ ရွှေတွေ ငွေတွေဟာ ကိုကြီးထွန်းကျော်နဲ့ ပတ်သက်မယ်လို့ မင်းထင်သလား တာတေ''

''ဟာ၊ အဲဒီလိုတော့ ပြောလို့မရဘူးကွ၊ ကိုကြီးထွန်းကျော်

လက်စွပ်ပျောက်တာရယ်၊ ငူငူငိုင်ငိုင်ကြီး ဖြစ်နေပြီး လူလစ်ရင် တစ်ယောက်တည်း စကားတွေ ပြောတာရယ်၊ ဘိုးအို ပစ္စည်းတွေ ပျောက်တာရယ်ဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်မှု မရှိဘူးလေကွာ"

"ငါ့အဘကတော့ တာတေ့ကို ခေါ်ခဲ့ပါလို့ချည်း မှာနေတာကွ"

"အခုတော့ ငါမလိုက်သေးဘူး ငပုရာ၊ မင်းအဘ ဘိုးဖေတင်ကို ပြောလိုက်ပါ၊ အခြေအနေ နည်းနည်းစောင့်ကြည့်ပါဦးလို့"

"အေး အေး၊ ဒါဆိုရင်လည်း ငါပြန်မယ်၊ ဒီကြားထဲ ထူးခြားတာရှိရင်လည်း ငါလာပြောမယ် တာတေ"

"အေး ငပု၊ အခု အခြေအနေလောက်နဲ့ ဆုံးဖြတ်ရတာ မလွယ်သေးဘူးကွ"

ငပု ပြန်သွားတော့ ကျုပ် ဒီကိစ္စကို တွေးကြည့်တယ်။ အဖြေတော့ ထုတ်လို့မရသေးဘူးဗျ။ သားသမီးသုံးယောက်မှာ သုံးယောက်စလုံး ရိုးရိုးကြီးတွေဆိုတော့ မိဘ ရွှေတွေ ငွေတွေကို ခိုးလောက်အောင် မိုက်မဲတဲ့သူတွေမှ မဟုတ်တာ။ ဒါပေမဲ့ ကိုထွန်းကျော် တစ်ယောက်တည်း စကားတွေ ပြောပြောနေတာကတော့ စဉ်းစားစရာပဲဗျ။





"ဟဲ့ တာတေ၊ စောစောကလာတာ ဘယ်သူတုံး"

"မီးလောင်ကုန်းက ဘိုးဖေတင်ရဲ့သား ငပုလေ အမေရဲ့"

"သြော်...ဟိုကောင်လား၊ ဂျပန်နဲ့ တူတယ်ဆိုတဲ့ကောင်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါကြောင့် သူ့ကို ငပုလို့ ခေါ်တာလေ အမေရာ"

"အကြောင်းထူး ရှိလို့လား"

အမေက ကျုပ်ကို ထပ်မေးတာဗျ။ ဒီတော့လည်း ကျုပ်က ပြောရတော့တာပေါ့ဗျာ။

"ဘိုးအိုတို့အိမ်မှာ ရွှေပျောက်လို့တဲ့ အမေရ"

"ဟော...နင့်အဘအမျိုး ဦးအိုလား"

"ဟုတ်တယ် အမေရ၊ အဲဒီဘိုးအိုကို ပြောတာ"

"ဟဲ့ သူတို့အိမ်ကြီးက အိမ်ကောင်းကြီးပါ၊ သူခိုး ဝင်နိုင်လို့လား"

"ဘယ်ဝင်နိုင်လိမ့်မတုံး အမေရာ"

"ဟဲ့ ဒါဆိုရင် သူ့သားသမီးတွေများလား"

"သူ့သားသမီးတွေကလည်း လူရိုးလူအေးတွေတဲ့ အမေရ၊ ဒါမျိုး လုပ်မယ့်လူ မပါဘူး"

''ဒါဆိုရင် ဘယ်လိုဖြစ်တာတုံးဟဲ့''

''ကျုပ်လည်း စဉ်းစားလို့ မရပါဘူး အမေရာ''

''နို့ ဒီကိစ္စကို နင့်လာပြောရအောင် နင်က ပုလိပ်မှ မဟုတ်တာ''

''ဒီလို **အမေရ**၊ အဲဒီပစ္စည်းတွေ မပျောက်ခင်မှာ ဘအိုရဲ့ သားအငယ် ကိုထွန်းကျော်က ငူငူငိုင်ငိုင်ဖြစ်ပြီး တစ်ယောက်တည်း စကားတွေ ပြောပြောနေတာတဲ့ဗျ''

''ဟာ ဒါဆိုရင် ထွန်းကျော်များ စိတ်ကယောက်ကယက် ဖြစ်ပြီး ပစ္စည်း တစ်နေရာမှာ ဖွက်ထားလိုက်သလား တာတေရယ်''

''ဟုတ်ချင်လည်း ဟုတ်နိုင်တာပဲ အမေရ၊ အဲဒီကိစ္စကို အကဲခတ်ဖို့ ကျုပ်ကို လာခေါ်တာဗျ''

''နင်က ဘာကို အကဲခတ်ရမှာတုံး''

''ကိုထွန်းကျော်ကို အကဲခတ်ရမှာလေ အမေရာ''

''သြော်…ထွန်းကျော် တစ်ယောက်တည်း စကားပြောနေတဲ့ကိစ္စကိုလား''

''ဟုတ်တယ်လေ အမေရာ''

ညစာစားတဲ့ ထမင်းဝိုင်းမှာ အမေက အဘကို





အကြောင်းတွေ ပြောပြတယ်ဗျ။ အဘလည်း ကြားတော့ အံ့သြတာပေါ့ဗျာ။

နောက်နေ့မနက် အိပ်ရာကနိုးတော့ မြေပဲကြော်လေးနဲ့ ထမင်းကြမ်း စားတယ်။ ထမင်းစားပြီးတော့ ရေနွေးကြမ်းလေး သောက်၊ နဂါးဆေးပေါ့လိပ်ကလေး ဖွာတုန်းရှိသေးတယ်။

''တာတေရေ၊ တာတေ''

ကျုပ် ဝိုင်းထဲကို လှမ်းကြည့်လိုက်တော့ ကျုပ်ကိုခေါ်ရင်း ဝိုင်းထဲဝင်လာတာ မီးသောင်ကုန်းက ငပုပဲဗျ။

''ဟာ ဟော့ကောင် ငပု လာကွ၊ သူငယ်ချင်း တစ်ခုခု တော့ထူးပြီထင်တယ်''

ငပုက အိမ်ပေါ်ကို တန်းတက်လာတာဗျ။ ကျုပ်ထိုင်နေတဲ့ တန်းလျားမှာပဲ ဝင်ထိုင်လိုက်တယ်ဗျ။ ပြီးတော့ ကျုပ် ငှဲ့ထားတဲ့ ရေနွေးကြမ်းခွက်ကို ကျုပ်က ကမ်းပေးလိုက်တော့ ကျိုက်ကနဲ ကောက်သောက်လိုက်တယ်ဗျ။ ပြီးတော့မှ စကားစပြောတယ်။

''ညက ထပ်ဖြစ်ပြန်ပြီ တာတေရေ၊ ဘိုးအိုကြီး ငွေ သုံးထောင် ထပ်ပျောက်သွားပြန်ပြီတဲ့ဟေ့''

''ဟာ…ဘိုးအိုက ငွေတွေ ဘယ်မှာထားလို့တုံး ငပုရဲ့''

''ဟိုနေ့က အံဆွဲထဲမှာပဲတဲ့ကွ၊ ဒါပေမဲ့ ဒီတစ်ခါ ဘိုးအို

က သော့ကို ဘယ်သူမှ မသိအောင် ကွမ်းအစ်အလယ်အံထဲမှာ ထည့်ထားတာတဲ့ဟေ့၊ သော့အပေါ်က ဆေးရွက်ကြီးအပိုင်းတွေ တောင် အုပ်ထားသေးတာတဲ့"

"အဲဒီသော့ကိုယူပြီး ဖွင့်သွားတာလား"

"အေး ဟုတ်တယ်၊ ငွေတွေ ဖွင့်ယူပြီးတော့ ကွမ်းအစ် အလယ်အံထဲကို သော့ပြန်ထားတာတဲ့ကွ၊ ဒါပေမဲ့ ခြေရာလက်ရာ က ပျက်နေတယ်။ ဘိုးအို ထားသလို ဆေးရွက်ကြီးနဲ့ အုပ်ထား တာ မဟုတ်ဘူးတဲ့ကွ၊ ဒီအတိုင်းပဲ ဆေးရွက်တွေပေါ်မှာ တင်ထား တာတဲ့။ အဲဒီသော့ ခြေရာလက်ရာ ပျက်နေတာကို တွေ့လို့ ဘိုးအိုက အံဆွဲဖွင့်ကြည့်တာတဲ့ဟေ့။ ဒီတော့မှ ငွေသုံးထောင် ပျောက်တာ သိသွားတာတဲ့"

ကျုပ်လည်း စဉ်းစားရ တော်တော်ကျပ်သွားတယ်ဗျ။

"တော်တော်တော့ ခက်တာပဲ ငပုရာ၊ ဒီသော့ကို ကွမ်းအစ်ထဲ ထည့်ထားတာ ဘိုးအိုတစ်ယောက်ပဲ သိတာမို့လား နီးတဲ့လူက ဘယ်လိုလုပ် သိတာတုံး၊ ဒီကိစ္စ သိပ်လွယ်လွယ်ကူကူ တော့ မဟုတ်ဘူး ငပုရေ"

"အေး၊ အဲဒါကြောင့်လည်း ငါ့အဘနဲ့ ဘိုးအိုနဲ့က မင်းဆီ ကို လွှတ်ပြီးတိုင်ပင်နိုင်းတာပေါ့ကွ၊ အခုလည်း သူတို့ လွှတ်လို့





ငါ စောစောစီးစီး လာခဲ့ရတာကွ တာတေရ"

"အေး၊ မီးလောင်ကုန်းကို ငါလိုက်ခဲ့မယ် ငပု"

ကျုပ်က အဘနဲ့ အမေ့ကိုပြောပြီး ငပုနဲ့ လိုက်ခဲ့ရောဗျို့။ ကျုပ်ဆေးလွယ်အိတ်ကိုတော့ ယူခဲ့တာပေါ့ဗျာ။

မီးလောင်ကုန်းရောက်တော့ ဘိုးဖေတင်နဲ့ ဘိုးအိုက ကျုပ်ကို စောင့်နေတာဗျ။ ငပုတို့အိမ်မှာပဲ တွေ့ကြတာ။

"ငပုပြောလို့ ကျုပ်အားလုံးသိပါတယ် ဘိုး၊ အဘတို့ အမေတို့လည်း စိတ်မကောင်းဖြစ်နေကြတယ်"

ကျုပ်က ဘိုးအိုကို ရိုရိုသေသေ ပြောပြတာဗျ။

"အေး အေး၊ မောင်ဉာဏ်တို့ ငွေစိန်တို့ရော နေကောင်း ကြရဲ့လား တာတေ"

"ကောင်းပါတယ် ဘိုး၊ ကောင်းပါတယ်"

"အေး၊ လူလေးက ငယ်ပေမယ့် ဗဟုသုတ အတွေ့ အကြုံ လွှတ်ရှိတယ်ဆိုတာ ဘိုးတို့က သိပြီးသားပါကွာ၊ လူလေး တတ်နိုင်သလောက် ကြံစည်တွေးတောပြီး ဘိုးတို့ကို ကူညီပါကွာ"

"ဟာ စိတ်ချပါ ဘိုးရယ်၊ ကဲ ဘိုးဖေ ကျုပ်ကို ကြက် တစ်ကောင် ချက်ပေးဗျာ၊ ထမင်းက ဆန်တစ်ခွက်ချက်လောက် ပေါ့ ဘိုးရာ"

"အေး အေး တာတေ၊ လိုတာအားလုံး ဘိုး လုပ်ပေးမယ်၊ လိုတာသာပြော၊ ကြက်က ကြီးကြီးလား၊ သေးသေးလား"

"ဘိုး ခပ်ကြီးကြီးချက်ဗျ၊ မဖဲဝါက အရွယ်အကြီးကြီးဗျ၊ တစ်ခါတလေ သူ့ခွေးကြီး နက်ကျော်ပါ ပါလာသေးတာဗျ"

"အို…စိတ်ချ၊ စိတ်ချ၊ ကဲ ငပု မြောက်ပိုင်းက ငဆင်တို့ဆီသွားပြီး ကြက်ဝယ်ခဲ့ကွာ၊ ဪ နေဦးကွ၊ တာတေရ၊ အမဲသားရော ကျွေးရင်ရလား"

"ဟာ ဘိုးကလည်း အမဲသားကျွေးရင် မဖဲဝါက ပိုပြီးကြိုက်တာပေါ့ဗျာ၊ အမဲသားက ဘယ်လိုရမှာတုံး ဘိုးရဲ့"

"ရှိတယ်ကွ တာတေရ၊ ငပု ဒါဆိုရင် ငဆင်တို့ဆီမသွားနဲ့တော့၊ အနောက်ပိုင်းက ကိုစိန်ပိုင်းဆီသွား၊ ဆပ်သွားက အမဲသားတွေ လာပို့ထားလို့ ရောင်းနေတယ်၊ သွား သွား ခပ်မြန်မြန်၊ ဒီအချိန်ဆို မကုန်လောက်သေးဘူး၊ နှစ်ပိဿာ ဆွဲခဲ့၊ မဖဲဝါကို ဝအောင်ကျွေးမယ်"

ငပုသွားတာ နာရီဝက်လောက် ကြာတယ်ဗျ။ ပြန်လာတော့ အမဲသားတွေ ပါလာတယ်။

ညရှစ်နာရီလောက်ကျတော့ ငပုက ထမင်းတောင်းထမ်းပြီး ကျုပ်တို့နှစ်ယောက် မီးလောင်ကုန်းသင်္ချိုင်းထဲကို လာခဲ့ကြ





တယ်။

ကျုပ် မျက်ကွင်းဆေးကို နားတွေပါလိမ်းပြီး 'ဒိဗ္ဗသောတ' ဓာတ်ကို ရှုတ်ထားလိုက်တာဗျ။ ဟိုတုန်းကလို နတ်ကတော် မခေါ်တော့ဘူး။ ကျုပ်နဲ့ မဖဲဝါနဲ့ တိုက်ရိုက်ဆက်သွယ်လို့ ရသွားပြီဗျ။ အရင်တုန်းကတော့ မျက်ကွင်းဆေးကို မျက်စိပဲကွင်းလို့ ရတယ် ထင်တာဗျ။ ဆရာနှံ့ဖနဲ့ နောက်ပိုင်းတွေ့တော့မှ 'ဒိဗ္ဗသောတ' ဓာတ် သင်ပေးလိုက်လို့ အကြားပါ ဖွင့်လို့ရတာကို သိသွားတာ"

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်ခူဝံအတွင်း၊ ရောက်ရာအရပ်ကနေ အမြန်ဆုံး ကြွလှမ်းခဲ့ပါ သင်္ချိုင်းရှင်မကြီး မဖဲဝါဗျား"

ကျုပ်က မဖဲဝါကို သုံးခါတိတိ ထပ်ပင့်တယ်ဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ ဝူး"

ဟော နက်ကျော်ကြီးအသံ ကြားပြီဗျို့။ မဖဲဝါ လာပြီ။ ူတွေပေါ် တစ်တောင်လောက်အမြင့်ကနေ ရွေ့လာတာဗျ။ ီတစ်ခါ မြင်ရတာ အပေါ်အနက် အောက်အနက် ဝတ်ထားတာ ျ။ အနက်ရောင် ခါးတောင်အင်္ကျီဗျ။ အောက်ပိုင်းကတော့ အနက် ာ အဖြူအချိတ်ဆင်ပါတဲ့ ထဘီဗျ။

ကျုပ်ပြင်ထားတဲ့ ထမင်းနဲ့ အမဲသားဟင်းကို အားရပါးရ

စားနေရင်းက မဖဲဝါက ကျုပ်ကို မော့ကြည့်တယ်ဗျ။

"မဖဲဝါ၊ မီးလောင်ကုန်းမှာ ဘိုးအိုရဲ့သားတစ်ယောက်က ငူတူတူ ငိုင်တိုင်တိုင်နဲ့ တစ်ယောက်တည်း စကားပြောနေပါတယ် နာမည်က ထွန်းကျော်ပါ၊ ပြီးတော့ ဘိုးအိုရဲ့ ရွှေတွေ ငွေတွေလည်း သော့ဖွင့်ပြီး အခိုးခံရတယ် မဖဲဝါရဲ့"

ကျုပ်စကားတောင် မဆုံးသေးပါဘူးဗျာ၊ မဖဲဝါက ပြော တော့တာပါပဲ။

"တာတေ၊ မီးလောင်ကုန်း အနောက်ဘက်က တောအုပ် ထဲမှာ မှော်ဆရာတစ်ယောက် ရောက်နေတယ်၊ အဲဒီကောင်က ထွန်းကျော်ကို တို့ဆေးနဲ့ လုပ်ထားတာ၊ ဒီကောင့် တို့ဆေးက တော်တော်အစွမ်းထက်တယ်၊ သာမန်တို့ဆေးမျိုး မဟုတ်ဘူး သူတို့ဆေးမိထားတဲ့လူကို သူ့ရဲ့ မှော်အတတ်နဲ့ လှမ်းဆက်သွယ်ပြီး ခိုင်းချင်တာ ခိုင်းလို့ရတယ်။ ဒီကောင်က ထွန်းကျော်ကို ဘိုးအို့ ပစ္စည်းတွေခိုးပြီး သူ့ကို လာပေးဖို့ ခိုင်းနေတာ။ ခိုးပြီးရင် ထွန်းကျော်က ဟောဒီသချိုင်းကုန်းဇရပ်မှာ လာလာပေးရတာ အခုဆိုရင် နှစ်ခါ ပေးပြီးပြီ။ ဒီည ဦးအိုမှာ ရှိသမျှ ရွှေငွေ အကုန်ခိုးခိုင်းလိမ့်မယ်။ အဲဒါတွေရရင် သူ ဒီက ထွက်သွားလိမ့် မယ်။ သူထွက်သွားရင် ထွန်းကျော်က တစ်သက်လုံး ရူးကြောင်





ကြောင်ဖြစ်ပြီး ကျန်ခဲ့လိမ့်မယ်"

"ဟာ…ဒါဆိုရင် ဘယ်လိုလုပ်မတုံး မဖဲဝါ"

"နင် မပူနဲ့၊ ရော့ ဒီဟာ ယူထား"

မဖဲဝါက လက်ကိုမြှောက်ပြီး လေထဲက လှမ်းယူလိုက် ာဗျ။ အဝတ်စတစ်ခုပဲဗျို့။ သူထမင်းစားနေတဲ့ ဂူကြီးရှေ့က က်ပင်တွေထဲကို ပစ်ချပေးလိုက်တယ်။

"အဲဒါ မီးဖွားရင်း သေသွားတဲ့ မိန်းမရဲ့ ထဘီပဲ၊ နင် ဒီကောင်ကို ဒီထဘီနဲ့ အုပ်လိုက်၊ ဘယ်မှော်မှ မခံနိုင်ဘူး၊ ားလုံး ပျက်သွားလိမ့်မယ်။ ကျန်တာ ငါဆက်လုပ်မယ်၊ ဒီည င်တို့ ထွန်းကျော်ကို သေသေချာချာ စောင့်ပြီး နောက်က လိုက်ခဲ့ ့။ ဦးအို သော့ဖွက်ထားတဲ့နေရာကို ဒီကောင်က မှော်အစွမ်းနဲ့ ိတယ်၊ ဦးအို ပိုင်သမျှ ရွှေတွေအားလုံးကို ထွန်းကျော်ကို ည ခိုးခိုင်းမှာ သေချာတယ်"

မဖဲဝါက သူလည်းစား၊ နက်ကျော်ကြီးကိုလည်း ကျွေးနဲ့ ်နေတော့ ပြန်သွားရောဗျို့။ ကျုပ်က သူပေးထားခဲ့တဲ့ မီးတွင်း သေတဲ့ မိန်းမရဲ့ ထဘီဆိုတာကို ပြေးကောက်ယူလိုက်တယ်။ ချိုင်းထဲက ငှက်ပျောဖက်တစ်ရွက် ခူးပြီး ထဘီကို ထုတ်ယူခဲ့ရ ယ်ဗျ။

ရွာပြန်ရောက်တော့ ဘိုးအိုကိုရော၊ ဘိုးဖေကိုရော အကြောင်းစုံ ပြောပြလိုက်တယ်။ အဲဒီည ဘိုးအိုရယ်၊ ဘိုးဖေရယ်၊ ကျုပ်ရယ် ဘိုးအိုတို့ဝိုင်းနဲ့ မျက်စောင်းထိုးက ဘိုးဗလရဲ့ ဝိုင်းထဲက ပုန်းပြီးစောင့်နေကြတယ်။ သန်းခေါင်ကျော်တော့ ဘိုးအိုရဲ့ ဝိုင်းထဲ က ကိုထွန်းကျော် ထွက်လာရောဗျို့။ လွယ်အိတ်တစ်လုံးကို စလွယ်သိုင်း လွယ်လို့ဗျ။

"ကြည့်စမ်း ကြည့်စမ်း၊ တော်တော်ရက်စက်တဲ့ မှော်ဆရာစုတ်ကွာ၊ ငါ့သားကိုလည်း ရူးအောင်လုပ်သေးတယ်၊ ငါ့ပစ္စည်း ရှိသမျှကိုလည်း အကုန်ရအောင် ခိုးသေးတယ်။ တာတေရာ ဘိုးကိုယ်တိုင်ပဲ ဒီကောင့်ကို ငှက်ကြီးတောင်နဲ့ ဝိုင်းပစ်လိုက်ချင်ပါတယ်ကွာ"

"မလုပ်နဲ့ ဘိုး၊ ကျုပ်နဲ့ မဖဲဝါ လုပ်မယ်၊ ဘိုး အသာလေးသာ ကြည့်နေ"

ကျုပ်တို့လေးယောက် ကိုထွန်းကျော်ရဲ့နောက် ခပ်လှမ်းလှမ်းက လိုက်သွားကြတယ်။ ကိုထွန်းကျော်က မီးလောင်ကုန်းသင်္ချိုင်းထဲကို ဝင်သွားတယ်။ ပြီးတော့ ဇရပ်တိုင်လေးမှာ မှီပြီးအိပ်ပျော်သွားတဲ့ပုံပဲဗျ။

ဘိုးအိုတို့တွေကို ဘိစပ်ချုံကွယ်ပြီး ပုန်းနေခိုင်းတယ်။





ကျုပ်ကတော့ မဖဲဝါ ပေးခဲ့တဲ့ မီးဖွားရင်း သေသွားတဲ့ မီးနေသည်ရဲ့ ထဘီကိုယူပြီး ကိုထွန်းကျော်နဲ့ အနီးဆုံးက အုတ်ဂူကြီးဘေးမှာ ပုန်းနေလိုက်တယ်။

ကွမ်းတစ်ယာညက်လောက် ကြာတော့ လူတစ်ယောက် သင်္ချိုင်းထဲကို ဝင်လာတယ်ဗျို့။ လွယ်အိတ်ကြီးတစ်လုံးကို စလွယ်သိုင်း လွယ်ထားတယ်။ ခေါင်းမှာ သျှောင်ထုံးနဲ့ဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား တို့ဆေးဘုရင် ငမြဒင်တို့တော့ ချမ်းသာပြီဟေ့၊ ဟား၊ ဟား၊ ဟား၊ ဟား"

ဒီလူက ကိုထွန်းကျော် လွယ်ထားတဲ့ လွယ်အိတ်ကို ဟကြည့်ပြီး ပြောလိုက်တာဗျ။ ကျုပ်လည်း ချက်ချင်းပြေးထွက်ပြီး မဖဲဝါ ပေးခဲ့တဲ့ ထဘီနဲ့ တို့ဆေးဘုရင်ကြီးကို ခေါင်းကစပြီး အုပ်ချလိုက်ရောဗျို့။

"ဟေ့ ဘယ်သူတုံး၊ ဘာလုပ်တာတုံး"

သူ့ခေါင်းမှာ အုပ်ထားတဲ့ ထဘီကို သူဖယ်တာ ဖယ်လို့မရဘူးဗျ။ မဖဲဝါပေးတဲ့ ထဘီကလည်း ဒီလောက်ကို စွမ်းတာဗျို့။

ဟော လာပြီဗျို့၊ မဖဲဝါ လာပြီ။ မဖဲဝါက မှော်ဆရာ ဘို့ဆေးဘုရင်ရဲ့ခေါင်းမှာ စွပ်နေတဲ့ ထဘီကို ဆွဲယူလိုက်တယ်။ ဒီတော့မှ မှော်ဆရာမြဒင်က မဖဲဝါကို မြင်သွားတာဗျ။

“မြဒင်၊ နင့်မှာ ဘာမှော်အစွမ်းမှ မရှိတော့ဘူး”

မှော်ဆရာက မဖဲဝါကို သူ့ရဲ့ မှော်ပညာတွေနဲ့ မျိုးစုံလုပ်တယ်ဗျို့။ ဒါပေမဲ့ သူ့ဆီက ဘာပညာမှ ထွက်မလာဘူး။

“နင် ငါ့မျက်လုံးကို သေသေချာချာကြည့် ဟဲ့ကောင်”

မဖဲဝါ ပြောလိုက်တော့ မှော်ဆရာ မြဒင်က ကယောင်ကတမ်းနဲ့ မဖဲဝါရဲ့ မျက်လုံးနီနီကြီးတွေကို လှမ်းကြည့်တယ်ဗျ။ မဖဲဝါ ဘာလုပ်လိုက်လဲ မသိပါဘူးဗျာ။ တို့ဆေးဘုရင်ကြီး ခွေကနဲ လဲကျသွားရောဗျို့။ မဖဲဝါလည်း သူ့ရဲ့ မီးနေထဘီကို ယူပြီး ဖြုတ်ကနဲ ပျောက်သွားရောဗျာ။ ဒီတော့မှ ဘိုးအိုတို့တွေ ပြေးလာပြီး မှော်ဆရာရဲ့ လွယ်အိတ်ကို ရှာတော့ ပထမနေ့တွေက ကိုထွန်းကျော် ခိုးပေးထားတဲ့ ဆွဲကြိုး၊ လက်ကောက်နဲ့ ငွေတွေ အကုန်ပြန်ရတယ်ဗျ။ ဘိုးအိုက ကိုထွန်းကျော်ရဲ့ လွယ်အိတ်ကြီးကို ဖြုတ်ပြီး လွယ်လိုက်တယ်။ မှော်ဆရာဆီက ပြန်ရတဲ့ ပစ္စည်းတွေကိုလည်း အဲဒီအိတ်ထဲပဲ ထည့်လိုက်တယ်။ အိပ်ပျော်နေတဲ့ ကိုထွန်းကျော်ကို နှိုးပြီး ဘိုးအိုအိမ်ကို ကျုပ်တို့အားလုံး ပြန်ခဲ့ကြတယ်။ အိမ်ရောက်တော့ ငိုင်တိုင်တိုင် ဖြစ်နေတဲ့ ကိုထွန်းကျော်ကို ကျုပ်က အင်းတစ်ချပ် ရေစိမ်ပြီး တောက်ပေးလိုက်တယ်။ ပြီးတော့ အဲဒီရေကို သောက်ခိုင်းလိုက်တယ်။





ခဏနေတော့ ကိုထွန်းကျော် သတိကောင်းကောင်း ရသွားရောဗျို့။ သူ ဘာဖြစ်တယ်ဆိုတာတော့ ဘာမှမမှတ်မိတော့ဘူး။ အဲဒီညက ကျုပ်လည်း မီးလောင်ကုန်းမှာ ငပုနဲ့ အတူတူ အိပ်လိုက်ရတာပေါ့ဗျာ။

နောက်နေ့ရောက်တော့ လူတွေ ကျွက်ကျွက်ဆူ ဖြစ်နေလို့ ကျုပ်နဲ့ ငပု ထွက်ကြည့်တယ်။ မှော်ဆရာကြီး၊ တို့ဆေးဘုရင် မြဒင် ရူးသွားပြီး ကနေတာဗျို့။ ပါးစပ်ကလည်း ပြောချင်ရာတွေ ပြောလိုက်၊ သီချင်းဆိုလိုက် ကလိုက်နဲ့ လူတွေက အုံကြည့်နေတာပေါ့ဗျာ။ ပါးစပ်ကလည်း တစ်ယောက် တစ်ပေါက် ပြောလို့ဗျို့။

“ဘယ်ကရောက်လာတဲ့ အရူးလည်းတော့ မသိဘူးကွ၊ ကလိုက်တာမှ ကွေးနေတာပဲ”

ခဏနေတော့ အရူးက မီးလောင်ကုန်းရွာထဲက ထွက်သွားတယ်။ ဘယ်သွားလဲတော့ ဘယ်သူမှ မသိကြဘူးဗျ။ ကျုပ် အိမ်ပြန်ရောက်တော့ ထမင်းစားချိန်တောင် ရောက်နေပြီဗျ။

“တာတေ ပြန်လာပြီလား၊ နင့်ဘိုးအိုရော ပစ္စည်းတွေ သတင်းရပြီလားဟဲ့”

အမေက ကျုပ်ကို ဆီးမေးတာဗျ။

“ပြန်ရပြီ အမေရေ၊ အားလုံး ပြန်ရပြီ”

"ဟော···ဟုတ်လား၊ ငါ့သားက တယ်ေတော်ဉာဏ်စွမ်းပါလား ငွေစိန်ရေ"

"ဟာ၊ ကျုပ်စွမ်းတာ မဟုတ်ဘူး အဘရဲ့၊ မဖဲဝါ စွမ်းတာ၊ မဖဲဝါ လုပ်ပေးလို့ ပြန်ရတာ"

ကျုပ်လည်း အကြောင်းစုံ ပြောပြလိုက်ရတော့တာပေါ့ ဗျာ။

တာတေ

□□□



# မှင်စာဆိုးမေ

ရာသီက ဆောင်းဦးပေါက်ကလေးဗျ။

ဒီရာသီဆိုရင် ကျုပ်တို့အညာမှာက အသီးအနှံတွေ ပေါ ချက်ဗျာ။ ဟိုရွာ ဒီရွာက အသီးအနှံစိုက်တဲ့လူတွေက ခူးကြ ဆွတ်ကြ မြို့ဈေးသွားပြီး ရောင်းကြချကြပေါ့ဗျာ။ မြို့မဈေးကြီး အနောက်ဘက်မှာက ကုက္ကိုပင်ကြီးတွေ ပေါက်နေတဲ့ ကျောက် ဘိုင်ကွင်းရှိတယ်။ ကျောက်တိုင်က လွတ်လပ်ရေးအထိမ်းအမှတ်

ကျောက်တိုင်ဗျ။ အဲဒီကျောက်တိုင် ကွင်းထဲမှာ ငါးရက်တစ်ဈေး ရှိတယ်လေဗျာ။

ကျုပ်တို့ အညာဒေသက မြို့တွေရဲ့ ဈေးဓလေ့ကလေး ပေါ့ဗျာ။ အနီးအနားမြို့တွေမှာ ဈေးနေ့ကလည်း မတူဘူးဗျ။ တစ်ရက်စီခွဲထားတာ။ ဒါမှလည်း ဈေးနေ့လိုက်ရောင်းတဲ့လူတွေ က မြို့တစ်မြို့ကနေ တစ်မြို့ကို ကူးပြီးရောင်းနိုင်တာပေါ့ဗျာ။ ယက်ကန်းရက်တဲ့လူတွေကလည်း ဈေးနေ့မှာသွားပြီး ဝါတောင့်တွေ ဝယ်ကြရတယ်။ ဝါဂွမ်းဘိုင်းတောင့်တွေကို ပြောတာဗျ။ အဲဒီဘိုင်းတောင့်တွေကမှ ရစ်နဲ့ချည်ငင်ကြရတာပေါ့ဗျာ။ အဲဒီချည်ကိုမှ ကြိုက်တဲ့အရောင်ဆိုးပြီး ယက်ကန်းစင်မှာ ခတ် ကြတာပေါ့ဗျာ။ အညာစောင်တွေ၊ အညာတဘက်တွေ၊ ဖျင်ကြမ်း ပိတ်စတွေပေါ့ဗျာ။ အညာစောင်တွေ၊ အညာတဘက်တွေ၊ ဖျင် ကြမ်းပိတ်စတွေပေါ့ဗျာ။ ချွေးတရွှဲရွှဲထွက်နေတဲ့ ကျုပ်တို့အညာ သားတွေအတွက်ကတော့ ဖျင်ကြမ်းအင်္ကျီက အကောင်းဆုံးပဲဗျ။ ချွေးစုပ်တယ်။ လေဝင်တယ်လေဗျာ။

မြောက်လေကလေး သုတ်လိုက်တဲ့ အချိန်တော့ စိမ့်သွား သားဗျ။ ဒါပေမဲ့ ဒီအအေးလောက်ကတော့ ကျုပ်တို့အညာသားက နေလို့ကောင်းရုံပဲ ရှိတာဗျ။





ကျုပ်က မိုးလင်းတာနဲ့ ထမင်းကြမ်းက စားပြီးသားဗျ။ အမေလုပ်ထားတဲ့ ငရုတ်သီးလေးနဲ့ ထောင်းထားတဲ့ ပဲပုတ်သုတ် ကလေးနဲ့ပေါ့ဗျာ။ ကြက်သွန်နီဥကြီးကြီးလေးနဲ့ သုတ်ထားတာဗျ။ ပဲဆီမွှေးမွှေးလေး ဆမ်းထားတော့ ပဲပုတ်ကလေးက ပိုမွှေးနေ တော့တာပေါ့ဗျာ။ လက်ဖက်ခြောက်ကောင်းကောင်း ခတ်ထားတဲ့ ရေနွေးကြမ်းပူပူလေးကို မှုတ်မှုတ်သောက်လိုက် ပဲပုတ်နဲ့ ထမင်းကြမ်း လေးစားလိုက်နဲ့ပေါ့ဗျာ။ စားသောက်လည်းပြီးရော နဂါးဆေးပေါ့လိပ်ကလေးသောက်လိုက်ရင် တကယ့်စည်းစိမ် ပါပဲဗျာ။ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း ဟိုတွေး သည်တွေးနဲ့ အညာသားစည်းစိမ်ကို ခံနေတာဗျ။

"တာတေရေ၊ သူငယ်ချင်း"

ဝိုင်းဝက ကျုပ်ကို ခေါ်နေတာဗျ။ ဘယ်သူပါလိမ့်လို့ ကျုပ်က ကြည့်လိုက်တော့ ဘန့်ဘွေးကုန်းက ကျုပ်သူငယ်ချင်း သိန်းဇော်ဗျ။ သိန်းဇော်နဲ့ ကျုပ်နဲ့က မြို့ကျောင်းအတူတူတက်ခဲ့တဲ့ သူငယ်ချင်းတွေလေဗျာ။ ဟိုတုန်းကတော့ ကျုပ်ကလည်း ဒီကောင့်အိမ်ကို မကြာမကြာ ရောက်တယ်ဗျ။ ဒီကောင်ကလည်း ကျုပ်အိမ်ကို မကြာမကြာ ရောက်တယ်။ အခုတော့ သူလည်း သူ့အိမ်အလုပ်တွေနဲ့ ကျုပ်ကလည်း ကျုပ့်အလုပ်တွေနဲ့ဆိုတော့

တစ်ယောက်ဆီကို **တစ်ယောက်** အရောက်အပေါက် နည်းသွားတော့တာပေါ့ဗျာ။

"သိန်းဇော် လာလေ သူငယ်ချင်း"

ဒီကောင်ကလည်း ခေါင်းရင်း ဝင်လာတာ လှေကားတောင် ရောက်နေပြီဗျ။ ကျုပ်ထိုင်နေတဲ့ တန်းလျားမှာပဲ ဝင်ထိုင်တာဗျ။ ကျုပ်ကလည်း နဂါးဆေးပေါ့လိပ်တစ်လိပ်နဲ့ မီးခတ်ကလေး ကမ်းပေးလိုက်တယ်။ သိန်းဇော်ကလည်း နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီးဖွာလိုက်တယ်။

"သိန်းဇော် မင်း ဘာစားခဲ့ပြီလဲ၊ ထမင်းကြမ်း စားမလား"

"ဟာ ငါ ထမင်းကြမ်း စားပြီးပြီကွ"

"ဟဲ့ ဒါ ဘယ်သူတုံး၊ သိန်းဇော်လား၊ မလာတာတောင် ကြာပြီ"

"ဟုတ်တယ် အရီးရေ၊ ဘိုးညာဏ်ရော စောစောစီးစီး ဘယ်သွားတုံး"

"နင့်ဘိုးညာဏ်က ဘိုးညီလေးတို့အိမ်က ဘုန်းကြီး အာရုံဆွမ်းကပ်လို့ ဖိတ်ထားတာနဲ့ သွားတယ်ဟေ့၊ တရားနာမီအောင် လာပါလို့ ဘိုးညီလေးက မှာတာနဲ့ အစောကြီး ထသွားတာဟဲ့





သိန်းဇော်ရဲ့"

"ကျုပ်လည်း အဲဒါနဲ့ ယာထဲလိုက်ဆင်းနေရတော့ အားတယ်လို့ သိပ်မရှိတော့ပါဘူး အရီးရာ"

"အေးပေါ့ဟယ်၊ လုပ်ရမှာပေါ့၊ မိဘတွေက အသက်တွေရလာပြီလေ သိန်းဇော်ရဲ့၊ ကဲ ကဲ ပြောကြဦး၊ အရီး အနောက်ပိုင်း သွားလိုက်ဦးမယ်၊ မပုတို့ပိုင်းမှာတော့ ဝက်သားသယ်ရောက်နေလို့တဲ့ စောစောကပဲ မပုသား ကြွက်နီ လာပြောသွားတယ်"

အမေက အညာတာဘက်ကလေးတစ်ထည်ခြုံပြီး ထွက်သွားတယ်။ ဒီတော့မှ သိန်းဇော်က ပြောတာဗျ။

"ဟေ့ကောင် တာတေ၊ ငါလာတာ အကြောင်းရှိလို့ကွ"

"အေး ငါလည်း ထင်တယ်၊ မင်း ခါတိုင်းလာရင် ဒီလို စောစောစီးစီး လာတတ်တာမှ မဟုတ်တာ၊ ပြောပါဦးကွ၊ ဘာအကြောင်းတုံး"

"ဒီလိုကွ၊ ငါတို့ ဘန့်ဘွေးကုန်းနဲ့ ထိန်ကုန်းနဲ့ကြားက လှည်းလမ်းမှာ ညောင်မုတ်ဆိတ်ပင်ကြီးတစ်ပင် ရှိတယ်လေကွာ"

သိန်းဇော် ပြောတာကို ကျုပ်က ဇဝေဇဝါ ဖြစ်နေတာဗျ၊ အဲဒီဘက်တွေလည်း မရောက်တာ ကြာနေပြီလေဗျာ။

"ဟာ တာတေရာ၊ မင်းနဲ့ငါ မှိုကျင်းတွေ့တဲ့နားကလေ ကွာ"

ဒီတော့မှ ကျုပ်မျက်စိထဲ မြင်သွားတော့တာမျို့။

"ဩော်…အေး၊ သိပြီ သိပြီ၊ ညောင်မှတ်ဆိတ်ပင်ကြီး ကို ငါမှတ်မိပြီ သိန်းဇော်ရေ"

"အေး အေး၊ မြို့ဘက်ကိုသွားတဲ့ လှည်းလမ်းနဲ့ ထိန် ကုန်းကထွက်လာတဲ့ လှည်းလမ်းနဲ့ ဆုံတဲ့နေရာနားပေါ့ကွာ"

"သိပြီ သိန်းဇော်၊ ငါသိပြီ၊ အဲဒီနေရာမှာ ဘာဖြစ်လို့ တုံးကွ"

"အဲဒီနားမှာလူတွေ တော်တော်ဒုက္ခရောက်နေကြတာ ကွ"

"ဟေ…ဘာဖြစ်လို့တုံး"

"ထိန်ကုန်းက လူတွေရော၊ ငွေတွင်းကုန်းတို့ မီးလောင် ကုန်းတို့ သာယာကုန်းတို့ ဝက်စုတို့က လူတွေရော ငါးရက် တစ်ဈေး သွားရောင်းတိုင်း ဝေလီဝေလင်းမှာ သရဲချည်း အခြောက်ခံနေကြရတာတဲ့ဟေ့"

"ဟာ ဟုတ်လားကွ သိန်းဇော်၊ အဲဒီသတင်း ငါမကြား ဘူးကွ"





"မင်းတို့ ထနောင်းကုန်းနဲ့က နည်းနည်းလှမ်းနေတာကိုး တာတေရ၊ ငါတို့ ဘန့်ဘွေးကုန်းနဲ့ ထိန်ကုန်းနဲ့က နီးတယ်လေ ကွာ၊ လူတွေကလည်း နှစ်ရွာ တစ်ရွာ သွားလာနေကြတာဆိုတော့ သတင်းတွေက နေ့တိုင်း ကြားနေရတာကွ"

"ဘယ်လိုခြောက်တာတဲ့တုံး သိန်းဇော်ရဲ့"

"ဟာ သရဲက လူတွေကို နှောက်တာနေမှာကွ၊ အဲဒီ ညောင်မှတ်ဆိတ်ပင်ကြီးနားက ဖြတ်လျှောက်တဲ့ ဈေးသည်တွေ ဝမ်းလျားမှောက်တွေ လဲလိုလဲ၊ ဆိုင်းထမ်းတံပိုးနဲ့ ထမ်းလာတဲ့ ဘူးသီးတောင်း၊ ခရမ်းသီးတောင်းတွေ မှောက်ကုန်ကြတာတဲ့ကွ"

"ဟာ…ဒီသရဲ တော်တော်ဆိုးတာပဲကွာ"

"အေး လူတွေ အဲဒီလို ချော်လဲပြီး ကို့ယို့ကားယား ဖြစ်ကုန်ရင် ကလေးရယ်သံလေးတစ်သံ ထွက်လာရောတဲ့ဟေ့၊ ရယ်လိုက်တာမှ ခွက်ထိုးခွက်လန်ကို ရယ်တာဆိုပဲကွ"

"ကလေးရယ်သံ ဟုတ်လား သိန်းဇော်၊ ဒါဆိုရင် မှင်စာ လေးတစ်ကောင် လုပ်နေတာဖြစ်မယ်ကွ"

"အေး၊ မင်းတော့ သိနိုင်တယ်ဆိုပြီး ငါလာခဲ့တာကွ"

"ပြီးတော့ ဘာတွေလုပ်သေးတုံးကွ"

"ဈေးရောင်းသွားတဲ့ နွားလှည်းတွေ အဲဒီနားရောက်ရင်

နွားတွေက ဘာကိုလန့်မှန်းမသိဘူးတဲ့ဟေ့၊ လန့်ပြီးပြေးတာ၊ လှည်းကို ဘယ်လိုမှကို မောင်းလို့မရတော့တာတဲ့။ လှည်းပေါ်မှာ အပြည့်အမောက်တင်လာတဲ့ ခရမ်းခေါင်းသီးတွေ၊ ခရမ်းချဉ်သီးတွေဆိုတာ လှည်းလမ်းမှာ ကျကုန်ရောတဲ့ဟေ့။ ဝေလီဝေလင်းထပြီး ဈေးရောင်းထွက်ရတဲ့သူတွေ တော်တော်ကို စိတ်ညစ်နေကြတာတဲ့ တာတေရ”

“အေးပေါ့ကွာ၊ ဒီလောက်တောင် ဖြစ်နေတော့ စိတ်ညစ်ကြတော့မှာပေါ့၊ ဒါနဲ့ ရွာသားတွေက ဘာမှ မလုပ်ကြဘူးလားကွ”

“လုပ်တော့ လုပ်တယ်ကွ၊ ထိန်ကုန်းကျောင်းက ဘုန်းကြီးတွေပင့်ပြီး ပရိတ်တွေ ဘာတွေ ရွတ်တယ်တဲ့ကွ၊ တစ်လလောက်တော့ ငြိမ်သွားသတဲ့၊ ပြီးတော့ အရင်အတိုင်း ပြန်လုပ်တာပဲတဲ့ကွ၊ ဘုန်းကြီးတွေ ပရိတ်ရွတ်တာ နှစ်ခါတောင်ရှိပြီဆိုပဲ၊ ခဏပဲ ငြိမ်တယ်တဲ့ တာတေရေ”

“မင်းနဲ့ငါ တစ်ရက်သွားကြတာပေါ့ကွာ၊ အခြေအနေ အကဲခတ်ကြည့်ရမှာပေါ့လေ”

ကျုပ်က သိန်းဇော်ကို ပြောလိုက်တာဗျ။

“ဒါဆိုရင် ဘယ်လိုသွားမတုံး တာတေ”





“အခုရက် ခြောက်တယ် ကြားလား”

“ဟာ ပြီးခဲ့တဲ့ ဈေးနေ့ကတင် ထိန်ကုန်းက ဘတွေးဖိုးကြည် လှည်းမှောက်မလိုတောင် ဖြစ်လို့တဲ့ နှမ်းအိတ်တွေတင်ပြီး မြို့သွားမို့တာတဲ့၊ အဲဒီညောင်မုတ်ဆိတ်ပင်နားလည်း ရောက်ရော နွားတွေ လန့်တာတဲ့ကွာ၊ ကြောက်စရာတောင်ကောင်းတယ်ဆိုပဲ၊ လန့်ပြီး နွားတွေက ထထခုန်တာတဲ့ဟေ့၊ ပြီးတော့ လှည်းကို ဆွဲပြေးတာ မှောက်တော့မလို့တဲ့ကွာ၊ ဘတွေးဖိုးကြည် အထိန်းကောင်းလို့တဲ့၊ ဘတွေးလှည်းလည်း အဲဒီလို ဝရုန်းသုန်းကားဖြစ်ရော ကလေးရယ်သံလေးတစ်သံ ထွက်လာပြီး ရယ်လိုက်တာတဲ့ကွာ၊ ဘတွေးလည်း စိတ်ဆိုးဆိုးနဲ့ ငါနဲ့ချည်း ကော်တုတ်ခဲ့တာဆိုပဲကွ”

“နေပါဦးကွ၊ တခြားအချိန်တော့ မခြောက်ဘူးလား သိန်းဇော်ရဲ့”

“ဟာ မခြောက်ဘူးကွ၊ အဲဒီအချိန်တစ်ချိန်ပဲ ခြောက်တာတဲ့၊ မနက်ဖြန်ဆို မြို့မှာ ဈေးနေ့ကွ ဈေးလှည်းတွေ သွားကြမှာ”

“ဟေ၊ ဒါဆိုရင်တော့ သိန်းဇော်ရေ၊ ဒီည ငါ မင်းတို့အိမ်မှာ လာအိပ်ပြီး မနက်ကို ဈေးလှည်းတွေ မထွက်ခင် အဲဒီနေရာကို ရောက်အောင်သွားရမှာပဲ၊ မင်းတို့ရွာကနေ အဲဒီထိန်ကုန်း

လှည်းလမ်းဆုံကို ရောက်အောင် ဘယ်လောက်လျှောက်ရမတုံး"

"နာရီဝက်ပါပဲကွာ၊ ဒါထက် မပိုပါဘူး"

"အေး ဒါဆိုရင် ဒီညနေ မင်းတို့အိမ်ကို ငါလာခဲ့မယ်၊ မနက်ဖြန် မြို့မှာ ဈေးနေ့ဆိုတော့"

သိန်းဇော် ပြန်သွားတော့မှ ကျုပ်က ကျုပ်ရဲ့ ဆေးလွယ်အိတ်ကို မွှေရတော့တာပေါ့ဗျာ။ အဲဒီထဲမှာ ဆရာကြီး ဦးမင်းအောင် ကျုပ်ကို ပေးခဲ့တဲ့ တဆွေထောင်ချောက်အင်း ရှိတယ်ဗျ။ ဟော တွေ့ပြီ။ သိမ်ဝင်သပိတ်ကွဲမှာ ချထားတဲ့အင်းဗျ။

(ဆရာကြီး ဦးမင်းအောင် အကြောင်းကို သိချင်ရင်တော့ ကျုပ်ရေးခဲ့တဲ့ 'ကမေ၀ဆယ့်နှစ်ကြိုး' စာအုပ်မှာ ရှာဖတ်ကြည့်ဗျာ)

ကျုပ်က တဆွေထောင်ချောက်အင်းကို ယူလိုက်ပြီး ဘုရားစင်ရှေ့မှာ ဆရာကြီးတွေ လုပ်ကြတဲ့အတိုင်း ဘုရားရှိခိုး မေတ္တာပို့၊ ပြီးတော့ အင်းနှိုးတဲ့မန္တန်ကို ရွတ်ရတာပေါ့ဗျာ။

အမေနဲ့ အဘကို အကျိုးအကြောင်းပြောပြီး ညနေစောင်းမှာ ဘန့်ဘွေးကုန်းကို ထွက်လာခဲ့တယ်။ သိန်းဇော်တို့အိမ်မှာ ညအိပ်လိုက်တယ်ဗျ။ မနက်ကျတော့ ကျုပ်နဲ့ သိန်းဇော်နဲ့ သုံးနာရီလောက်ထပြီး ထိန်ကုန်းဘက်ကို လာခဲ့ကြတယ်။ ထိန်ကုန်းအထိတော့ မသွားရပါဘူးဗျာ။ ထိန်ကုန်းက ထွက်လာတဲ့ လှည်းလမ်း





ကြောင်းနဲ့ ငွေတွင်းကုန်းဘက်ကနေ မြို့ကိုသွားတဲ့ လှည်းလမ်းကြောင်းဆုံတဲ့နေရာကိုရောက်တော့ မြို့ဘက်သွားတဲ့ လှည်းလမ်းဘေးမှာ ညောင်မုတ်ဆိတ်ပင်ကြီးကို တွေ့တယ်ဗျ။ အဲဒီနေရာမှာ ကျုပ်နဲ့ သိန်းဇော်နဲ့ ကျုပ်နဲ့ မို့တစ်ကျင်း ရဖူးတယ်။ ဒီတုန်းက ထိန်ကုန်းက ကျုပ်တို့သူငယ်ချင်း အောင်တင့်ရဲ့ညီတွေ ရှင်ပြုကအပြန် မနက်အစောကြီး မို့ကျင်းတွေ့တာဗျ။ ဒီတုန်းက နှစ်ယောက်သား တင်းတောင်းတစ်လုံးလောက် ရတယ်။ သိန်းဇော်က ထိန်ကုန်းကို ကပျာကယာ ပြန်ပြေးပြီး ခွဲတောင်းအစုတ်နှစ်လုံးတောင်းလာတယ်။ ကျုပ်တို့နှစ်ယောက် တစ်ယောက်ကို ခွဲတောင်းတစ်လုံးစီ ရကြတာဗျ။ မို့ရတဲ့မျက်နှာဆိုတာ အမှန်ပါပဲဗျာ။ ကျုပ်တို့ သူငယ်ချင်းနှစ်ယောက် ပျော်လိုက်ကြတာဗျာ။

"တာတေရေ၊ ညောင်မုတ်ဆိတ်ပင်ကြီးတော့ ရောက်ပြီကွ၊ တို့ ဘယ်နေရာမှ နေရမှာတုံး"

"ဟိုရှေ့က မြရာပင်တွေနောက်က ကွယ်ပြီး အခြေအနေကြည့်တာပေါ့ကွာ၊ ဒါမှ လှည်းလမ်းကို မြင်နေရမှာ"

ကျုပ်တို့နှစ်ယောက် ချုံကြီးလို ဖြစ်နေတဲ့ မြရာပင်တွေကြားမှာဝင်ပြီး ငြိမ်နေလိုက်ကြတာဗျ။ လကလည်း သာလိုက်တာ သိန်နေတာပါပဲဗျာ။ လှည်းလမ်းကြီးကို အဖွေးသား မြင်နေရတာ

ဗျို့။ ကျုပ်တို့ရောက်ပြီး တော်တော်လေးကြာမှ ထိန်ကုန်းဘက်က လှည်းတစ်စီးမောင်းလာတဲ့အသံ ကြားရတယ်ဗျ။ ထိန်ကုန်းက လာတဲ့ လှည်းလမ်းက လျှိုထဲက လာရတာဆိုတော့ လှည်းကို မမြင်ရဘူးဗျ။ အသံပဲ ကြားရတာ။

"ဟဲ့နွား၊ ဟာ ညီကြီး ပေကပ်ကပ်လုပ်ပြီ၊ တောက်"

နွားငေါက်တဲ့အသံကို ကြားနေရတာဗျ။ ဒီတုန်းမှာပဲ ငွေတွင်းကုန်းဘက်ကလည်း နွားငေါက်သံသဲ့သဲ့ ကြားရတယ်ဗျ။ ငါးရက်ဈေးမှာ သွားရောင်းဖို့ ထွက်လာကြပြီပေါ့ဗျာ။ ကျုပ်က မျက်ကွင်းဆေး ကွင်းလာတော့ ဟိုကြည့် ဒီကြည့် လုပ်နေရတာ ဗျ။ ခုထိတော့ ဘာမှမတွေ့သေးဘူး။

"ဟာ ဒီနွား တောက်၊ ဘေးကို မဲဆွဲနဲ့လေ၊ တည့်တည့် သွားပါဟ၊ ဖြန်း"

ထိန်ကုန်းက ထွက်လာတဲ့ လှည်းက တော်တော်နီးလာ ပြီဗျ။ ဟော ဟိုမှာ၊ ဟိုမှာ ညောင်မုတ်ဆိတ်ကြီးပေါ်ကနေ ဆင်းလာတာဗျို့။ ဖြူဖြူလေးဗျ။ ကျုပ်စိတ်ထင် ကြောင် တစ်ကောင်လို့ထင်တာ။ လရောင်အောက်မှာ သေသေချာချာ ကြည့်တော့မှ ကြောင်မဟုတ်ဘူးဗျ။ ညောင်မုတ်ဆိတ်ပင်အောက် မှာ မတ်တတ်ရပ်နေတာဗျ။ နားရွက်ကလေးနှစ်ဖက်က ကြောင်





နားရွက်ကလေးတွေလို ချွန်ချွန်လေးတွေဗျ။ မျက်လုံးက နီနီရဲရဲ ဖြူးဖြူးလေးတွေဗျို့။ ပါးဖောင်းဖောင်းနဲ့ လူပုံစံဗျ။ လက်တိုတို လေးနှစ်ဖက်လည်း ပါတယ်။ လူလက်ပါပဲ။ ဒါပေမဲ့ အောက်ပိုင်း က လူခြေထောက်လို ခြေထောက်နှစ်ချောင်း မဟုတ်ဘူးဗျ။ အမြီးလိုလို တစ်ခုတည်း၊ အဲဒီအမြီးလိုလို ခြေထောက်လိုလိုဟာကို မြေကြီးမှာ ထောက်ပြီး လူရပ်သလို ရပ်နေတာပဲဗျ။ ကျုပ်စိတ် ထင်တော့ မတ်တတ်ရပ်နေတဲ့အရပ်က နှစ်ပေလောက်ပဲ မြင့်မယ် ထင်တယ်၊ ဖြူဖြူလေးပဲဗျ။

ကျုပ်လည်း မှင်စာကို ခုမှ သေသေချာချာ တွေ့ဖူးတာ ဗျ။ အရင်တုန်းက တွေ့ဖူးပေမယ့် ကျုပ်စိတ်ထဲမှာ ကြောင်လို့ပဲ ထင်တာ။ ကြောင်ပုံစံ ဖန်ဆင်းထားတာလားတော့ မသိဘူးပေါ့ ဗျာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီ"

မှင်စာက ရယ်နေတယ်ဗျ။ ဟော သွားပြီ၊ သွားပြီ၊ လှည်းလမ်းအလယ်အထိသွားပြီး သူ့လက်ထဲက ကိုင်ထားတာ လေးကို မြေကြီးပေါ်မှာ ချလိုက်ပြီဗျ။ ကျုပ် သေသေချာချာ ကြည့်တယ်။ ကြက်တောင် အဖြူလေးဗျ။ (ကြက်တောင်ဆိုတာ ကြက်တစ်ကောင်ရဲ့ တောင်ပံက အမွေးတစ်ချောင်းကို ပြောတာ

ဗျ) ဒီကောင် ရွေ့သွားတာကို ကျုပ် သေသေချာချာကြည့်တော့ လမ်းလျှောက်တာ မဟုတ်ဘူးဗျ။ လေထဲမှာ ရွေ့သွားတာ ဒီကောင် ရွေ့တာ တော်တော်မြန်တယ်ဗျ။ လှစ်ကနဲ လှစ်ကနဲ ဖြစ်နေတာ။

ဒီကောင် ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှာဝင်ပြီး ရပ်နေတယ်ဗျ။ သူချထားတဲ့ ကြက်တောင်အဖြူလေးနဲ့ သူရပ်နေတဲ့ ညောင်မုတ်ဆိတ်ပင်ကြီးနဲ့ဆိုရင် ဆယ်ပေလောက် ဝေးမယ်ဗျ။

အောင်မာ မှင်စာက လက်ကလေးတောင် ဝိုက်ထားလိုက်သေးတယ်ဗျို့။

"ဟဲ့နွား၊ အို ဘာဖြစ်တာတုံး ညိုကြီး၊ ဘာလို့ ဆေးကို ကပ်ရှုန်းနေတာတုံး ဖြန်း"

လာပြီဗျို့။ နွားလှည်းလာပြီ။ ကျုပ် သေသေချာချာ ကြည့်နေတယ်။ နွားလှည်းကြက်တောင်အဖြူလေး အပေါ်တည့်တည့် ရောက်သွားတဲ့အချိန်မှာ နွားတွေ လန့်ကုန်တော့တာဗျို့။

"ရှူး၊ ရှူး၊ ရှူး၊ ဂရူး၊ ဂရူး၊ ရှူး"

ဟာ နွားတွေ ထခုန်တာဗျို့။ လှည်းတပ်ထားတော့ ဘယ်ခုန်နိုင်မလဲဗျာ။ လှည်းအိမ်က နောက်စိုက်ကျသွားပြီး လှည်းပေါ်မှာ တင်ထားတဲ့ ကြက်သွန်အိတ်တွေ အောက်ကို ပြုတ်ကျတော့





ဘာပေါ့ဗျာ။

"ဟဲ့ ဟဲ့၊ ဘာဖြစ်တာတုံး ညိုကြီး၊ ဟဲ့နွားတွေ ဘာဖြစ်ဘာတုံး၊ ဖြန်း၊ ဖြန်း၊ ဖြန်း"

လှည်းမောင်းတဲ့လူက ကြောက်ကြောက်လန့်လန့်နဲ့ နွားတွေကို ဆက်တိုက်ရိုက်တော့တာဗျို့။ ဒီတော့မှ နွားတွေလည်း လန့်ပြီးပြေးကြရောဗျို့။ ကြက်တောင်လေး အပေါ်က ကျော်သွားတော့မှ အကြောက်ပြေသွားတာဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟီး၊ ဟီး၊ ဟား၊ ဟား"

ရယ်ပြီဗျို့။ မှင်စာ အော်ရယ်နေပြီ။ လှည်းသမားက ကျသွားတဲ့ ကြက်သွန်အိတ်တွေကို ကောက်ဖို့ နောက်ကို လျှောက်လာတယ်။ မှင်စာရဲ့ ကြက်တောင်ကို ခွကျော်မိတာပေါ့ဗျာ။

"ဘုန်း"

ဟာ လဲပြီဗျို့။ ရှေ့ကို ခလုတ်တိုက်ပြီး ဝမ်းလျားမှောက်ကြီး လဲတာဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟီး၊ ဟီး၊ ဟီး"

မှင်စာဆိုတာ ရယ်လိုက်တာမှ ခွက်ထိုးခွက်လန်ပဲဗျို့။ လှည်းသမားလည်း ကျသွားတဲ့ ကြက်သွန်အိတ်နှစ်အိတ်ကို ကောက်ထမ်းပြီး လှည်းပေါ်ပြန်တင်ပြီး တစ်ချိုးတည်း မောင်းပြေး

တော့တာဗျို့။

ဒီတော့မှ မှင်စာက လက်ကလေးတစ်ဖက်ဆန့်ပြီး သူ ကြက်တောင်ကို ခေါ်ယူလိုက်တာ ကြက်တောင်ဖြူလေးက လေထဲမှာပျံပြီး မှင်စာဆီကို သွားတာဗျ။ မှင်စာက သူ့ကြက်တောင်လေးကို လှမ်းယူလိုက်ပြီး မြောက်ဘက်ကို ရိပ်ကနဲ ပြေးထွက်သွားတယ်ဗျို့။

ကျုပ်က ကျုပ်မြင်တာတွေကို သိန်းဇော်ကို ပြောပြလိုက်တယ်။ သိန်းဇော်က နွားတွေလန့်ပြီး ထခုန်တာကိုတော့ ကောင်းကောင်းမြင်တာပေါ့ဗျာ။ မှင်စာလုပ်နေတာတွေကိုတော့ သူမမြင်ဘူးဗျ။

“သိန်းဇော် မင်း မှင်စာရယ်တဲ့အသံ ကြားရလား”

“အေး ကြားတယ်ကွ၊ ခွေးမသားမှင်စာ၊ သူများ ဒုက္ခရောက်တာကို ကြည့်ပြီး ရယ်လိုက်တာမှ ခွက်ထိုးခွက်လန်ပဲကွ။ လက်စသတ်တော့ ဒီကောင် ကြက်တောင်တစ်ချောင်းနဲ့ ဒုက္ခပေးနေတာကိုး။ ဒီကောင်ရဲ့ ကြက်တောင်ကလည်း တော်တော်ကို စွမ်းတာပဲ တာတေရ”

“အေး ဟုတ်တယ်၊ ဒီကောင့်ကို နောက်တစ်ပတ်ဈေးနေ့မှာ ငါ နှင်ထုတ်ပစ်မယ် သိန်းဇော်၊ ဒီကောင် လူတွေကို





တော်တော်ဒုက္ခပေးတဲ့ကောင်ကွ”

ကျုပ်နဲ့ သိန်းဇော် ပြန်လာခဲ့ကြတယ်။ ဘန့်ဘွေးကုန်းမှာ ကျုပ် မထိုင်တော့ဘဲ ရွာကို တန်းပြန်လာခဲ့တယ်။

အဘနဲ့ အမေက ကျုပ်ကို အကျိုးအကြောင်း မေးလို့ ကျုပ်က ကျုပ်တွေ့ခဲ့တဲ့ မှင်စာအကြောင်းကို ပြောပြလိုက်ရောဗျ။ အဘနဲ့ အမေလည်း မှင်စာကို တော်တော်ကို အံ့သြသွားကြတာဗျို့။

ကျုပ်ကတော့ နောက်တစ်ပတ် ဈေးနေ့မတိုင်ခင် မဖဲဝါကို ပြောပြရတော့မှာပေါ့ဗျာ။ ဈေးနေ့မတိုင်ခင် ညရောက်တော့ ကျုပ်က ကြက်တစ်ကောင်ချက်ပြီး ထနောင်းကုန်းသင်္ချိုင်းထဲမှာ မဖဲဝါကို ထမင်းကျွေးတယ်ဗျ။ ကျုပ်နဲ့ အတူတူ ကျောက်ခဲနဲ့ သံမဏိပါ လိုက်ကြတာပေါ့ဗျာ။

မဖဲဝါ ကြွလာတော့ ကျုပ်က လူတွေကို ဒုက္ခပေးနေတဲ့ ထိန်ကုန်းက မှင်စာအကြောင်းကို ပြောပြတယ်။

“တာတေ၊ အဲဒါ မှင်စာဆိုးပေဟဲ့၊ ဒီအကောင်က ဒီအတိုင်းပဲ၊ သူများ ဒုက္ခရောက်ရင် သိပ်ပျော်တဲ့အကောင်၊ အဲဒီညောင်မုတ်ဆိတ်ပင်မှာ ဒီကောင်နေတာမဟုတ်ဘူး၊ တခြားမှာနေတာ၊ အခုလို နယ်လှည့်ပြီး လူတွေကို ဒုက္ခပေးနေတာ”

"ဒီကောင်ဆီက ကြက်တောင်အဖြူလေးကို မဖဲဝါ သိမ်းလိုက်ပါလားဗျာ"

"အဲဒါတော့ မဖြစ်ဘူး တာတေ၊ ဒီကောင်က အဲဒီလို အော်ပြီး ရယ်ရမှ အသက်ရှင်နေလို့ရတာ၊ ကြက်တောင်သိမ်းလိုက်လို့ရှိရင် ဒီကောင် သုံးရက်ထက် ပိုမခံဘူး၊ ဒီလိုလုပ်၊ နင် အဲဒီနေရာကနေ ငါ့ကို လှမ်းခေါ်လိုက်၊ ငါလာခဲ့မယ်၊ ဒီကောင် မပြေးနိုင်အောင် နင်ဖမ်းထားလိုက်၊ ပြီးတော့ သူ့ကြက်တောင်ကို နင်ရအောင် ယူထား၊ ငါ သူ့ကို ဒီနယ်ကနေ နှင်ထုတ်ပေးမယ်"

ကျုပ် ညတွင်းချင်း ဘန့်ဘွေးကုန်းကို သွားတယ်။ ကျောက်ခဲနဲ့ သံမဏိကိုတော့ အိမ်ပြန်ခိုင်းလိုက်ရတာပေါ့ဗျာ။ အရင်တစ်ခါလိုပဲ ဘန့်ဘွေးကုန်းက သိန်းဇော်တို့အိမ်မှာ ညအိပ်ပြီး မနက်သုံးနာရီလောက် ကျုပ်နဲ့ သိန်းဇော် ထိန်ကုန်းကို ထပြီးလျှောက်ကြရပြန်ရောဗျို့။ ထိန်ကုန်းမရောက်ခင် လှည်းလမ်းဆုံတဲ့နေရာကိုရောက်တော့ လေးနာရီမထိုးသေးဘူးဗျ။

"ဟဲ့နွား၊ တယ် ဒီနွားဟာလေ၊ ဟဲ့ တည့်တည့်ဆွဲပါဆို၊ ဘယ်ကိုကပ်ဆွဲနေတာတုံး၊ ဟာ ဒီကောင် မဲကြီး၊ ဟကောင်၊ တည့်တည့်ဆွဲပါဟ၊ ဟာ...ဖြန်း"

နွားငေါက်တဲ့အသံတွေ ကြားနေရပြီဗျို့။ ကျုပ်က ကပျာကယာသွားပြီး ဟိုတစ်ပတ်က မှင်စာရပ်နေတဲ့နေရာနဲ့ မလှမ်းမကမ်းမှာ တစ္ဆေထောင်ခြောက်အင်းကို မန္တန်နဲ့ နှိုးပြီး မြှုပ်ထားလိုက်တယ်။ ပြီးတော့ အင်းကို ဗဟိုပြုပြီး စည်းဝိုင်းတစ်ခု ဆွဲလိုက်တယ်။ အားလုံး ပြင်ဆင်ပြီးတော့ ကျုပ်နဲ့ သိန်းဇော် ဟိုတစ်ပတ်ကပုန်းတဲ့ မြရာချုံကြီးနောက်မှာ ဝင်ပုန်းနေလိုက်ကြတယ်။

"ဟဲ့ မဲကြီး၊ ဒီနွားတော့၊ ဟာ ဘာဖြစ်တာတုံး၊ တောက် တည့်တည့်ဆွဲ"

ထိန်ကုန်းကလှည်းမဟုတ်ဘူးဗျ။ ငွေတွင်းကုန်းတို့ မီးလောင်ကုန်းတို့ဘက်က လာတဲ့လှည်းဗျ။ တဖြည်းဖြည်းနီးလာပြီ။ ဟော ဆင်းလာပြီဗျို့။ မှင်စာဆိုးပေ ဆင်းလာပြီ။ ညောင်မုတ်ဆိတ်ပင်ကြီးကနေ ကြောင်ဆင်းသလို ဆင်းလာတာဗျ။ ဟော သွားပြီဗျို့။ လှည်းလမ်းမှာ ကြက်တောင်အဖြူလေး သွားပြီးချထားလိုက်ပြီ။ တော်တော်ဆိုးတဲ့ မှင်စာပါဗျာ။ လူတွေ ဒုက္ခရောက်တာကို ကြည့်ပြီး ရယ်ရတယ်လို့။ ဟော သူကတော့ အခန့်သားဗျ။ ညောင်မုတ်ဆိတ်ပင်ကြီးအောက်ကို ပြန်ပြီးရပ်နေတယ်။ သူ့လက်တိုတိုလေးကိုလည်း ပိုက်ထားလိုက်သေးတယ်ဗျ။ ဟာ ဟိုတစ်ပတ်ကကြည့်တော့ အရပ်က နှစ်ပေလောက် ရှိတာဗျ။ ဒီတစ်ခါတော့

တစ်ပေလောက်ပဲ ရှိတယ်။ ကြည့်ရတာ သူ့အရွယ်ကို သူလိုသလို ဖန်ဆင်းလို့ ရတယ်ထင်တယ်ဗျ။

“သိန်းဇော်၊ ဒီဆေးလွယ်အိတ်ကို မင်းလွယ်ထားစမ်း သူငယ်ချင်း”

ကျုပ်က ဆေးလွယ်အိတ်ကို သိန်းဇော်လက်ထဲ ထည့်လိုက်ပြီးတော့ လှည်းလမ်းပေါ်ကို တစ်ရှိန်ထိုးပြေးထွက်လိုက်ပြီဗျို့။ မှင်စာဆိုးပေ ချထားတဲ့ ကြက်တောင်အဖြူလေးရှိတဲ့ဆီကို တန်းပြေးပြီး ကြက်တောင်လေးကို ကျုပ်ကောက်ယူလိုက်တယ်ဗျ။

ကြက်တောင်ကို ကောက်ပြီးတာနဲ့ ကျုပ်က လှည်းလမ်းဘေးမှာတွေ့တဲ့ ဝါးလုံးပိုင်းကို ကောက်လိုက်ပြီး စောစောက ကျုပ် အင်းမြှုပ်ထားတဲ့ဘက်ကို တန်းပြေးသွားတာဗျ။

ရုတ်တရက်ဆိုတော့ မှင်စာဆိုးပေ ဘာလုပ်ရမှန်း မသိဘဲ ကြောင်ပြီး ကျုပ်ကို ကြည့်နေတာဗျ။ ကျုပ်က မျက်ကွင်းဆေးကို မျက်လုံးမှာလည်းကွင်း၊ နားတွေလည်း လိမ်းထားတာဗျ။ ပြီးတော့ ဒိဗ္ဗသောတမန္တန်ကိုလည်း ရွတ်ထားတာဆိုတော့ မှင်စာဆိုးပေကို မြင်ရုံတင်မဟုတ်ဘူး။ သူ့ပြောသမျှကိုလည်း ကြားနေရတာဗျ။

“ဟေ့ကောင် မင်း၊ ဘာလုပ်တာတုံး၊ ငါ့ကြက်တောင်ကို အခုချက်ချင်း ပြန်ပေးစမ်း”





မှင်စာက သူ့ရဲ့ လက်တိုတို ဖောင်းဖောင်းလေးနဲ့ ကျုပ်ကို လက်ညှိုးထိုးပြီး ပြောတယ်ဗျ။ ကျုပ်ကလည်း လက်ထဲမှာကိုင်ထားတဲ့ ဝါးရင်းတုတ်ကို မြှောက်ပြပြီး-

“ဟေ့ကောင် ဆိုးပေ၊ လူတွေကို ဒုက္ခပေးပြီး ပျော်တဲ့ကောင်၊ မင်းကြက်တောင်ကို ပြန်မပေးဘူး၊ သတ္တိရှိရင် မင်းလာယူ၊ ဟောဒီမှာ”

ကျုပ်က သူ့ကြက်တောင်ကို မြှောက်ပြပြီး ပြောလိုက်တာဗျ။

“တောက်”

ဆိုးပေ တောက်ခေါက်တာဗျို့။ မှင်စာ ကျုပ်ကို တော်တော်ဒေါသဖြစ်နေပုံဗျ။

“ဟေ့ကောင် မင်းက ငါ့နာမည်ကိုတောင် သိနေပါလား၊ မင်း ဘယ်သူတုံး”

မှင်စာက ကျုပ်ကို မေးတာဗျ။

“ငါ့နာမည် တာတေတဲ့၊ မင်းမှတ်ထားပေတော့ မှင်စာ”

“မင်းမှင်စာတွေအကြောင်း ဘယ်လောက်သိထားလို့ ငါ့ကို စိန်ခေါ်နေတာတုံး တာတေ”

“မင်းတို့ မှင်စာတွေဟာ တကယ်တော့ ကြောင်တွေပါ

ကွာ၊ ငါက ကြောင် မကြောက်ဘူးကွ ဆိုးပေရ"

"အေး၊ အဲဒီကြောင်က မင်းကို ခုနစ်ပတ် ပတ်ရင် မင်းအသက်သေပြီဆိုတာ မင်းသိလား၊ ငါ မင်းကို မသတ်မီခင် ငါ့ကြက်တောင်ကို ပြန်ပေး တာတေ"

"ဒီမှာ ဆိုးပေ၊ မင်း ဘယ်လောက်ဆိုးနိုင်မလဲ ကြည့်ရသေးတာပေါ့ကွာ၊ ဒီကြက်တောင်ကို မင်းပြန်မရရင် မင်းအသက်ဟာ သုံးရက်ပဲ ခံမယ်ဆိုတာရော မင်းမပြောတော့ဘူးလား"

"ဘာကွ၊ မင်း ဒါတွေကို ဘယ်လိုသိနေတာတုံး"

"ငါ့ဖာသာငါ ဘယ်လိုပဲသိသိ မင်းနဲ့ မဆိုင်ဘူး၊ လူတွေကို ဒုက္ခအမြဲပေးတဲ့ မင်းလို မှင်စာအတွက် အသက်က သုံးရက်ပဲ ကျန်တော့တယ်ဆိုတာကိုသာ မင်းသိထားပေတော့ ဆိုးပေရေ"

"တယ် ဒီကောင်၊ ကဲ ကွာ"

ဟာ မှင်စာက ချက်ချင်းကြောင်တစ်ကောင် ဖြစ်သွားပြီဗျို့။ ကြောင်မဲလေးဗျ။ မျက်လုံးလေးတွေပြူးလို့။ ကြောင်က ကျုပ်က ဒေါသ မျက်လုံးတွေနဲ့ စိုက်ကြည့်နေတာဗျ။

"ညောင်း"

ကြောင်တစ်ကောင် မာန်ဖီတဲ့အသံနဲ့ ကျုပ်ဆီကို တည့်တည့်ကြီး ပြေးလာတာဗျို့။ ကျုပ်ကလည်း လက်ထဲက ဝါးရင်း





တုတ်နဲ့ ဆီးပြီးရိုက်ချလိုက်တာဗျ။

"ဘုတ်"

ဆိုးပေကို မထိဘူးဗျို့။ မြေကြီးကို ဘုတ်ကနဲ ရိုက်မိတာဗျာ။ လျှင်လိုက်တဲ့ မှင်စာ၊ တည့်တည့်ပြေးလာရာကနေပြီး ဘေးကို ခုန်ရှောင်လိုက်တယ်ဗျ။ ကျုပ်က ဆိုးပေ ခုန်ရှောင်တဲ့ ဘက်ကို ပြေးပြီးရိုက်တယ်။

"ဘုတ်"

မထိဘူးဗျ။ မြေကြီးကိုပဲ ရိုက်မိတာ။ ဆိုးပေက ကျုပ်ဆီ ပြေးလာပြန်ပြီဗျို့။ ကျုပ်လည်း ဝါးရင်းတုတ်နဲ့ ပြေးရိုက်လိုက်တယ်။ ရှောင်ပြန်ပြီဗျို့။

"ဘုတ်"

မြေကြီးပဲ ထိတာဗျ။ ဆိုးပေက ပြေးလာလိုက် ကျုပ်က ရိုက်လိုက်နဲ့ ကျုပ်မောလာပြီဗျို့။ ဒီတော့မှ ကျုပ်တွေးမိတာဗျ။ ဒီကောင် ကျုပ်မောပြီး ခြေကုန်လက်ပမ်းကျအောင် လုပ်နေတာ ဖြစ်မယ်လို့။ ကျုပ်လည်ပင်းမှာ ကတ္တီပါအိတ်ရှုံ့လေးနဲ့ထည့်ပြီး ဆွဲထားတဲ့ သစ်စုန်းဆေးတော် ရှိတယ်ဗျ။ ဒီကောင် ကျုပ်ကို ခုန်ကိုက်လို့ မရလောက်ဘူး။ ဒီတစ်ခါတော့ ကျုပ်က လက်ထဲက ဝါးရင်းတုတ်ကို မြေကြီးမှာထောက်ပြီး ရပ်နေလိုက်တယ်။ ကျုပ်

အရှေ့ဘက်ကောင်းကင်

စိတ်ထင်တော့ မှင်စာ ကျုပ်ကို ကိုက်မိသွားရင် သတိတွေ ဘာတွေ မေ့သွားနိုင်တယ်ဗျ။ ဒီတော့မှ ဒီကောင် ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ ကြက်တောင်ကို ပြန်ယူမှာပေါ့ဗျာ။

ဒီကောင် ကျုပ်ကို သေသေချာချာ ကြည့်နေတယ်ဗျ။ ဟော လာပြီဗျို့။ ပြေးလာပြီ။ ကျုပ်ကို ခုန်အုပ်တာဗျို့။

"ဖုန်း"

ဒါပေမဲ့ ကျုပ်နဲ့ တစ်တောင်လောက် မရောက်ခင်မှာပဲ ဒီကောင် နောက်ကို လွင့်ထွက်သွားပြီး မြေကြီးပေါ်ကို ကျတာဗျ။ ကြောင်ကျ မကျဘဲ ခွေးကျ ကျတာဗျို့။ ဖုန်းကနဲ နေတာဗျ။

ဆိုးပေ ဒေါသပိုဖြစ်လာပြီး ကျုပ်ဆီကို ပြေးပြီးခုန်အုပ်ပြန်ရောဗျို့။

"ဖုန်း"

စောစောကအတိုင်းပဲဗျာ။ တစ်ယောက်ယောက်က တွန်းပစ်လိုက်သလိုကို လွင့်ထွက်သွားပြီး မြေကြီးပေါ်ကို ခြေပစ်လက်ပစ် ပြုတ်ကျပြန်ရောဗျို့။ ဆိုးပေ ငြိမ်သွားပြီဗျ။ ကျုပ်ကို ခုန်မအုပ်တော့ဘဲ စိုက်ကြည့်နေတယ်။

"ညောင်…ဝေါး၊ ဂီး"

မှင်စာကောင်က ကြောင်လို မာန်ဖီပြီး ကျုပ်ကို စိုက်





ကြည့်နေတယ်ဗျ။

ဟော နောက်ဂျွမ်းပစ်တယ်ဗျို့။ အောင်မာ၊ ကြောင်က သူ့ကိုယ်သူ ကျားများထင်နေသလား မသိပါဘူးဗျာ။ ဟော နောက်ကို ပြေးသွားပြီဗျို့။ ဟော မှင်စာ ပြေးပြီဗျ။ ဟာ ပြေးတာ ဟုတ်ဘူးဗျ။ ကျုပ်ကို ပတ်နေတာ၊ ပတ်နေတာ။ လက်စသတ်တော့ ကျုပ်ကို အသေသတ်ဖို့ လုပ်နေတာဗျို့။ ဒီကောင် ကျုပ်ကို သတ်ဖို့ ဆုံးဖြတ်လိုက်ပြီထင်တယ်။

သူ ကျုပ်ကို ခုနစ်ပတ် ပတ်မိရင် ကျုပ် သေမှာလေဗျာ။ ကျုပ်က ကျုပ် အင်းမြှုပ်ထားတဲ့ စည်းဝိုင်းနားကို မသိမသာ ရွှေ့ပေးလိုက်တယ်ဗျ။

ပတ်ပြီဗျို့။ မှင်စာဆိုးပေ ကျုပ်ကို ပတ်နေပြီဗျို့။ ဘစ်ပတ် ပထမဆုံးပတ်တဲ့ အဝိုင်းက ကြီးတယ်ဗျ။ နှစ်ပတ်။ ဟော အဝိုင်းနည်းနည်းသေးလာတယ်။ ကျုပ်က ဘုရားကို အာရုံပြုတယ်။ ကျုပ်ရဲ့ ဆရာကြီးတွေကို အာရုံပြုတယ်။ သုံးပတ်။ ကျုပ်က ဗုဒ္ဓရဲ့ အောင်ခြင်းရှစ်ပါးဂါထာကို ရွတ်တယ်။ လေးပတ်။ အဝိုင်းက တဖြည်းဖြည်း ကျဉ်းလာပြီ။ ဒီတစ်ပတ်ဆိုရင်တော့ ဒီကောင် ကျုပ် အင်းမြှုပ်ထားတဲ့ တန္တေယောင်ခြောက်စည်းဝိုင်းထဲကို ဝင်လောက်ပြီဗျ။ ဟော ဝင်ပြီဗျို့။ ဝင်ပြီ။ မှင်စာဆိုးပေ

ကျုပ်ရဲ့ တစ္ဆေထောင်ခြောက်စည်းဝိုင်းထဲကို ဝင်သွားပြီဗျို့။ ဒီကောင် ရှေ့ဆက်ပြေးလို့ မရတော့ဘူးဗျ။

မှင်စာက စည်းဝိုင်းကို ဖောက်ထွက်ဖို့ ကြိုးစားကြည့်တယ်ဗျ။ ဒါပေမဲ့ မဖောက်နိုင်ဘူး။ ဒီကောင် စည်းဝိုင်းထဲမှာပဲ ပတ်လျှောက်နေတယ်။ ဟော ကြောင်ပုံစံပျောက်ပြီး မှင်စာပုံစံ ပြန်ဖြစ်လာပြီဗျို့။

ကျုပ်က ကျုပ်လုပ်ရမှာကို သတိရသွားတယ်ဗျ။

"သင်္ချိုင်းရှင်မ မဖဲဝါဗျာ၊ ကျုပ်ရဲ့ တစ္ဆေထောင်ခြောက်ထဲမှာ မှင်စာဆိုးပေ မိနေပါပြီ၊ မဖဲဝါ မှာတဲ့အတိုင်း သူ့ရဲ့ ကြက်တောင်ကိုလည်း ကျုပ်သိမ်းထားလိုက်ပါပြီ၊ သင်္ချိုင်းရှင်မကြီး ကြွခဲ့ပါခင်ဗျာ၊ ကျုပ်တာတေက မဖဲဝါကို ပင့်ဖိတ်ပါတယ်"

ကျုပ် မဖဲဝါကို ပင့်လိုက်တယ်ဗျ။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော နက်ကျော်ကြီး အသံကြားရပြီဗျ။ မဖဲဝါ လာနေပြီဗျို့။

"ဝူး၊ ဝူး၊ ဝူး..အီး၊ အီး၊ အီး"

ဟော..နက်ကျော်ကြီး အသံကြားရပြီဗျ။ မဖဲဝါ လာနေပြီဗျို့။





"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

နက်ကျော်ကြီး အသံက နီးနီးလာပြီ။ ဟော သစ်ပင်ကြီးတွေအောက်က ဖြူဖြူအရိပ်ကြီး ရွေ့လာပြီဗျို့။ ခဏနေတော့ မဖဲဝါ ရောက်လာတယ်။ ညဦးက ထနောင်းကုန်း သင်္ချိုင်းထဲမှာ တွေ့ခဲ့တဲ့ ပုံစံအတိုင်းပဲဗျ။ အပေါ်အနက် အောက်အနက် ဝတ်ထားတာ။

"ဟဲ့ကောင် ဆိုးပေ၊ နင် တော်တော်ဆိုးတာပဲ၊ လူတွေကို နင် ဒုက္ခလိုက်ပေးနေပါလား၊ ငါ ဘိုးဘိုးတွေကို လျှောက်လိုက်ရမလား၊ ဆိုးပေက လက်ကလေးကာပြီး ခေါင်းခါပြတယ်ဗျ။ ဘိုးဘိုးတွေကိုတော့ ဒီကောင် တော်တော်ကြောက်တဲ့ပုံဗျို့။

"တာတေ၊ သူ့ကြက်တောင် ငါ့ဆီကို ပစ်ပေးလိုက်"

ကျုပ်က ဆိုးပေရဲ့ ကြက်တောင်ဖြူဖြူလေးကို မဖဲဝါဆီ လှမ်းပစ်ပေးလိုက်တယ်။ ကြက်တောင်လေးက လေထဲမှာ ပျံသွားပြီး မဖဲဝါရဲ့ လက်ဝါးထဲကို ရောက်သွားတယ်။

"ဒီကြက်တောင်ကို ငါဖျက်ဆီးပစ်လိုက်ရမလား ဆိုးပေ"

မဖဲဝါက အသံမာမာနဲ့ မေးတာဗျ။ ဆိုးပေက သူ့ရဲ့ လက်တိုတိုလေးတွေနဲ့ ကာပြတယ်။ ခေါင်းကလည်း ခါပြတယ်။

"ဒါဆိုရင် နင် ဒီနယ်ကို နောက် ဘယ်တော့မှ မလာပါဘူးလို့ ကတိပေးမလား"

ဆိုးပေက ခေါင်းညိတ်ပြရင်းနဲ့ ကတိပေးပါတယ်လို့ ပြောလိုက်တယ်ဗျ။

"တာတေ၊ နင့်စည်းဝိုင်းကို ဖျက်ပေးလိုက်ပါ"

ကျုပ်က စည်းဝိုင်းအလယ်မှာ မြှုပ်ထားတဲ့ အင်းချပ်ကို ဖော်ပြီး ယူလိုက်တယ်။ ဒါဆိုရင် စည်းပျက်သွားပြီပေါ့ဗျာ။ မှင်စာဆိုးပေ စည်းပြင်ကိုထွက်လို့ ရသွားပြီဗျ။

"နင့်ကတိကို မတည်ရင် ငါကိုယ်တိုင် နင့်ကို ဖမ်းပြီး ဘိုးဘိုးတွေလက်ကို အပ်မယ်၊ ရော့ နင့်ကြက်တောင် ပြီးရင် သွားတော့၊ ဒီနယ်ကို နင် ဘယ်တော့မှ မလာနဲ့"

မဖဲဝါက မှင်စာဆိုးပေရဲ့ ကြက်တောင်လေးကို ပစ်ပေးလိုက်တယ်။ ကြက်တောင်လေးက လေထဲကနေ ပျံပြီး ဆိုးပေဆီကို ရောက်သွားတယ်။ ဆိုးပေက သူ့လက်တိုတိုဖောင်းဖောင်းလေးတွေနဲ့ ကြက်တောင်ဖြူလေးကို ဖမ်းယူလိုက်တယ်။ မဖဲဝါလည်း ချက်ချင်းလှည့်ထွက်သွားတယ်။ နက်ကျော်ကြီးလည်း သူ့သခင်မနောက်ကို လိုက်သွားတော့တာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"





နက်ကျော်ကြီး အူသံက တဖြည်းဖြည်း ဝေးသွားရောဗျ။ မှင်စာဆိုးပေက လှည့်ထွက်သွားပေမယ့် ညောင်မုတ်ဆိတ်ပင်ကြီးနားရောက်တော့ ရပ်နေပြီး နောက်ကို လှည့်ကြည့်တယ်ဗျ။ ဒီကောင် ကျုပ်ကို လုံးဝမကျေနပ်တဲ့ပုံပဲဗျို့။ ကျုပ်က ပြေးထွက်သွားပြီး လက်ထဲက အင်းနဲ့ ပေါက်မယ့်ပုံစံ လုပ်လိုက်တော့မှ မှင်စာ လှစ်ကနဲ ပြေးတော့တာဗျို့။

ဈေးလှည်းတွေကတော့ အနှောင့်အယှက် မရှိဘဲ လှည်းလမ်းအတိုင်း မောင်းကြတော့တာပေါ့ဗျာ။ တချို့က သီချင်းတွေတောင် အော်ဆိုသွားကြသေးသဗျ။

"ဟဲ့ နွား၊ ဩော်...ဒီနွားကုပ်ဟာ ပေကပ်ကပ်နဲ့၊ ဟဲ့ နွား တည့်တည့်ဆွဲပါဟ၊ ဒီနွား"

ဈေးလှည်းတွေ တစ်စီးပြီး တစ်စီး သွားကြလို့ဗျ။ အန္တရာယ်ကင်းသွားပြီလေဗျာ။ မှင်စာဆိုးပေလည်း ဒီနယ်ကို ဘယ်တော့မှ လာဝံ့မှာ မဟုတ်တော့ပါဘူး။

ကျုပ်နဲ့ သိန်းဇော် ဘန့်ဘွေးကုန်းကို ပြန်ရောက်တော့ အာရုံတောင် တက်ပြီ။ ကျုပ် အိမ်ပြန်ရောက်တော့ အဘနဲ့ အမေတောင် နိုးနေကြပြီဗျို့။ ကျုပ်ကို မျှော်နေကြတာလေဗျာ။

**တာတေ**